# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက် | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၁၂၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ရန်ကုန်- စစ်တွေ လမ်းပေါ်ရှိ ရာမောင်တံတားဖွင့်ပွဲ ကျင်းပ

## ရာမောင်တံတားသစ်ကို အသုံးပြု၍ ရန်ကုန်-စစ်တွေလမ်းမှ တစ်ဆင့် မင်းပြား၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်းမှ စစ်တွေမြို့သို့ လည်းကောင်း၊ ထိုမှတစ်ဆင့် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့များသို့လည်းကောင်း အလွယ်တကူသွားလာနိုင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ရခိုင်ပြည်နယ် မင်းပြားမြို့နယ်အတွင်း ရန်ကုန်-စစ်တွေသွားကားလမ်းပေါ်တွင် အသစ်တည်ဆောက်ပြီးသည့် ရာမောင်တံတားဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊


*စာမျက်နှာ ၃ ကော်လံ ၁* ❁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါ်အေးနုစိန်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းတို့က ရာမောင်တံတား ကမ္ပည်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

## ယနေ့ ဖတ်စရာ

**စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ကြပါစို့**


ဆောင်းပါး စာ - ၈








**ဇန်နဝါရီလအတွင်း အမေရိကန်၌ အလုပ်အကိုင်ပေါင်း ၄၆၇၀၀၀ တိုးလာ**


နိုင်ငံတကာသတင်း စာ - ၁၃


**ဖေဖော်ဝါရီ ၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၄၆ ဦး တွေ့ရှိ**


စာ - ၁၅


**တွဲလက်ခိုင်မာ ပြည်သာယာ**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး


စာ - ၂၀

မြန်မာ့အလင်း

# ဒီမိုကရေစီမှ ပြည်သူတို့၏အခန်းကဏ္ဍ

၂၀ ရာစု၏ နောက်ဆုံးဆယ်စုနှစ်များအတွင်း ဘာလင်တံတိုင်း ပြိုလဲသွားခြင်း၊ ဆိုဗီယက်ပြည်ထောင်စုကြီး အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားခြင်းနှင့်အတူ အယူဝါဒချင်း ခြားနားကြသည့် အရှေ့နှင့်အနောက်အုပ်စုကြီးနှစ်ခုကြားမှ စစ်အေးတိုက်ပွဲလည်း ပြီးဆုံးသွားသည်။ ထိုအချိန်မှစ၍ ယခင်လက်ဝဲနိုင်ငံများအတွင်း ဆိုရှယ်လစ်၊ ကွန်မြူနစ်ဝါဒများနှင့် ဗဟိုချုပ်ကိုင်သည့်စီးပွားရေးပုံစံ မအောင်မြင်မှုများ၊ တစ်ပါတီအစိုးရများ၏ အာဏာရှင်ဆန်မှုများကို အကြောင်းပြုကာ ဒီမိုကရေစီစနစ်ကို အစားထိုးလာကြသည်။ သို့ရာတွင် အာဏာရှင်အစိုးရများကို ဒီမိုကရက်တစ်အစိုးရများနှင့် အစားထိုးလဲလှယ်လိုက်နိုင်သည့်တိုင်အောင် နိုင်ငံအနေဖြင့် တည်ငြိမ်သည့် ဒီမိုကရက်တစ်နိုင်ငံများ အလွယ်တကူ ဖြစ်မလာကြသည်ကိုလည်း တွေ့မြင်ကြရသည်။

ကမ္ဘာ့နိုင်ငံရေးသုတေသီများ၏အဆိုအမိန့်အရ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ တည်ဆောက်နိုင်ရန်အတွက် ကနဦးအခင်းအကျင်းများ ထူထောင်ထားရန်လိုအပ်သလို ပြုပြင်ပြောင်းလဲမှုအတွက် အချိန်ကာလတစ်ရပ်လည်း လိုအပ်သည်ဟု ဆိုကြသည်။ ကမ္ဘာ့ထိပ်တန်း ဒီမိုကရေစီ ရှေ့ဦးနိုင်ငံကြီးများဖြစ်ကြသည့် အမေရိကန်နှင့် အနောက်ဥရောပနိုင်ငံများသည်ပင်လျှင် လက်ရှိအခြေအနေသို့မရောက်မီ နှစ်ပေါင်းရာနှင့်ချီ၍ အသက်၊ သွေး၊ ချွေးတို့နှင့်ရင်းကာ တည်ဆောက်ခဲ့ကြရခြင်းဖြစ်သည်။ သို့ရာတွင် ၎င်းနိုင်ငံများအနေဖြင့် ၎င်းတို့ကိုယ်တိုင် ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းကို မေ့လျော့ကာ အခြားနိုင်ငံများကို ဖိအားပေးသည့်နည်း၊ ကူညီထောက်ပံ့သည့်နည်းများဖြင့် အနောက်တိုင်းပုံစံ ဒီမိုကရေစီဇာတ်သွင်းလေ့ရှိကြသည်ကို တွေ့မြင်နိုင်သည်။ ကဒါဖီနှင့် ဆက်ဒမ်ဟူစိန်တို့ကဲ့သို့သော အာဏာရှင်ဟု ၎င်းတို့က ရှုမြင်ထားသည့် ခေါင်းဆောင်များကို စစ်ရေးနည်းလမ်းဖြင့် ဝင်ရောက်စွက်ဖက်ဖြုတ်ချခဲ့သော်လည်း လစ်ဗျားနှင့် အီရတ်တို့ ဒီမိုကရေစီနိုင်ငံဖြစ်မလာခဲ့။ အလားတူ အာဖဂန်နစ္စတန်တွင်လည်း နှစ်ပေါင်း ၂၀ ကြာ ဒေါ်လာ ၂ ဒသမ ၂၆ ထရီလီယံ ကုန်ကျခံ၍ အမေရိကန်စစ်သည် ၂၄၀၀ ကျော်၊ ပုဂ္ဂလိကလက်နက်ကိုင်အေဂျင်စီများမှ ကြေးစား ၃၆၀၀ ကျော်၊ နိုင်ငံစုံတပ်ဖွဲ့ဝင်ပေါင်း ၁၀၀၀ ကျော် အသက်စတေးကာ ထိန်းချုပ်ခဲ့သော်လည်း အာဖဂန်အရပ်သူ အရပ်သား ၄၇၀၀၀ ကျော်နှင့် အာဖဂန်စစ်သည် ၇၀၀၀၀ ခန့်တို့ သေဆုံးခြင်းနှင့် တာလီဘန်တို့ ပြန်လည်အာဏာရလာခြင်းတို့သာ အဖတ်တင်ခဲ့သည်။ အမေရိကန်တို့အလိုကျ အာဖဂန်နစ္စတန်သည် ဒီမိုကရေစီနိုင်ငံဖြစ်မလာဘဲ ရှေးရိုးစွဲဝါဒီတို့ လက်ထဲသို့သာ ပြန်လည်ရောက်ရှိသွားခဲ့သည်။

မိမိတို့နိုင်ငံ၏ ဒီမိုကရေစီသက်တမ်းသည် ၁၀ နှစ်သက်တမ်းသာရှိနေသေးသည့်အတွက် လွန်စွာနုနယ်သေးသည်။ မဲမသမာမှုများ ဖြစ်ပေါ်ခြင်း၊ ထိန်းသိမ်းပြုပြင်တည့်မတ်ခြင်းတို့မှာ ဒီမိုကရေစီနိုင်ငံ ထူထောင်သည့် ဒီမိုကရက်တိုက်ဖေးရှင်းလမ်းကြောင်းတွင် တစ်ချိန်မဟုတ်တစ်ချိန် ကြုံတွေ့နိုင်ဖွယ်ရှိသည်သာဖြစ်သည်။ ဒီမိုကရေစီ၏တရားကိုယ်သဘောကပင် အကောင်းဆုံးဟုဆိုသည့်တိုင် အပြစ်အနာအဆာတို့နှင့်လည်း မကင်းဟုဆိုထားရာ ပြုပြင်ခြင်း၊ မွမ်းမံခြင်းတို့ဖြင့် တည်ငြိမ်ခိုင်မာသည်အထိ မမိုတ်မသုန်၊ ယုံယုံကြည်ကြည်ဖြင့် ဖွဲ၊ လုံ့လကို အရင်းတည်ကာ တည်ဆောက်သွားကြရမည်ဟု ယုံကြည်သည်။

ဒီမိုကရေစီနိုင်ငံတည်ဆောက်ရာတွင် နိုင်ငံသားများ၏ စိတ်ဓာတ်မြင့်မားရန်၊ ဉာဏ်အမြော်အမြင်ပြည့်ဝရန်၊ နိုးကြားတက်ကြွရန်နှင့် အများအကျိုးဆောင်ရန် အရည်အချင်းများရှိကြရန် လိုအပ်သည်။ နိုင်ငံသားများထဲမှ ကိုယ်စားလှယ်များကို နိုင်ငံသားများက ရွေးချယ်တင်မြှောက်ကြခြင်းဖြင့် နိုင်ငံ၏အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးမဏ္ဍိုင်ကြီးများ ပေါ်ထွန်းလာရခြင်းဖြစ်သည်။ ပြည်သူများ၏ အပြုသဘောဆောင်သည့် ပူးပေါင်းပါဝင်မှုများဖြင့် နိုင်ငံတည်ဆောက်ရေးတွင် အဓိကကျသည့် အင်အားများကို စုစည်းကာ အခက်အခဲနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားကြရမည်သာ ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။

(၃) တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။

(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

## မိုင်းခတ်မြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် စာအုပ်ပြပွဲပြုလုပ်

**မိုင်းခတ် ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခတ်မြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် စာအုပ်စာစောင်ပြပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းနွယ်အောင်က ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံအကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင် ၂၃ ဦးတို့ သမိုင်းဝင်ပင်လုံစာချုပ်အား လက်မှတ်ရေးထိုးမှုကြောင့် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိလာပုံအကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် မြန်မာနိုင်ငံ၏ နေ့ထူးနေ့မြတ်ကို အမှတ်ရစေရန် ရည်ရွယ်ကြောင်း ပြောကြားကာ ကျောင်းသား ကျောင်းသူများအား ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲသို့ အခြေခံပညာအထက်တန်းကျောင်း မိုင်းခတ်မှ တတိယတန်း ကျောင်းသား ကျောင်းသူ ၂၅ ဦး ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲအပြီးတွင် ခင်းကျင်းပြသထားသော စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို သီပေါ၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

**သီပေါ ဖေဖော်ဝါရီ ၅**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးအောင်စည်ကြီးကြပ်၍ တာဝန်ခံအင်ဂျင်နီယာ ဒေါ်သီတာအေးနှင့် ဝန်ထမ်းများ ဆောင်ရွက်ခဲ့သည့် လမ်းသစ်ဖွင့်လှစ်ခြင်းကို ယနေ့နံနက်ပိုင်းက စမ်းမာလာဥယျာဉ်အပန်းဖြေစခန်း၌ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းများနှင့်အညီ ကျင်းပသည်။

အဆိုပါ စမ်းမာလာဥယျာဉ်အတွင်းရှိ ချစ်သူတို့လျှောက်သောလမ်းအရှည်ပေ ၃၀၀၊ အကျယ် ၁၂ ပေနှင့် ထု ခြောက်လက်မရှိသော ကွန်ကရစ်လမ်းကို မြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းကုန်ကျစရိတ် ငွေကျပ် ၈၃ သိန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။



ပြည်သူ့အပန်းဖြေ စမ်းမာလာဥယျာဉ်တွင် လူငယ်များ ပျော်ရွှင်စွာ ကစားနိုင်ရန် ကလေးကစားကွင်းများကို ခေတ်မီစွာ ဆောက်ရွက်ထားပြီး လူကြီးလူရွယ်များကျန်းမာရေး အထောက်အကူပြုဒုဋ္ဌဝတီမြစ်မှ ဖြတ်သန်းလာသော လေကောင်းလေသန့်များ ရှူရှိုက်ရင်းဖြင့် လမ်းလျှောက်နိုင်သည့် ချစ်သူတို့လျှောက်သောလမ်းဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၅-၂-၂၀၂၂) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 2 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 3 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 4 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 5 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 6 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 7 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 8 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 9 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 10 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 3233025 2139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်

# ပတ်ဝန်းကျင်ကောင်းများ ဖန်တီး

ကျောင်းသား၊ ကျောင်းသူများ အားကစားပြုလုပ်နိုင်စေရန်အတွက် အားကစားကွင်းများနှင့် အားကစားရုံများအား စနစ်တကျဖြင့် တည်ဆောက်ပေးထားရန်လိုကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို အလေ့အကျင့်ကောင်းများ၊ စိတ်ဓာတ်ကောင်းများ၊ အတတ်ပညာကောင်းများနှင့် တွေးတောကြံဆမှုများရှိစေရန် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ တက္ကသိုလ်ပညာသင်ကြားနေစဉ်အတွင်း စာပေပညာ သင်ကြားခြင်းကိုသာမက ဘဝအတွက် အတွေ့အကြုံများ ရရှိရေးအတွက်လည်း လေ့ကျင့်ဆောင်ရွက်ပေးရန် လိုသဖြင့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီး၍ ကျောင်းသား၊ ကျောင်းသူများ အမြင်ကျယ်လာစေရေး ဖန်တီးဆောင်ရွက်ပေးရန် လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၇-၁-၂၀၂၂ ရက်နေ့တွင် အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

❁ရှေ့ဖုံးမှ
ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မြောက်ဦးခရိုင် မင်းပြားမြို့နယ်တွင်ရှိပြီး ၁၂၈၃ ဒသမ ၃ ပေရှည်သည့် ရာမောင်တံတားကို ရခိုင်ပြည်နယ်၏ Land Mark အဖြစ် အခြားတံတား ဒီဇိုင်းများနှင့်မတူဘဲ Steel Box Ginder Type ပုံစံဖြင့် တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံများနှင့်အတူ ထပ်တူထပ်မျှဝမ်းသာ ကြည်နူးရပါကြောင်း ပြောကြားသည်။



**အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက တံတားတည်ဆောက်ရေး လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရာမောင်တံတားဖွင့်ပွဲ အထိမ်းအမှတ် အမှတ်တရ လက်ဆောင်အဖြစ် ကျောက်စီပန်းချီကားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းထံ ပေးအပ်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဆက်လက်၍ ရာမောင်တံတားသစ်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူတစ်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** ကမ္ပည်းဆိုင်းဘုတ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် အဖွဲ့ဝင်များက တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြပြီး ရခိုင်ယဉ်ကျေးမှုအက အဖွဲ့နှင့် ရခိုင်စည်တော်အဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အဆိုပါ ရာမောင်တံတားသစ်ကြီးကို မင်းပြားမြို့နယ်အတွင်း လေးမြို့မြစ်ကို ဖြတ်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ တံတားဦးစီးဌာန တည်ဆောက်ရေး(၂)၏ တံတားအထူး အဖွဲ့(၇)က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားအရှည် ၁၂၈၃ ဒသမ ၃ ပေ ရှိ၍ ခန့်မှန်းစီမံကိန်းတန်ဖိုး ငွေကျပ် ၁၂၀၀၀ ဒသမ ၀၀ သန်းဖြစ်သည်။ ယခုဖွင့်လှစ်သည့် ရာမောင်တံတားသစ်ကို အသုံးပြု၍ ရန်ကုန်-စစ်တွေလမ်းမှ တစ်ဆင့် မင်းပြား၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်းမှ စစ်တွေမြို့သို့လည်းကောင်း၊ ထိုမှတစ်ဆင့် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့များသို့လည်းကောင်း အလွယ်တကူသွားလာနိုင်မည် ဖြစ်သကဲ့သို့ မောင်တောမြို့မှ တစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်စည်များကို အလွယ်တကူတင်ပို့နိုင်မည်ဖြစ်သည်။ ထို့ပြင် မင်းပြားမှ တစ်ဆင့် ပေါက်တောမြို့နှင့် မြေပုံမြို့တို့သို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်၍ ကုန်စည်စီးဆင်းမှု မြန်ဆန်လာပြီး ရခိုင်ပြည်နယ်နှင့် ဒေသ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေများ တိုးတက် ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**ရွှေဘို ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ခုတင် ၂၀၀ ဆံ့ပြည်သူ့ဆေးရုံ၊ ခတ်ခွဲခန်းဌာန ၌ ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီက စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ် ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကိုပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲကို ရွှေဘိုခရိုင်မီးသတ်တပ်ဖွဲ့မှ သန္ဓေမီးသတ်သမားများ၊ အရံမီးသတ်သမားများနှင့် ရွှေဘိုမြို့ပေါ် ပရဟိတအသင်းများမှ စုပေါင်းပြုလုပ်ခဲ့ကြပြီး စုပေါင်းသွေးလှူဒါန်းခြင်းနှင့် ပတ်သက်၍ ယခုလိုစုပေါင်းသွေးလှူဒါန်းခြင်းကို မိမိတို့ဌာန နှစ်ပတ်လည်နေ့တိုင်းနှင့် နေ့ထူးနေ့မြတ်များတွင် စုပေါင်းလှူဒါန်းလေ့ရှိကြောင်း ခရိုင်မီးသတ်ဦးစီးအရာရှိ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်က ပြောကြားသည်။ ယနေ့စုပေါင်းသွေးလှူဒါန်းပွဲတွင် ၁၉ ဦး သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုးသီဟ(ရွှေဘို)**



**ပေါင်းစုစွမ်းအား**
**မြန်ပြည် တစ်လွှား**
**အစဉ်ရှေးရှု**
**ပြည်ထောင်စု။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ မင်းပြားမြို့နယ် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာတို့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဌာနဆိုင်ရာများ၊ မြို့မိ/ မြို့ဖများ၊ ဒေသခံပြည်သူများအား ရာမောင်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးသည်။ (ယာပုံ)

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ဒေသအတွင်း ကုန်စည်စီးဆင်းမှု လွယ်ကူ ချောမွေ့စေရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှု၊ ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် ရခိုင်တိုင်းရင်းသား မျိုးနွယ်စုများကိုယ်စား ဒေသခံတစ်ဦးဖြစ်သူ ဦးမောင်စံကျော်နှင့် မြို့မိ/ မြို့ဖများက ဒေသ၏ လိုအပ်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါ်အေးနုစိန်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်ဆောင်ပစ္စည်းများ၊ အားကစားပစ္စည်းများကို မြို့နယ်မှ တာဝန်ရှိသူများနှင့် တိုင်းရင်းသား ခေါင်းဆောင်ကိုယ်စားလှယ်များထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ကရင်ပြည်နယ်ဝန်ကြီးချုပ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ဘားအံ ဖေဖော်ဝါရီ ၅**

ကရင်ပြည်နယ် ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက ဘားအံမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံဂေါက်ကလပ်၌ ကျင်းပသည့် (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲသို့ တက်ရောက်ပြီး ဂေါက်သီးရိုက်၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့နယ် ကော့မရမ်းကျေးရွာ၌ သမဝါယမနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပထမခြောက်လပတ်ဘတ်ဂျက် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးသော ကျေးလက်ရေပေးဝေရေးလုပ်ငန်း၊ အမြင့်တင်ရေစင်ဆောက်လုပ်ခြင်း၊ ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား မှာကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့နယ် ကော့ဒါန်းမယ်ကျေးရွာ မြစိမ်းရောင်စီမံကိန်း ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ချေးငွေ (အရင်းမပျောက်မတည်ရန်ပုံငွေဖြင့်) ဆောင်ရွက်သော လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးမေးမြန်းရာ ကော်မတီဝင်များက ပြန်လည်ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ကော့ဒါန်းမယ်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်သော စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်စုံဆိုင်လုပ်ငန်း၊ နွားမွေးမြူရေးလုပ်ငန်းနှင့် အတိုးရငွေဖြင့် ကျေးရွာခန်းမ တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပထမခြောက်လပတ်ဘတ်ဂျက်တွင် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဘားအံမြို့နယ် ထုံးအိုင်-ကော့သံခါ ကျေးရွာ ကုန်ထုတ်လမ်း ၁ မိုင် ၂ ဖာလုံအား ၁၆ ပေ အကျယ်၊ တစ်ပေခွဲ ဂဝံခင်းခြင်းနှင့် BOX Culvest (၂၂ ပေ x ၅ပေ x ၅ပေ) ဆောင်ရွက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လမ်းအားကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မိန်းမလှကျွန်း-ကော့သံခါလမ်းပိုင်းတွင် ဒေသထွက်ကုန်စားဖိုဆောင်သီးနှံများအား ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေကြသည့် တောင်သူများနှင့်တွေ့ဆုံ၍ ယခုနှစ်သီးနှံထွက်ရှိမှု၊ ဈေးကွက်ဝယ်လိုအားနှင့် တင်ပို့ရောင်းချရာတွင် ကြုံတွေ့နေရသည့် အခြေအနေများကို မေးမြန်းဆွေးနွေး၍ လိုအပ်သည်များ အကြံပြုဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပထမခြောက်လပတ်ဘတ်ဂျက်တွင် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဘားအံမြို့နယ် မိန်းမလှကျွန်း-ကော့သံခါ ကျေးရွာ ကုန်ထုတ်လမ်း ၃ မိုင် ဂဝံခင်းခြင်းလုပ်ငန်းနှင့် တောကြီးကျေးရွာတွင် ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ VDP စီမံကိန်းဖြင့် ဆောင်ရွက်သော ကွန်ကရစ်လမ်း (ပေ ၈၅၀ x ၁၂ပေ x ၆လက်မ ) တို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# မြိတ်မြို့နယ်အတွင်း ပန်းခင်းစီမံချက် လျှာထားချက် ပြည့်မီအောင် ဆောင်ရွက်ပေးနိုင်ခဲ့

**မြိတ် ဖေဖော်ဝါရီ ၅**

နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရေး၊ နိုင်ငံသားဂုဏ်သိက္ခာနဲ့အညီ နေထိုင်နိုင်စေရေးအတွက် ပြည်သူလူထုအားလုံး၏ လက်ဝယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို မြိတ်မြို့နယ်အတွင်းရှိ ပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြိတ်မြို့နယ်ဦးစီးမှူး ဦးဝင်းဆွေနှင့် ဝန်ထမ်းများမှ ရပ်ကွက်/ ကျေးရွာများအထိ ကွင်းဆင်း ပြုလုပ်ပေးလျက်ရှိရာ လျာထားချက်ပြည့်မီအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်းကို ကန်ဖျားရပ်ကွက် ဘုရားငါးဆူကျောင်းနှင့် အလယ်ကျွန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတို့တွင် မြိတ်မြို့နယ်၏ နောက်ဆုံးကွင်းပိတ်ကွင်းအဖြစ် မြိတ်မြို့နယ်ဦးစီးမှူးရုံး ဝန်ထမ်းများမှ ပြည်သူများအား ယနေ့တွင် ဆောင်ရွက်ပေးနေမှုအား မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဇော်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြိတ်ခရိုင် ဦးစီးမှူး ဦးထွန်းဇော်ဦးတို့က ကြည့်ရှုအားပေးခဲ့ကြ၍ ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ရေးလမ်းညွှန်ချက်များ လိုက်နာကြရေးနှင့် နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေး ရရှိစေရေးအတွက် နိုင်ငံတော်မှ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်း ပြုလုပ်ပေးမှုများအား ရှင်းလင်းပြောကြားခဲ့ကြသည်။

ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်းကို ပြည်သူလူထုအား ၂၀၂၁ ခုနှစ် မေလ ၃ ရက်မှ စတင်ကာ ရပ်ကွက်/ ကျေးရွာများအထိ ကွင်းဆင်းပြုလုပ်ပေးခဲ့ရာတွင် မြိတ်မြို့နယ်တွင် ရပ်ကွက် ၁၂ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၂ အုပ်စုရှိ ပြည်သူလူထုများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ၂၂၇၆၈ ကတ်နှင့် အိမ်ထောင်စု လူဦးရေ စာရင်း ၁၀၆၆၀ စောင် လျာထားဆောင်ရွက်ခဲ့ရာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသည့် ကာလတွင်ပင် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလကုန်တွင် လျာထားချက်ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကာ ပြည်သူများ၏ လက်ဝယ် အရောက်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တူယှဉ်နွဲပျော် ဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ ကြည့်ရှုအားပေး






**ရန်ကုန် ဖေဖော်ဝါရီ ၅**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အတူ ယမန်နေ့ ညပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပြည်သာယာရှိ မြဝတီမီဒီယာစင်တာ၌ ပြုလုပ်သည့် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် “တူယှဉ်နွဲပျော် ဂီတပွဲတော် ” ဒုတိယအဆင့် စိတ်ကြိုက်သီချင်းသီဆိုမှုပြိုင်ပွဲ တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်မှုကို ကြည့်ရှုအားပေးသည်။(ယာပုံ)

**ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်**

ပြိုင်ပွဲပြီးနောက် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ပြိုင်ပွဲဝင်များ၊ အစီအစဉ် တင်ဆက်သူများနှင့် အကဲဖြတ်ဒိုင်အဖွဲ့အားလက်ဆောင်များပေးအပ်၍ ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။

အဆိုပါ ဒုတိယအဆင့်ပြိုင်ပွဲတွင် တိုင်းရင်းသားပြိုင်ပွဲဝင်များဖြစ်ကြသည့် မကွေးတိုင်းဒေသကြီးမှ MF01 မြတ်နိုးစံ၊ ရန်ကုန်တိုင်းဒေသကြီးမှ MF02 ကြူကြူခိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ MF03 ရေဂျီနား၊ မန္တလေးတိုင်းဒေသကြီးမှ MF04 ဇော်ထွေးလတ်၊ ကချင်ပြည်နယ်မှ MF05 အရိန့်၊ ဧရာဝတီတိုင်းဒေသကြီးမှ MF06 ဇင်သူသူထွန်း၊ ဧရာဝတီတိုင်းဒေသကြီးမှ MF07 ချိုမီမီဇော်၊ ကရင်ပြည်နယ်မှ MF08 ချမ်းဟိန်းဝင်းထွန်း၊ ရန် ကုန်တိုင်းဒေသကြီးမှ MF09 ဈာန်ထူး၊ ပဲခူးတိုင်းဒေသကြီးမှ MF10 ချစ်နုစုစုပေါင်း ၁၀ ဦးက ယှဉ်ပြိုင်သီဆိုခဲ့ကြပြီး The Ensemble တေးဂီတအဖွဲ့က တီးခတ်ပေးခဲ့ခြင်း ဖြစ်သည်။

**အမှတ်ပေးမှုဖြင့်ဆောင်ရွက်**

တူယှဉ်နွဲပျော် ဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၆ ရက်မှ စတင်၍ အပတ်စဉ် သောကြာနေ့ညတိုင်း ကျင်းပခဲ့ရာ အုပ်စုပြိုင်ပွဲများဖြစ်သော ပထမအဆင့်ပွဲစဉ်တွင် အကဲဖြတ်ဒိုင်အဖွဲ့၏ အမှတ်ပေးမှုဖြင့် ဆောင်ရွက်ခဲ့သည်။

ဒုတိယအဆင့်နှင့် တတိယအဆင့်ပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များ အမှတ်ပေးမှုအပြင် ပရိသတ်များအနေဖြင့် MPT နှင့် Mytel Sim Card များကို အသုံးပြု၍ Voting မဲပေးနိုင်မည်ဖြစ်သည်။ မိမိတို့ ကြိုက်နှစ်သက်သည့် ပြိုင်ပွဲဝင်ကို Voting Time သတ်မှတ်ချိန်အတွင်း SMS ပေးပို့မဲပေးခြင်းကို အရေအတွက် အကန့်အသတ်မရှိဘဲ MPT Sim Cardများမှ ကုတ်နံပါတ် “7522” သို့လည်းကောင်း ၊ Mytel Sim Card များမှ ကုတ်နံပါတ် “ 7575 ”သို့လည်းကောင်း SMSဖြင့် ပြိုင်ပွဲဝင်၏ MF နံပါတ်ကို ရိုက်နှိပ်၍ ပေးပို့နိုင်ကြောင်း သိရသည်။

ပွဲစဉ်၏ နောက်ဆုံးနှစ်ပွဲကိုလည်း ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြဝတီမီဒီယာစင်တာ၌ ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့)နှင့် ဖေဖော်ဝါရီ ၁၁ ရက် (သောကြာနေ့) ညများတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် ကြပ်မတ်ထိန်းချုပ်ဆောင်ရွက်သွားရမည်ဖြစ်

**ပဲခူး ဖေဖော်ဝါရီ ၅**

ကိုဗစ်-၁၉ ရောဂါ အသွင်ပြောင်း အိုမီခရွန်သည် ယခင်က ပြည်ပပြန်များ၌သာ တွေ့ရှိရပြီး ယခုအခါ ပြည်တွင်းကူးစက်မှုများ တွေ့ရှိနေရပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် ကြပ်မတ် ထိန်းချုပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။




ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက Online Zoom Meeting System ဖြင့် ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၂၂) တွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က Community Based Facility Quarantine (CBFQ) ဆောင်ရွက်မည့်နေရာများ အသင့်ဖြစ်စေရေး ဆောင်ရွက်ထားရန် လိုအပ်သကဲ့သို့ စေတနာ့ဝန်ထမ်းများကိုလည်း ကြိုတင်စုစည်းထားရမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ရာနှုန်းပြည့် လွှမ်းခြုံမှုရှိစေရေး ကာကွယ် ဆေးထိုးလုပ်ငန်းများ ပိုမိုကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးမှူးက တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါစစ်ဆေးမှု၊ တွေ့ရှိမှုနှင့် ကာကွယ်ရေး လုပ်ငန်းစဉ်များကို လည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းစဉ်များနှင့် ကာကွယ်ဆေး ထိုးနှံပေးနေမှု အခြေအနေများကို လည်းကောင်း တင်ပြကြရာ တိုင်းဒေသကြီး ကော်မတီဝင်များက မြို့နယ်အလိုက် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိတ္ထီလာမြို့နယ်၌ မြကန်သာမြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**မိတ္ထီလာ ဖေဖော်ဝါရီ ၅**

မိတ္ထီလာမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ကျေးလက်နေပြည်သူများနှင့် ၎င်းတို့မွေးမြူထားသော တိရစ္ဆာန်များ သောက်သုံးရေ အဆင်ပြေစေရေး ကျီကုန်းကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြကန်သာမြေသားရေကန် တူးဖော်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မိတ္ထီလာမြို့နယ်အနေဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့မိုးနည်းရပ်ဝန်းဒေသတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျေးလက်နေပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးရန်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည် သာယာလှပစေရန်နှင့် ရာသီဥတုမျှတကောင်းမွန်လာခြင်းဖြင့် စိုက်ပျိုးရေးကို အထောက်အကူဖြစ်စေရန်အတွက် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစား စိုက်ပျိုးရေးစွန့်ပစ် ပစ္စည်းများကို ကျယ်ကျယ်ပြန့်ပြန့်အသုံးချသွားစေရန်နှင့် ရေရရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာမှ ၂၀၂၁-၂၀၂၂ခုခြောက်လ ဘဏ္ဍာရေးနှစ်တွင် ရေရရှိရေးလုပ်ငန်းအနေဖြင့် သီးပင်ကုန်းကျေးရွာအုပ်စု ကျီကုန်းကျေးရွာရှိ ကျေးရွာနေပြည်သူများနှင့် ၎င်းတို့မွေးမြူထားသော တိရစ္ဆာန်များ သောက်သုံးရေ အဆင်ပြေစေရေး ကျေးရွာ၏ မြောက်ဘက်တွင် အလျား ပေ ၁၀၀၊ အနံ ပေ ၅၀၊ အနက် ခြောက်ပေရှိ မြကန်သာ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းကို ဒီဇင်ဘာလ စတုတ္ထအပတ်မှ စတင်၍ တူးဖော်ဆောင်ရွက်လျက်ရှိရာ ၎င်းမြေသားရေကန်တူးဖော်



ခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။ အဆိုပါ မြကန်သာ မြေသားရေကန် ရေရှည်တည်တံ့စေရေးအတွက် ရေကန်ထိန်းသိမ်းစောင့်ရှောက်ရန် ကော်မတီဖွဲ့စည်းထားရှိသည့်အပြင် ရေကန်အတွင်း ရေဝင်လမ်းကြောင်းတွင် နုန်းအနည်အနှစ်များအား ကန်အတွင်းဝင်ရောက်ခြင်း နည်းပါးစေရန်အတွက် အလျား ရှစ် ပေ၊ အနံ ရှစ် ပေ ၊ အနက် ငါးပေရှိ နုန်းစစ်ကန် တစ်ကန်ကို တူးဖော်ဆောင်ရွက်ထား ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ၏ (ဘွဲ့ကြို)သင်တန်းများ ဖွင့်လှစ်မည့် ကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ ဆေးပညာနှီးနွှယ်တက္ကသိုလ်များနှင့် တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးတွင် အောက်ဖော်ပြပါသင်တန်းများကို ၂၀၂၂-ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်အချက် အလက်များသိရှိလိုပါက သက်ဆိုင်ရာ တက္ကသိုလ်များ၏ Facebook Page, Website တို့တွင် ဝင်ရောက်ကြည့်ရှုခြင်း၊ တက္ကသိုလ်များသို့ တိုက်ရိုက်စုံစမ်းမေးမြန်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

- ဆေးတက္ကသိုလ်များ၏နောက်ဆုံးနှစ် အမ်ဘီဘီအက်စ် အပိုင်း(ခ)(၂/၂၀၂၂) **အတန်းသစ်**နှင့် နောက်ဆုံးနှစ် အမ်ဘီဘီအက်စ် အပိုင်း(က)(၂/၂၀၂၂) **အတန်းသစ်**
- သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ၏ စတုတ္ထနှစ် ဘီဒီအက်စ်(၁/၂၀၂၀) (ပုံမှန်) သင်တန်းနှင့် တတိယနှစ် ဘီဒီအက်စ်(၁/၂၀၂၀) (ပုံမှန်)သင်တန်း
- ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များ၊ အခြေခံကျန်းမာရေးတက္ကသိုလ်၊ မကွေးနှင့် တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးတို့၏ တတိယနှစ်(၁/၂၀၂၀)(ပုံမှန်)သင်တန်းများ

**ညီညွတ်ခြင်းသည်အင်အား တိုင်းရင်းသားများ လက်တွဲထား ပြည်ထောင်စု၏ ပြည့်ခွန်အား။**

## တောင်ငူမြို့ လောကမာရဇိန် နန်းတော်ဦးကျောင်းအတွင်း ဆောက်လုပ်လှူဒါန်းမည့် ဓမ္မသမိဒ္ဓိ ဓမ္မာရုံအတွက် အလှူငွေများ ပေးအပ်လှူဒါန်း၊ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားပြုလုပ်




**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ လောကမာရဇိန် နန်းတော်ဦးကျောင်းအတွင်း ဆောက်လုပ်လှူဒါန်းမည့် ဓမ္မသမိဒ္ဓိဓမ္မာရုံအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းနှင့် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ရာ သီတဂူ ကေတုမတီဗုဒ္ဓတက္ကသိုလ်၊ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တတိက္ခသာရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် အဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီတဂူ ကေတုမတီဗုဒ္ဓတက္ကသိုလ်၊ ကျောင်းအုပ်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် စေတနာရှင် အလှူရှင်များက ဓမ္မသမိဒ္ဓိ ဓမ္မာရုံအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး (ဝဲပုံ)လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ဓမ္မသမိဒ္ဓိဓမ္မာရုံ ဆောက်လုပ်မည့်မြေနေရာတွင် သံဃာတော်များ၊ တိုင်းမှူးနှင့် စေတနာရှင် အလှူရှင်များက မင်္ဂလာအချိန်ကျရောက်သည်နှင့် ရတနာပန္နက်တော်များကို ဘုရားဂုဏ်တော်ကိုးပါးနှင့်အညီ ကိုးချက်ရိုက်ကာ အမွှေးနံ့သာများ ပက်ဖျန်းပြီး ပန္နက်တော်တင်လှူ ပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## "တူယှဉ်နွဲ့ပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်၊ ပြဇာန်းသီချင်းသီဆိုမှု မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

နေပြည်တော် ဖေဖော်ဝါရီ ၅

**စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲ့ပျော်ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်၊ ပြဋ္ဌာန်းသီချင်းသီဆိုမှုကို ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့)ညတွင် မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်မည်။**

တူယှဉ်နွဲ့ပျော်ဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၆ ရက်မှစတင်၍ အပတ်စဉ် သောကြာနေ့ညတိုင်း ကျင်းပခဲ့ရာ ယခုအခါ ဒုတိယအဆင့်ပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၀ ဦးဖြင့် ဖေဖော်ဝါရီ ၄ ရက်တွင် စိတ်ကြိုက်တေးသီချင်းများဖြင့် ယှဉ်ပြိုင်ခဲ့ကြပြီး ဖေဖော်ဝါရီ ၆ ရက်တွင် ပြဋ္ဌာန်းတေးသီချင်းများဖြင့် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**ယှဉ်ပြိုင်သီဆိုကြမည်**

အဆိုပါပွဲစဉ်၌ တိုင်းရင်းသားပြိုင်ပွဲဝင်များဖြစ်ကြသည့် မကွေးတိုင်းဒေသကြီးမှ MF01 မြတ်နိုးစံ၊ ရန်ကုန်တိုင်းဒေသကြီးမှ MF02 ကြူကြူခိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ MF03 ရေဂျီနား၊ မန္တလေးတိုင်းဒေသကြီးမှ MF04 ဇော်ထွေးလတ်၊ ကချင်ပြည်နယ်မှ MF05 အရိန့် ၊ ဧရာဝတီတိုင်းဒေသကြီးမှ MF06 ဇင်သူသူထွန်း ၊ ဧရာဝတီတိုင်းဒေသကြီးမှ MF07 ချိုမီမီဇော် ၊ ကရင်ပြည်နယ်မှ MF08 ချမ်းဟိန်းဝင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ MF09 ဈာန်ထူး ၊ ပဲခူးတိုင်းဒေသကြီးမှ MF10 ချစ်နုတို့က ယှဉ်ပြိုင်သီဆိုကြမည်ဖြစ်ပြီး The Ensemble တေးဂီတအဖွဲ့မှ တီးခတ်ပေးမည်ဖြစ်သည်။

ပထမပွဲစဉ် အုပ်စုပြိုင်ပွဲမှာ အကဲဖြတ်ဒိုင်အဖွဲ့၏ အမှတ်ပေးမှုဖြင့် ဆောင်ရွက်ခဲ့သော်လည်း ဒုတိယအဆင့်နှင့် တတိယအဆင့်ပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များ အမှတ်ပေးမှုအပြင် ပရိသတ်များအနေဖြင့် MPTနှင့် Mytel SIM Card များကို အသုံးပြု၍ Voting မဲပေးနိုင်မည်ဖြစ်ရာ မိမိတို့ကြိုက်နှစ်သက်သည့် ပြိုင်ပွဲဝင်ကို Voting Time သတ်မှတ်ချိန်အတွင်း SMS ပေးပို့မဲပေးခြင်းကို အရေအတွက် အကန့်အသတ်မရှိဘဲ MPT Sim Card များမှ ကုဒ်နံပါတ် "7522"သို့လည်းကောင်း၊ Mytel Sim Card များမှ




ကုဒ်နံပါတ် '7575' သို့ လည်းကောင်း SMS ဖြင့် ပြိုင်ပွဲဝင်၏ MF နံပါတ်ကို ရိုက်နှိပ်၍ ပေးပို့နိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဒုတိယအကြိမ်အဖြစ် ဖေဖော်ဝါရီ ၇ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်သည်။

ပွဲစဉ်၏ နောက်ဆုံးသုံးပွဲကို ရန်ကုန်မြို့ ပြည်သာယာရှိ မြဝတီမီဒီယာစင်တာတွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၄ ရက် (သောကြာနေ့)၊ ဖေဖော်ဝါရီ ၆ ရက်(တနင်္ဂနွေနေ့)နှင့် ဖေဖော်ဝါရီ ၁၁ ရက် (သောကြာနေ့) ညများတွင်တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သထုံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်း Booster Dose ထိုးနှံပေး

**သထုံ ဖေဖော်ဝါရီ ၅**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံထားပြီး ခြောက်လ ပြည့်ပြီးသည့် ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာ ဝန်ထမ်းများအား ထပ်ဆောင်း ကာကွယ်ဆေး Booster Dose ထိုးနှံပေးခြင်းကို ယမန်နေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမ၌ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပူးပေါင်းဆောင်ရွက်ပေး**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်း Booster Dose အဖြစ် ရုရှားနိုင်ငံထုတ် Sputnik Light ကိုဗစ်ကာကွယ်ဆေးကို ထိုးနှံပေးခြင်းဖြစ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မောင်မောင်နှင့် အဖွဲ့ဝင်များ မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ စေတနာ့ဝန်ထမ်းများက လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးသည်။

**၅၀၀ ကျော်ခန့်ထိုးနှံပေးပြီး**

သထုံမြို့နယ်တွင် Booster Dose ထိုးနှံပေးခြင်းကို ဖေဖော်ဝါရီ ၂ ရက်မှ စတင်ဆောင်ရွက်နေပြီး ဖေဖော်ဝါရီ ၃ ရက်အထိ ပညာရေးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၅၀၀ ကျော်ခန့်အား ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ ဗိုလ်ချုပ်အောင်ဆန်းတပ်ဦးကျောင်းတိုက်၌ အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲ အောင်ပွဲ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ ဗိုလ်ချုပ်အောင်ဆန်းတပ်ဦးကျောင်းတိုက်၌ ရွတ်ဖတ်ပူဇော်လျက်ရှိသည့် အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲ အောင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ မုံရွာမြို့ ရန်ကင်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒွိပိဋကရေ၊ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မုံရွာမြို့ ရန်ကင်းကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလနှင့် ပရိတ်တရားတော်များနာယူကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲအောင်ပွဲကို ဆက်လက်ပြုလုပ်ကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ ပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁ ရက်မှ ယနေ့အထိ ရွတ်ဖတ်ပူဇော်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၅**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မုံးထမြို့ရှိ အောင်သိဒ္ဓိဘုန်းကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက်ရှိ အသောကာရုံရွှေကျင်စာသင်တိုက်၊ ဆိပ်ကြီးခနောင်တိုမြို့နယ် ခနောင်တိုအရှေ့ရပ်ကွက်ရှိ ဓမ္မပီတိကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ တောဇနိမ္မိတာရုံကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ပေါမိုင်းရပ်ကွက်ရှိ မဟာသုခိတာရာမတောရကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ် အလ္လကပ္ပကျောင်းတိုက် ရွှေခါးဗိုလ်ကျောင်း၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့ ရွှေစေတီကျောင်းတိုက်၊ ပြည်မြို့ မူယာပင်ရပ်ကွက်ရှိ ပုဗ္ဗာရုံဘုန်းတော်ကြီးကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၆၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ



ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ်ကိုးမြို့နယ်၌ ဒေသခံပြည်သူ ၂၀၅၃ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်၌ ဒေသခံပြည်သူ ၁၈၃၇ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ဒေသခံပြည်သူ ၁၅၄၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၆၈၉၇ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၁၉၂၅ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၇၇၁၄ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဒေသခံပြည်သူ ၁၈၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နှင့် နမ့်ခမ်းမြို့တို့၌ ကျောင်းသားကျောင်းသူ ၄၉၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း လေးဦးတို့ကိုလည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၁၈ ဦး၊ အမျိုးသမီး ၈၁ ဦး၊ စုစုပေါင်း ၁၉၉ ဦးတို့ကိုလည်းကောင်း လက်ခံခဲ့ကြသည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့၊ မိုင်းယန်းမြို့နှင့် ဟားခါးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် ကျောက်မဲမြို့၊ ဟဲဟိုးမြို့နှင့် တွန်းဇံမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ကြပါစို့

ငြိမ်းချမ်းမောင်

**❖ ဒီမိုကရေစီဟူသော ဝေါဟာရကို သိရှိနားလည်သည့်အပြင် ဝိသေသပြုသည့် အနှစ်သာရရှိသော စံနှုန်းများနှင့်တွဲဖက်မှသာ ပို၍အဓိပ္ပာယ်ရှိပြီး အသုံးဝင်ထိရောက်မှုကို ဖြစ်စေနိုင်ပါသည်။ နိုင်ငံသားတိုင်း ပါဝင်ဆောင်ရွက်ခွင့်ရှိရမည်၊ သာတူညီမျှရှိစေရမည်၊ နိုင်ငံရေးဆိုင်ရာ သည်းခံစိတ်ထားရှိရမည်၊ တာဝန်ယူမှုရှိရမည်၊ ရိုးသားပွင့်လင်းမှုနှင့် ထင်သာမြင်သာရှိစေရမည်၊ ပုံမှန်လွတ်လပ်ပြီး တရားမျှတမှုရှိသော ရွေးချယ်တင်မြှောက်ခွင့်ရှိရမည်၊ စီးပွားရေးလွတ်လပ်ခွင့်ရှိရမည်၊ အာဏာအလွဲသုံးစားလုပ်မှုများ၊ မတော်မတရား အသုံးပြုမှုများကို ထိန်းချုပ်ရမည်၊ လူ့အခွင့်အရေးကြေညာစာတမ်းများ ထုတ်ပြန်ထားရှိရမည်၊ လူ့အခွင့်အရေးထိန်းသိမ်းရမည်၊ ပါတီစုံစနစ်ကျင့်သုံးရမည်၊ ဥပဒေကို လေးစားလိုက်နာရမည်။ ယင်းတို့သည် ဒီမိုကရေစီစံနှုန်းများ ဖြစ်ပါသည်**

"တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ လိုအင်ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး တည်ဆောက်ရေး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။ နိုင်ငံတော်ကို စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ခိုင်မာအားကောင်းလာစေရေးအတွက် အဓိကလိုအပ်ချက်မှာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး သုံးပါးပင် ဖြစ်ပါသည်"

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားမှ ဒီမိုကရေစီနှင့်ပတ်သက်သည့် လမ်းညွှန်ချက်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိသဖြင့် ပြည်သူများအနေဖြင့် ဒီမိုကရေစီ၏ အဓိပ္ပာယ်၊ အနှစ်သာရ၊ တန်ဖိုး၊ စံနှုန်းများကို သိရှိနားလည်ထားသင့်ပါသည်။ သို့မှသာ ဒီမိုကရေစီခရီးလမ်းကို လျှောက်လှမ်းရာ၌ အနှစ်သာရပြည့်ဝစွာဖြင့် ဖြောင့်ဖြောင့်တန်းတန်း၊ မှန်မှန်ကန်ကန် လျှောက်လှမ်းနိုင်မည် ဖြစ်ပါသည်။

ပြည်သူများအနေဖြင့် ဒီမိုကရေစီနှင့်ပတ်သက်၍ လွတ်လွတ်လပ်လပ် နေထိုင်၊ လွတ်လွတ်လပ်လပ်ပြောဆို၊ လွတ်လွတ်လပ်လပ်လုပ်ကိုင်၊ မိမိတို့၏ ဆန္ဒနှင့်အညီ လွတ်လွတ်လပ်လပ်မဲပေးကြရသည်တို့ကိုသာ များသောအားဖြင့် နားလည်ထားကြပါသည်။

ဒီမိုကရေစီဟူသော စကားရပ်သည် ရှေးဟောင်းဂရိစကားလုံး Demo (ပြည်သူလူထု)နှင့် Kratos (အာဏာ)မှ ဆင်းသက်လာသည်ဟု သိရသည်။ ပြည်သူများ အာဏာပိုင်စိုးသောစနစ်ကို ခေါ်ဆိုသည်။ လုပ်သားပြည်သူ/တိုင်းသူပြည်သားနှင့် အာဏာ/အာဏာ ပိုင်စိုးမှုကို ပေါင်းစည်းဖွင့်ဆိုသော် ပြည်သူအများစုပေါင်းပါဝင်ပြီး အာဏာပိုင်စိုးသော စနစ်ဟုဆိုပါသည်။ ဒီမိုကရေစီကို အနှစ်ထုတ်လျှင် ပြည်သူ့ထံမှ ဆင်းသက်လာသော အာဏာကို ပြည်သူတို့အတွက် ပြည်သူတို့ထံသို့ ပြန်လည်စီးဆင်းစေခြင်းပင်ဖြစ်သည်။

ဤသည်မှာ ဒီမိုကရေစီအဖွင့် သဘောတရားဖြစ်ပြီး ဒီမိုကရေစီကို လက်တွေ့ အကောင်အထည်ဖော်ရာ၌ သတ်မှတ်ထားသော စံနှုန်းများရှိပါသည်။

**ဒီမိုကရေစီဟူသော ဝေါဟာရကို သိရှိနားလည်သည့်အပြင် ဝိသေသပြုသည့် အနှစ်သာရရှိသော စံနှုန်းများနှင့် တွဲဖက်မှသာ ပို၍အဓိပ္ပာယ်ရှိပြီး အသုံးဝင်ထိရောက်မှုကို ဖြစ်စေနိုင်ပါသည်။ နိုင်ငံသားတိုင်း ပါဝင်ဆောင်ရွက်ခွင့်ရှိရမည်၊ သာတူညီမျှ ရှိစေရမည်၊ နိုင်ငံရေးဆိုင်ရာ သည်းခံစိတ်ထားရှိရမည်၊ တာဝန်ယူမှုရှိရမည်၊ ရိုးသားပွင့်လင်းမှုနှင့် ထင်သာမြင်သာရှိစေရမည်၊ ပုံမှန်လွတ်လပ်ပြီး တရားမျှတမှုရှိသော ရွေးချယ်တင်မြှောက်ခွင့်ရှိရမည်၊ စီးပွားရေး လွတ်လပ်ခွင့်ရှိရမည်၊ အာဏာအလွဲသုံးစားလုပ်မှုများ၊ မတော်မတရား အသုံးပြုမှုများကို ထိန်းချုပ်ရမည်၊ လူ့အခွင့်အရေး ကြေညာစာတမ်းများ ထုတ်ပြန်ထားရှိရမည်၊ လူ့အခွင့်အရေး ထိန်းသိမ်းရမည်၊ ပါတီစုံစနစ် ကျင့်သုံးရမည်၊ ဥပဒေကို လေးစားလိုက်နာရမည်။ ယင်းတို့သည် ဒီမိုကရေစီစံနှုန်းများ ဖြစ်ပါသည်။**



ဒီမိုကရေစီစနစ်၏ လွတ်လပ်မှုပုံရိပ်ကို ညစ်နွမ်းစေသော တိုင်းပြည်ဖျက်လုပ်ရပ်အဖြစ် ဆူပူအကြမ်းဖက်သူများ၏ ဖျက်ဆီးခြင်းခံရသည့် မန္တလေးမြို့ ပိုးဥ၊ ပိုးရှင်အထည်အလိပ်စက်ရုံ။

### (၁) နိုင်ငံသားတိုင်း ပါဝင်ခွင့်

နိုင်ငံသားတိုင်းသည် သက်ဆိုင်ရာနိုင်ငံအလိုက် ဒီမိုကရေစီပုံစံဖြင့် ကောင်းမွန်သော စီမံခန့်ခွဲအုပ်ချုပ်မှုများကို ပြုလုပ်ကြရမည်ဖြစ်သည်။ အကြောင်းကိစ္စတစ်ခုခုကို ပြုလုပ်တော့မည်ဆိုလျှင် မိမိတို့၏ လုပ်ဆောင်ချက်များသည် နိုင်ငံသားများအတွက် အကျိုးဖြစ်စေနိုင်မှု ရှိ/မရှိ ဆင်ခြင်သုံးသပ်ကြရမည်ဖြစ်သည်။ နိုင်ငံသားများ အကျိုးရှိစေမည့်အသံကို နားထောင်ပြီး နိုင်ငံသားများအား ပါဝင်ဆောင်ရွက်ခွင့် ရှိစေရမည်ဖြစ်သည်။

### (၂) သာတူညီမျှရှိမှု

လူတိုင်းတွင် အနည်းနှင့် အများဆိုသလို အတ္တစိတ်များရှိကြသည်ဖြစ်ရာ အတ္တလွန်ကဲပြီး စိတ်ထင်တိုင်း ပြုလုပ်ကြမည်ဆိုလျှင် ဆိုးကျိုးများ မလွဲမသွေခံစားကြရမည်ဖြစ်သည်။ နိုင်ငံသားများ၏ အကျိုးကိုမငဲ့ဘဲ မျက်ကွယ်ပြုလုပ်ကိုင် ဆောင်ရွက်မည်ဆိုလျှင် လွတ်လပ်ပြီး တရားမျှတသော ဒီမိုကရေစီစနစ် ဖြစ်လာနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် မှန်ကန်သော ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်လိုလျှင် တရားမျှတမှုရှိပြီး သမာသမတ်ကျသည့် တန်းတူညီမျှစိတ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

### (၃) သည်းခံစိတ်ထားရှိမှု

သည်းခံခွင့်လွှတ်စိတ် ထားရှိနိုင်မှုသည် အလွန်မွန်မြတ်သော စိတ်ဓာတ်ဖြစ်သည်။ သည်းခံစိတ်သည် ယောနိသော မနသိကာရ ကျင့်စဉ်ဖြစ်သည်။ နိုင်ငံ့အရေးနှင့် နိုင်ငံသားများအရေးအတွက် ဆောင်ရွက်ကြရာတွင် ဒီမိုကရေစီကြယ်ပွင့် ဘက်တော်သားတိုင်းတွင် ဒီမိုကရေစီနိုင်ငံရေးဆိုင်ရာ သည်းခံစိတ်ထားရှိကြရမည်ဖြစ်သည်။ ဆိုးယုတ်သော စိတ်ထားများကို ဖယ်ရှားရှောင်ကြဉ်ပြီး မွန်မြတ်သန့်ရှင်းသော စိတ်ဓာတ်များမွေးမြူ၍ နိုင်ငံတော်အတွက် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

### (၄) တာဝန်ယူမှု

လူတစ်ဦးချင်းစီတွင် မိမိတို့ လုပ်ဆောင်ကြရမည့် လုပ်ငန်းများအား ပြီးမြောက်စေရန် ရလဒ်များကောင်းမွန်အောင် လုပ်ဆောင်ကြရမည် စသည်တို့ကို သိရှိပြီး မိမိတို့လုပ်ဆောင်ရမည့် လုပ်ငန်းများအတွက် တာဝန်ယူမှုများ ထားရှိရမည်ဖြစ်သည်။ တာဝန်ယူဆောင်ရွက်တတ်မှသာ ခေါင်းဆောင်ကောင်းများ ဖြစ်လာနိုင်စေမည်ဖြစ်သည်။ တာဝန်ယူဆောင်ရွက်နိုင်မှု ရှိလေလေ အများယုံကြည်နိုင်မှု ပိုမိုရရှိလေဖြစ်သည်။

### (၅) ရိုးသားပွင့်လင်းမှု

လုပ်ငန်းများကို ဦးစီးဦးဆောင်ပြုလုပ်သူများနှင့် ဝန်ထမ်းများကြားတွင် ထင်သာမြင်သာရှိပြီး ရိုးသားပွင့်လင်းမှု အပြန်အလှန် ရှိစေရမည်ဖြစ်သည်။ ထိုနည်းတူစွာ နိုင်ငံတိုင်းတွင်လည်း အထူးသဖြင့် ဒီမိုကရေစီစနစ်ကျင့်သုံးသောနိုင်ငံများတွင် နိုင်ငံသားများနှင့် နိုင်ငံသားများကိုယ်စားပြု အုပ်ချုပ်စီမံခန့်ခွဲကြသူများကြားတွင် ပွင့်လင်းမြင်သာမှု၊ ထင်သာမြင်သာရှိစေမှုသည် အဓိကကျသော အခန်းကဏ္ဍမှပါဝင်ပြီး နိုင်ငံသားများနှင့် အစိုးရအကြားတွင် ယုံကြည်မှု မြဲမြံခိုင်မာစေမည်ဖြစ်သည်။

### (၆) ရွေးချယ်တင်မြှောက်ခွင့်ရှိမှု

ဒီမိုကရေစီနိုင်ငံတိုင်းတွင် လွတ်လပ်ပြီး တရားမျှတသော ရွေးချယ်တင်မြှောက်ပွဲများကို လေးနှစ်တစ်ကြိမ် (သို့မဟုတ်) ငါးနှစ်တစ်ကြိမ် ကျင်းပပြုလုပ်ကြသည်။ ထိုသို့ ရွေးချယ်မှုမျိုးတွင် ပြည်သူလူထု၏ သဘောဆန္ဒများအတိုင်း လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိပြီး တင်မြှောက်နိုင်ရမည်။ သတ်မှတ်ချိန်ကာလအတွင်း ဖွဲ့စည်းပုံအတိုင်း နေရာယူအုပ်ချုပ်ပြီး သတ်မှတ်ချိန်ကုန်ဆုံးသွားသောအခါ လွတ်လပ်ပြီး တရားမျှတသော ရွေးချယ်တင်မြှောက်ပွဲများ ကျင်းပပြီး ပြည်သူလူထု ကြိုက်နှစ်သက်သော ကိုယ်စားလှယ်များအား ထပ်မံရွေးချယ် တင်မြှောက်မည်ဖြစ်သည်။

### (၇) စီးပွားရေးလွတ်လပ်မှု

နိုင်ငံများတွင် စီးပွားရေးကို သက်ဆိုင်ရာ နိုင်ငံအစိုးရများက ထိန်းချုပ်မှုများ ပြုလုပ်သည့်အခါ မလိုလားအပ်သော ကုန်ဈေးနှုန်းများ တက်လာခြင်း၊ အကျင့်ပျက်ခြစားမှုများ၊ လာဘ်ပေးလာဘ်ယူမှုများ ဖြစ်ပေါ်နိုင်သည့်အတွက် ဒီမိုကရေစီနှင့် တွဲဖက်ပြီး ဖော်ဆောင်ရမည့် စီးပွားရေးစနစ်ကို လွတ်လပ်ပွင့်လင်းသော စီးပွားရေးစနစ်အဖြစ် ဖော်ဆောင်ကြသည်။ လွတ်လပ်သော ဈေးကွက်စီးပွားရေးနှင့် ဒီမိုကရေစီကို ယှဉ်တွဲကျင့်သုံးနိုင်မှသာလျှင် နိုင်ငံတော်၏ စီးပွားရေးအဘက်ဘက်မှ တိုးတက်လာမည်ဖြစ်သည်။

### (၈) အလွဲသုံးစားမှုကို ထိန်းချုပ်

အာဏာအသုံးချမှု လွဲမှားလျှင် ခြစားမှုများ၊ မတော်မတရားမှုများ ဖြစ်လာနိုင်သည်။ ဒီမိုကရေစီစနစ်တွင် လွှတ်တော်နှစ်ရပ်၏ သဘောထားအတိုင်းသာ လုပ်ဆောင်ကြရမည် ဖြစ်သဖြင့် လူတစ်ဦးတစ်ယောက်ထံတွင် အာဏာစုပုံမှုမျိုးမရှိရဘဲ မတရားမှုများ ပေါ်ပေါက်မည့်အခြေအနေများ ဖြစ်ပေါ်လာလျှင် လွှတ်တော်အဆင့်ဆင့်မှ ထိန်းချုပ်ရမည်ဖြစ်သည်။ ထိန်းချုပ်နိုင်စေရမည်ဖြစ်သည်။

*စာမျက်နှာ ၉ သို့*




ဒီမိုကရေစီစနစ်တွင် ဥပဒေကို လူတိုင်းလေးစားလိုက်နာရမည်ဖြစ်ရာ ဆူပူအကြမ်းဖက်သူများ၏ ဥပဒေမဲ့ဖျက်ဆီးမှုကြောင့် နိုင်ငံတော်၏ ငွေကြေးစနစ် လည်ပတ်ရာတွင် အထောက်အကူပြုသည့် ပုဂ္ဂလိကဘဏ်များ ပျက်စီးနေသည့်မြင်ကွင်း။

*စာမျက်နှာ ၈ မှ*

**(၉) လူ့အခွင့်အရေးထားရှိမှု**

ဒီမိုကရေစီစနစ်တွင် မွေးရာပါ လူ့အခွင့်အရေးများ ပါရှိထားပြီးဖြစ်၍ ဒီမိုကရေစီအစိုးရများသည် နိုင်ငံသားများ၏ အခွင့်အရေးများကို ထိန်းသိမ်းပေးရမည်ဖြစ်သည်။ ဒီမိုကရေစီမကျင့်သုံးသော နိုင်ငံများတွင် သက်ဆိုင်ရာ နိုင်ငံ့ခေါင်းဆောင်များ၊ အုပ်ချုပ်သူ လူတန်းစားများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများရှိလာနိုင်သည်။

**(၁၀) ပွင့်လင်းမြင်သာရွေးချယ်မှု**

ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ နိုင်ငံများမှ ရွေးချယ်တင်မြှောက်သော ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်နိုင်ငံသားများ၏ ယုံကြည်မှုပျက်ပြားစေနိုင်သော မဲလိမ်လည်မှု၊ မဲခိုးမှု စသည့်မသမာမှုများ မရှိအောင် ကြီးကြပ်ထိန်းသိမ်း လုပ်ဆောင်ရမည်ဖြစ်သည်။

**(၁၁) လူ့အခွင့်အရေးထိန်းသိမ်း**

လူသားတိုင်းတွင် မွေးရာပါ လူ့အခွင့်အရေးများ ပါရှိလာပြီးဖြစ်သည်။

**"ဒီမိုကရေစီစနစ်ကို တည်ဆောက်ရာ၌ ကိုယ့်တိုင်းပြည်နှင့်ကိုယ် လိုက်ဖက်ဆီလျော်အောင် ဆောင်ရွက်ကြသည်ဖြစ်သော်လည်း စည်းကမ်းစနစ်ကျနသည့် ဒီမိုကရေစီနိုင်ငံများ၏ အလေ့အကျင့်ကောင်းများကို အတုယူရမည်ဖြစ်သည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းသူပြည်သားများ ချမ်းသာကြွယ်ဝရေးအတွက် လုပ်ကိုင်ဆောင်ရွက်ပုံများကိုလည်း နည်းနာယူရမည်ဖြစ်သည်။ ဒီမိုကရေစီကို လက်သုံးစကားတစ်ခုဟု မမှတ်ယူဘဲ ဒီမိုကရေစီစံနှုန်းများနှင့်အညီ ကျင့်သုံးအားထုတ်ကြရပေမည်။ ဒီမိုကရေစီဟူ၍ ထင်ရာလုပ်လျှင် ပရမ်းပတာဖြစ်ပေမည်။ ဒီမိုကရေစီဟုဆိုပြီး သူတစ်လူ ငါတစ်မင်းလုပ်လျှင် မင်းမဲ့တိုင်းပြည် ဖြစ်ပေလိမ့်မည်"**

လွတ်လပ်စွာ ပညာသင်ကြားနိုင်ခွင့်၊ လွတ်လပ်စွာပြောဆိုပိုင်ခွင့်၊ လွတ်လပ်စွာ ရေးသားဖော်ထုတ်နိုင်ခွင့် အစရှိသည့် လူ့အခွင့်အရေးများအား ထိန်းသိမ်းကြရမည်ဖြစ်သည်။

**(၁၂) ပါတီစုံစနစ်ကျင့်သုံး**

ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြိုင်ဆိုင်မှုများရှိပါမှ တိုးတက်မှုများရရှိနိုင်မည်ဖြစ်သည့်အလျောက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများတွင် ပါတီအားလုံး လွတ်လပ်စွာ ပါဝင်ယှဉ်ပြိုင်နိုင်ခွင့်ရှိစေရမည်။

**(၁၃) ဥပဒေလေးစားလိုက်နာ**

စည်းကမ်းလိုက်နာ ဘေးကင်းကွာ ဆိုသည့်အတိုင်း ဥပဒေကို မည်သို့ပင်ဖြစ်စေကာမူ လုပ်ချင်သလိုလုပ်မည်ဆိုလျှင် ဥပဒေကို မလေးစားခြင်းဖြစ်သည်။ ဒီမိုကရေစီစနစ်တွင်သာမက မည်သည့်စနစ်ပင်ဖြစ်စေ ဥပဒေကို လူတိုင်းလူတိုင်း လေးစားလိုက်နာကြရမည်ဖြစ်သည်။ ဥပဒေအထက်တွင် မည်သူတစ်ဦးတစ်ယောက်မျှ မရှိစေရပါ။

အထက်ဖော်ပြပါ ဒီမိုကရေစီစံနှုန်းများသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးသော နိုင်ငံများအားလုံး လိုက်နာရန် သတ်မှတ်ထားသော နိုင်ငံတကာစံနှုန်းများဖြစ်ပါသည်။

ဒီမိုကရေစီကျင့်သုံးသော မည်သည့်နိုင်ငံမဆို စည်းနှင့်ကမ်းနှင့် ဥပဒေနှင့်အညီ ကျင့်သုံးနေကြရမည်ဖြစ်သည်။ စည်းမဲ့ကမ်းမဲ့ နေထိုင်လုပ်ကိုင်ကြသော နိုင်ငံများသည် ဒီမိုကရေစီနိုင်ငံ မဟုတ်ပေ။ ဒီမိုကရေစီနိုင်ငံ ဟုတ်သည်ဆိုသော်လည်း စည်းကမ်းမရှိသော ဒီမိုကရေစီနိုင်ငံသာ ဖြစ်ပေလိမ့်မည်။ ဒီမိုကရေစီနိုင်ငံများတွင် လွတ်လပ်စွာနေထိုင်လုပ်ကိုင်ခွင့်ရကြသော်လည်း စည်းကမ်းဥပဒေကို လေးစားလိုက်နာကြရသည်။ စည်းကမ်းဥပဒေများကို လေးစားလိုက်နာကြသော ဒီမိုကရေစီနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ တိုင်းသူပြည်သားများ ငြိမ်းချမ်းသာယာဝပြောစွာဖြင့် စိတ်နှလုံးချမ်းမြေ့စွာ နေထိုင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

ဒီမိုကရေစီစနစ်ကို တည်ဆောက်ရာ၌ ကိုယ့်တိုင်းပြည်နှင့်ကိုယ် လိုက်ဖက်ဆီလျော်အောင် ဆောင်ရွက်ကြသည်ဖြစ်သော်လည်း စည်းကမ်းစနစ်ကျနသည့် ဒီမိုကရေစီနိုင်ငံများ၏ အလေ့အကျင့်ကောင်းများကို အတုယူရမည်ဖြစ်သည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းသူပြည်သားများ ချမ်းသာကြွယ်ဝရေးအတွက် လုပ်ကိုင်ဆောင်ရွက်ပုံများကိုလည်း နည်းနာယူရမည်ဖြစ်သည်။ ဒီမိုကရေစီကို လက်သုံးစကားတစ်ခုဟု မမှတ်ယူဘဲ ဒီမိုကရေစီစံနှုန်းများနှင့်အညီ ကျင့်သုံးအားထုတ်ကြရပေမည်။ ဒီမိုကရေစီဟူ၍ ထင်ရာလုပ်လျှင် ပရမ်းပတာဖြစ်ပေမည်။ ဒီမိုကရေစီဟုဆိုပြီး သူတစ်လူ ငါတစ်မင်းလုပ်လျှင် မင်းမဲ့တိုင်းပြည်ဖြစ်ပေလိမ့်မည်။

စစ်မှန်ခြင်းဆိုသည်မှာ ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းများ၊ အလေ့အထများကို မှန်မှန်ကန်ကန် လုပ်ဆောင်ကြရန်ဖြစ်သည်။ ဒီမိုကရေစီ၏ သရုပ်သကန်တစ်ခုဖြစ်သည့် ရွေးကောက်ပွဲကျင်းပပြုလုပ်ရာတွင် ရွေးကောက်ပွဲဥပဒေနှင့်အညီ တရားမျှတမှုရှိစွာဖြင့် လွတ်လပ်မှန်ကန်စွာ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုအချက်သည် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအတွက် အရေးအကြီးဆုံးအချက်ဖြစ်သည်။ ရွေးကောက်ပွဲတိုင်းတွင် မသမာမှု၊ မရိုးသားမှုများ ရှိတတ်သော်လည်း အနည်းဆုံးအခြေအနေဖြင့် ပွင့်လင်းမြင်သာ တရားမျှတမှုရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အဓိကတာဝန်ရှိသူများကလည်း ဘက်လိုက်မှုမရှိဘဲ တရားမျှတမှုရှိစွာဖြင့် သမာသမတ်ကျအောင် ပြုမူနေထိုင်လုပ်ကိုင်ကြရမည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို အစပျိုးလျှောက်လှမ်းနေသော နိုင်ငံဖြစ်သည်။ အစပျိုးကာလတွင် ဒီမိုကရေစီစံနှုန်းများကို ဖောက်ဖျက်ခဲ့ကြသည့်အပြင် ဒီမိုကရေစီနှင့် လားရာဆန့်ကျင်သည့် တိုင်းပြည်ပျက်စီးရေးလုပ်ရပ်များကိုပါ လုပ်ကိုင်လာကြသည်ကို ပြည်သူများအားလုံး ကိုယ်တိုင်ကြုံတွေ့ခံစားနေကြရပြီဖြစ်သည်။ တိုင်းပြည်ဖျက်ဆီးရေးမှသည် တိုင်းပြည်ပြိုကွဲပျက်စီးခြင်းမဖြစ်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဒီမိုကရေစီမှ သွေဖည်ပြီး တိုင်းပြည်ပြိုကွဲပျက်စီးသွားသော နိုင်ငံများရှိသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်ကို စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အဓိကလိုအပ်ချက်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

ဒီမိုကရေစီအနှစ်သာရ၊ စံနှုန်းများကို အခြေခံပြီး မြန်မာနိုင်ငံနှင့် ဆီလျော်လိုက်ဖက်သော စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို အောင်မြင်အောင် ဖော်ဆောင်ကြရမည်ဖြစ်ပါသည်။ ။




ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပညာရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ရာ ကျောင်းသား ကျောင်းသူများ စာသင်ကြားသည့် အဆောက်အအုံများကို အကြမ်းဖက်သူများက ဗုံးခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများကြောင့် ပျက်စီးခဲ့ရသည့် စာသင်ကျောင်းများ။

## မုံးထမြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၅

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) မုံးထမြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ဖေဖော်ဝါရီ ၄ ရက်တွင် အဆိုပါမြို့ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်း က သွားရောက်တွေ့ဆုံသည်။**

တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများအလိုက် တင်ပြချက်များအပေါ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ယာပုံ)

သတင်းစဉ်






## မြဝတီဘဏ် လီမိတက်၏ (၆၇)ခုမြောက် မြဝတီဘဏ်(မှော်ဘီ)ဘဏ်ခွဲဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြဝတီဘဏ်လီမိတက်၏ (၆၇)ခုမြောက် မြဝတီဘဏ်(မှော်ဘီ)ဘဏ်ခွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ အဆိုပါဘဏ်ခွဲ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ မြဝတီဘဏ် ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘဏ်ခွဲကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ဖွင့်လှစ်ပေးသည်။**(ဝဲပုံ)**

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါ မြဝတီဘဏ်ခွဲ(မှော်ဘီ)အား မှော်ဘီမြို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လူမှုဖူလုံရေး အကျိုးခံစားခွင့်ထုတ်ပေး

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်လူမှုဖူလုံရေးအဖွဲ့ နယ်မြေရုံးခွဲခြောက်မြို့နယ်၌ အကျုံးဝင်မှတ်ပုံတင်ထားသော လှိုင်မြို့နယ် အမှတ်(၈)သစ်စက်မှ အာမခံအလုပ်သမား ဦးအောင်မျိုး (လျှပ်စစ်ကျွမ်းကျင် – ၄) ၏ အလုပ်ခွင်ထိခိုက်ဒဏ်ရာ ရရှိမှုအတွက် လူမှုဖူလုံရေးအဖွဲ့က အမြဲတမ်းမသန်စွမ်းမှုနှင့် သက်ဆိုင်သည့် ငွေလုံးငွေရင်း ခံစားခွင့်ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း ရှင်းလင်းပြောကြားပြီး ဦးအောင်မျိုး (လျှပ်စစ်ကျွမ်းကျင် –၄)၏ အလုပ်ခွင် ထိခိုက်ဒဏ်ရာရရှိမှုအတွက် လူမှုဖူလုံရေးအဖွဲ့က အမြဲတမ်းမသန်စွမ်းမှုနှင့် သက်ဆိုင်သည့် ငွေလုံးငွေရင်း တစ်လုံးတစ်ခဲတည်း ခံစားခွင့် ငွေကျပ် ၆၃၅၀၄၀၀ အား အလုပ်ဌာနတာဝန်ခံ၊ အလုပ်ဌာန ကိုယ်စားလှယ်တို့ရှေ့တွင် အကျိုးခံစားခွင့်ငွေကို ထုတ်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့တွင် အလုပ်သမားဆေးရုံကြီး နှစ်ရုံ၊ လူမှုဖူလုံရေးဆေးခန်း ၂၂ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်း၊ Mobile Medical Unit နှစ်စီး၊ ဌာနကြီးဆေးခန်း ၁၆ ခန်း၊ PPS စနစ် (Capitation Payment) ဖွင့်လှစ်သည့်ဆေးခန်း ငါးခန်း၊ PPS စနစ် (Fee for Service) ဖွင့်လှစ်သည့် ဆေးခန်း ၁၀ ခန်းတို့ဖြင့် အကျုံးဝင်မှတ်ပုံတင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ၁၃၃၄၉ ဌာနနှင့် အကျုံးဝင် အာမခံအလုပ်သမား ၇၃၆၇၆၀ တို့အား ကျန်းမာရေးစောင့်ရှောက်လျက်ရှိပြီး ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့်များကိုလည်း ထုတ်ပေးလျက်ရှိသည်။

**သတင်းစဉ်**



## ပြည်တွင်းစားသုံးမှုနှင့်ပြည်ပပို့ကုန်အဖြစ် ပုစွန်ခြောက်၊ မျှင်ငါးပိနှင့် အာပုံခြောက်ကို ထုတ်လုပ်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၅

**ပြည်တွင်းစားသုံးမှုနှင့် ပြည်ပဝင်ငွေရရှိနေသော ပုစွန်ခြောက်၊ မျှင်ငါးပိနှင့် အာပုံခြောက်ကို ဧရာဝတီတိုင်းဒေသကြီး ပင်လယ်ပြင်ကျားဖောင်လုပ်ငန်းမှ ရရှိလျက် တစ်နှစ်လျှင် ခြောက်လ ရေထွက်ကုန်များကို ဖမ်းဆီးထုတ်လုပ်တင်ပို့လျက်ရှိကြောင်း သိရသည်။**

ဧရာဝတီတိုင်း ဒေသကြီးသည် လယ်ယာစိုက်ပျိုးရေးနှင့် ငါးရေလုပ်ငန်းကို အဓိကလုပ်ကိုင်သော ဒေသတစ်ခုဖြစ်ရာ ပင်လယ်ဆိပ်ကမ်း ၁၀ ခုမှ နေ့စဉ်ရေထွက်ကုန်ပစ္စည်းများ ကုန်စည်စီးဆင်းလျက်ရှိသည်။ ဖျာပုံခရိုင်ရေလုပ်ငန်း၏ အသက်သွေးကြောတစ်ခုဖြစ်သော ပင်လယ်ပြင်ကျားဖောင်လုပ်ငန်းကို အောက်တိုဘာလမှ ဧပြီလအထိ ပင်လယ်ပြင်တွင် စက်လှေ၊ ဝါးဖောင်များဖြင့် ဖမ်းဆီးလျက်ရှိပြီး အင်္ဂလန်ကျားဖောင်လုပ်ငန်း၊ မျှောပိုက်လုပ်ငန်း၊ စိန်ပိုက်လုပ်ငန်းနှင့် ဘုံကျောင်းလုပ်ငန်းဟူ၍ ရေလုပ်ငန်း လေးမျိုး ရှိရာ၌ အင်္ဂလန်ကျားဖောင် လုပ်ငန်းသည် အန္တရာယ်အများဆုံးနှင့် လုပ်သားအများဆုံး လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

ပင်လယ်ပြင် ရေသယံဇာတ ရှားပါးမှုကို ထိန်းချုပ်မှုအဖြစ် ဇွန်လမှသြဂုတ်လအထိငါးဖမ်းဆီးမှုကို ယမန်နှစ်က တားမြစ်ခဲ့ပြီး ရေသယံဇာတနှင့် အလုပ်အကိုင်အခွင့်အလမ်းပေါ် မူတည်၍ ပင်လယ်ပြင်ကျားဖောင်ဖြင့် ငါး၊ ပုစွန် ဖမ်းဆီးမှုကိုလည်း ငါးလုပ်ငန်းဦးစီးဌာနမှ ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ဖျာပုံခရိုင်တစ်ခုတည်း၌ ပင်လယ်ပြင်ကျားဖောင်လုပ်ငန်း ရှိသည့်အတွက် ထွက်ရှိသောပုစွန်ခြောက်နှင့် မျှင်ငါးပိကို ဒေသတွင်း နိုင်ငံအချို့နှင့် ထိုင်းနိုင်ငံ ရနောင်းသို့လည်းကောင်း၊ မျှင်ငါးပိနှင့် အာပုံခြောက်အား အထက်မြန်မာပြည်နှင့် နယ်စပ်ဒေသများသို့ လည်းကောင်း နှစ်စဉ်တင်ပို့လျက်ရှိရာ ထုတ်လုပ်မှုထက် ဝယ်လိုအားများသည့်အတွက် ကျားဖောင်လုပ်ငန်းသည် ဖျာပုံခရိုင်၏ စီးပွားရေးအချက်အချာကျရာ လုပ်ငန်းတစ်ခုအဖြစ် အရေးပါလျက်ရှိသည်။

"ဖျာပုံခရိုင်မှာ ကပျက်ကျေးရွာ၊ နောင်မီးကျေးရွာ၊ ဘုန်းကြီးသောင် ချောင်းဝကျေးရွာနဲ့ ဖျာပုံမြို့မဆိုပြီး အသင်းလေးသင်းရှိတယ်။ အဲဒီအသင်းလေးသင်းက ကျားဖောင်စက်လှေ ၂၀၅ စင်းရှိတယ်။ စက်လှေတစ်စင်းကို ကျားဖောင်ရှစ်စင်းထိ လုပ်ကိုင်ကြတယ်။ ပြည်တွင်းဈေးကွက်မှာ အသုံးပြုနေတဲ့ ရေငန်ပုစွန်များဟာ ဒီကျားဖောင်တွေက ဖမ်းဆီးရမိတာပါ။ ပြီးတော့ ငါးနက်ခြောက်လို့ခေါ်တဲ့ အာပုံခြောက်နဲ့ မျှင်ငါးပိ အပါအဝင် အဲဒီသုံးမျိုးကို အဓိကထားပြီး ထုတ်လုပ်ပါတယ်။ ရေလုပ်ငန်းဟာ ဖျာပုံခရိုင်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေတဲ့အပြင် ဒေသခံတွေရဲ့ အလုပ်အကိုင် အခွင့်အလမ်းကိုလည်း ပွင့်လန်းစေပါတယ်။ ရေလုပ်သားတွေအနေနဲ့ ငါးလုပ်ငန်းဦးစီးဌာနက ချမှတ်ထားတဲ့ အမိန့်ကြေညာစာတွေကို လိုက်နာသွားမယ်ဆိုရင် ဒီလုပ်ငန်းဟာ သားစဉ်မြေးဆက် ဖွံ့ဖြိုးနေမှာပါ"ဟု ဖျာပုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကိုကိုလွင်က ပြောကြားသည်။

ပင်လယ်ပြင်တွင် ကျားဖောင်ဖြင့် ငါး၊ ပုစွန်ဖမ်းဆီးရာ၌ ရေအနက် ၂၈ လံတွင် ဖမ်းဆီးလေ့ရှိပြီး ငွေကျပ်သိန်း ၃၀ ခန့် တန်ဖိုးရှိ ဝါးဖောင် တည်ဆောက်ကာ ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ ပိုက်ဖြင့် လုပ်သားငါးဦးအထိ ရေတက်၊ ရေကျဖမ်းဆီးခြင်း ဖြစ်သည်။ ပင်လယ်ပြင်ကျားဖောင်လုပ်ငန်းအတွက် ဒေသခံများအလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေစေသည့်အပြင် ကုန်းပေါ်သို့ပို့ဆောင်သည့် ရေထွက်ပစ္စည်းအတွက် အလုပ်အကိုင်များ ရရှိလျက်ရှိသည်။ ထိုင်းနိုင်ငံနှင့် အာဆီယံနိုင်ငံများသို့ ပုစွန်ခြောက်နှင့် မြန်မာ့မျှင်ငါးပိကိုဈေးကွက်တစ်ခုအဖြစ် လက်ခံစားသုံးလျက် ပြည်တွင်း အခြေခံစားသောက်ကုန် အဖြစ်လည်း အထောက်အပံ့ ရရှိလျက်ရှိရာ အဆိုပါရေထွက်ကုန်သုံးမျိုးအား ဖျာပုံခရိုင်ပင်လယ်ပြင် ကျားဖောင်လုပ်ငန်းမှ ဖမ်းဆီးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**ညီမ်းသူ (သတင်းစဉ်)**

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းလုပ်အားပေးပွဲ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ စုပေါင်းလုပ်အားပေးပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင် ၃၇၅ ဦးတို့က ဆေးရုံကြီးအတွင်း သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ ရှင်းလင်းခြင်း၊ ချုံနွယ်များနှင့် ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်းခြင်းတို့အား စုပေါင်းလုပ်အားပေးခဲ့ကြသည်။

စုပေါင်းလုပ်အားပေးပွဲသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် ဇော်ထွန်းအောင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဆန်းလွင်ဦးနှင့် ဆေးရုံတာဝန်ရှိသူများက လုပ်အားပေးဆောင်ရွက်သည့် တပ်ဖွဲ့ဝင်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



❐ *ကျောဖုံးမှ*

အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော် ဘဏ္ဍာအဖြစ် သိမ်းဆည်း ခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ်နေ ကျော်စွာသည် ၎င်းအသုံးပြုသည့် “Kyaw Swar” Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်နေ ခင်စောမျိုးဝင်းသည် ၎င်းအသုံးပြုသည့် “Khin Saw Myo Win” Facebook အကောင့်၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် အောင်သုခရပ်ကွက်နေ ဘိုဘိုဇော် (၃၆)နှစ်သည် ၎င်းအသုံးပြုသည့် “Bo Bo Zaw” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နေ ယွန်းညိုချောသည် ၎င်းအသုံးပြုသည့် “Yoon Nyo Chaw” Facebook အကောင့်၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်နေ ခိုင်ချမ်းမြေ့သည် ၎င်းအသုံးပြုသည့် “Khaing Chan Myae” Facebook အကောင့်၊ လသာမြို့နယ်နေ တင်ကိုဇော်သည် ၎င်းအသုံးပြုသည့် “Tin Ko Zaw” Facebook အကောင့်၊ လမ်းမတော်မြို့နယ်ရှိ ကျော်သီဟသည် ၎င်းအသုံးပြုသည့် “Kyaw Thiha”Facebook အကောင့်၊ အင်းစိန်မြို့နယ်နေ ဋ္ဌေးဋ္ဌေးလှိုင်သည် ၎င်းအသုံးပြုသည့် “Htay Htay Hlaing” Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်နေ ဖြူဖွေးသည် ၎င်းအသုံးပြုသည့် “Phwe Phwe” Facebook အကောင့်၊ ကလောမြို့နယ် ဟဲဟိုးမြို့ ရွာသစ်ရပ်ကွက်နေ ဇာခြည်ဝင်း (ခ)အေးမြချမ်း (၃၇)နှစ်သည် ၎င်းအသုံးပြုသည့် “Zar Chi Win” Facebok အကောင့်နှင့် ညောင်ရွှေမြို့နယ်နေ အောင်သန်းကျော်သည် ၎င်းအသုံးပြုသည့် “Aung Than Kyaw” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူ လုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

## သံဖြူဇရပ်မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေထုတ်ချေး

**သံဖြူဇရပ် ဖေဖော်ဝါရီ ၅**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်အတွက် ပိန္နဲတောကျေးရွာနှင့် လှာကမိုင်ကျေးရွာသို့ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေ ထုတ်ချေးလျက်ရှိကြောင်း သိရသည်။

ပိန္နဲတောကျေးရွာ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ် ကိုင်ကြမည့် အသင်းဝင် ၅၄ ဦးကို ငွေကျပ် ၃၂၆ သိန်း ထုတ်ချေးခဲ့ကြောင်း သိရသည်။

အလားတူ လှာကမိုင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြမည့် အသင်းဝင် ၇၄ ဦးကို ငွေကျပ် ၃၆၆ သိန်း ထုတ်ချေးခဲ့ပြီး အတိုးရငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာ့စီးပွားရေးဘဏ်သို့ ငွေကျပ် ၆၅ သိန်း ပေးသွင်းထားရှိကြောင်း သိရသည်။ **သတင်းစဉ်**

✻ *ကျောဖုံးမှ*

ရှေးဦးစွာ (၇၀)ကီလိုအောက် ကာယဗလမောင်ပြိုင်ပွဲ၊ (၇၀)ကီလိုအထက် ကာယဗလမောင်ပြိုင်ပွဲ၊ ကာယဗလမောင်များ အလွတ်တန်းပြိုင်ပွဲ၊ အမျိုးသမီး ကာယဗလမယ်ပြိုင်ပွဲနှင့် အမျိုးသား/အမျိုးသမီးစုံတွဲပြိုင်ပွဲများ ကျင်းပရာ လက်ရွေးစင် အားကစားသမားများက ကိုယ်ဟန်ခုနစ်မျိုးနှင့် တစ်ဦးချင်း စိတ်ကြိုက်ကိုယ်ဟန် အနေအထားဖြင့် ကျစ်လျစ်ကြံ့ခိုင်မှုကို နောက်ခံတေးဂီတဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီးတွင် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဋ္ဌေး၊ ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူးနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးအောင်နိုင်ဆွေတို့က ပြိုင်ပွဲအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အားကစားသမား ကာယဗလမောင်/မယ်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး ရန်ကုန်မြို့တော်ဝန်က အားကစားသမား ကာယဗလမောင်/မယ်များအား ရင်းနှီးစွာ တွေ့ဆုံအားပေးစကား ပြောကြားသည်။

ယင်းအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဋ္ဌေးနှင့် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ လက်ရွေးစင်ကာယဗလမောင်မယ်များသည် ဗီယက်နိုင်ငံ၌ ယခုနှစ် မေ၌ ကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်နေကြခြင်းဖြစ်သည်။ **သတင်းနှင့်ဓာတ်ပုံ – အာကာစိုး**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# ရွှေတိဂုံစေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး ကုသိုလ်ယူစုပေါင်းသန့်ရှင်းရေး ပြုလုပ်

ရန်ကုန် ဖေဖော်ဝါရီ ၅

**ရွှေတိဂုံစေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး ထိန်းသိမ်းဆောင်ရွက်နေမှုလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများသည် စေတီတော်ဂေါပကအဖွဲ့ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လိုက်လံကြည့်ရှုစစ်ဆေးပြီး စေတီတော်ရင်ပြင်ပေါ်တွင် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ရွှေတိဂုံစေတီတော်ဝန်ထမ်းများက ကုသိုလ်ယူစုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုများကို ကြည့်ရှုအားပေးသည်။** (ယာပုံ)



ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး ထိန်းသိမ်းဆောင်ရွက်နေသည့် လုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို စေတီတော်ဘဏ္ဍာတော် ထိန်းဂေါပကအဖွဲ့ တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် စေတီတော်ရင်ပြင်ပေါ်ရှိ သာသနိက အဆောက်အဦများ၊ ဇရပ်တန်ဆောင်းများနှင့် ရင်ပြင်တော် သန့်ရှင်းရေးဆောင်ရွက်နေကြသည့် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်သူများ၊ စေတီတော်ဝန်ထမ်းများက ဘုရားဖူးများ စိတ်ချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရေး သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(မြန်/ဆက်)**



## ပန်းချီဆရာကြီး ဦးခင်မောင်စန်း (မန္တလေး)၏ အမှတ်တရ(၁) ပန်းချီပြပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၅**

ပန်းချီဆရာကြီး ဦးခင်မောင်စန်း (မန္တလေး)၏ အမှတ်တရ (၁) ပန်းချီပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီက မန္တလေး အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်ပန်းချီ ပြခန်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြပွဲစီစဉ်သူ ကွယ်လွန်သူ ဆရာကြီး ဦးခင်မောင်စန်း၏ ဇနီး ဆရာမ ဒေါ်ခင်နန်းဆန်က ပန်းချီပြပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပန်းချီဆရာကြီး ဦးခင်မောင်သန်း၊ ပန်းချီဆရာကြီး ဦးဇော်ဝင်း (သစ်ထွင်း)၊ ဆရာကြီး ဦးစိန်မြင့် (ရွှေချီထိုး )၊ ဆရာဦးစိုးဝင်း၊ ဆရာဦးမြင့်ကျော်၊ ဆရာဦးမြင့်ထွန်း၊ ဆရာဦးစိုးဝင်းအောင်တို့က မုဒိတာစကားများ ပြောကြားပြီး ဆရာဦးမျိုးမြင့်သိုက်က ကဗျာရွတ်ဆိုဂုဏ်ပြုသည်။ ဆက်လက်၍ ပန်းချီပြပွဲစီစဉ်သူ မိသားစုက ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။ ထို့နောက် တက်ရောက်လာသူ ပန်းချီဆရာများ၊ ဖိတ်ကြားထားသူများက ပြသထားသော ပန်းချီကားများကို ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

အဆိုပါပန်းချီပြပွဲကို ဖေဖော်ဝါရီ ၅ ရက်မှ ၇ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသမည်ဖြစ်ပြီး မည်သူမဆို လာရောက်ကြည့်ရှုရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## စနစ်ကျလယ်ယာမြေ ဧက ၁၀၀ ဖော်ထုတ်ခြင်းစီမံကိန်းနှင့် လူစီးနင်းမောင်းနှင်နိုင်သော သမန်းမွှေစက်တုံးသရုပ်ပြပွဲ တာဝန်ရှိသူများကွင်းဆင်းကြည့်ရှု

**ရေတာရှည် ဖေဖော်ဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမိုးထက်သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက ရေတာရှည်မြို့နယ် ညောင်ပင်သာကျေးရွာအုပ်စု ဖိုကြာညို ကျေးရွာအနီး ကွင်းအမှတ် ၆၅၇ က-ခ/ ၆၅၈ ကွင်း၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေ ကျပ် ၁၂၄ ဒသမ ၉ သန်းဖြင့် Dagon Complete Machinery Company က တာဝန်ယူဆောင်ရွက်လျက်ရှိသော စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိခဲ့ရာ တောင်ငူခရိုင် စက်မှုလယ်ယာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးအောင်သိန်းလွင်က စီမံကိန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ နွေစပါးအတွက် လုပ်ငန်း လျာထားချက် မရှိသော်လည်း လက်ရှိ ၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်၍ နွေစပါးစိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် စနစ်တကျလယ်ယာမြေ ဧက ၁၀၀ ကွင်းအတွင်း ရေသွင်းစိုက်ပျိုးရန် အသင့်ဖြစ်နေသော လယ်ကွက်၌ ရေတာရှည်မြို့ အမှတ် ၄၈ ထွန်စက်စခန်းက ဦးစီး၍ လက်တွန်းထွန်စက်ငယ်ကို လူလိုက်ပါစီးနင်းမောင်းနှင် သမန်းမွှေသည့် စက်တုံးမောင်းနှင်ခြင်း သရုပ်ပြပွဲကို ဆက်လက်ကြည့်ရှုခဲ့ရာ မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးသန်းဦးက စက်ကိရိယာနှင့် ပတ်သက်ပြီး ရှင်းလင်း ပြောကြားသည်။

**ကိုလွင်(ဆွာ)**



လူစီးနင်းမောင်းနှင်နိုင်သော သမန်းမွှေစက်တုံးသရုပ်ပြပွဲ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစဉ်။

## ကမ္ဘာ့ရေဝပ်ဒေသများနေ့ အခမ်းအနား အင်းလေးကန်ဘေးမဲ့တော၌ ကျင်းပ



**ညောင်ရွှေ ဖေဖော်ဝါရီ ၅**

ကမ္ဘာ့ရေဝပ်ဒေသများနေ့ (World Wetland Day) အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီက အင်းလေးကန် ဘေးမဲ့တော ရွှေရန်ပြေ ပညာပေးပြခန်း၌ ကျင်းပကြောင်း သိရသည်။(ဝဲပုံ)

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဦးက အမှာစကားပြောကြားပြီး အင်းလေးကန် ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးတင်မြစိုးက မြန်မာနိုင်ငံ ရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေများနှင့် ၎င်းတို့၏ပြဿနာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။ ထို့နောက် အင်းလေးကန်ရေဝပ်ဒေသအား ပူးပေါင်းထိန်းသိမ်းပေးသည့် ထီးလင်းကျေးရွာဒေသခံ ထိန်းသိမ်းရေးအဖွဲ့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်ဦးနှင့် တောင်ကြီးခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးတို့က ဂုဏ်ပြုလက်မှတ်နှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်၊ ၂၀၀၄ ခုနှစ်တွင် အရေးပါသည့် ငှက်မျိုးစိတ်နှင့် ဇီဝမျိုးစုံမျိုးကွဲနယ်မြေ၊ ၂၀၁၅ ခုနှစ်တွင် လူသားနှင့် ဇီဝအဝန်းနယ်မြေ၊ ၂၀၁၈ ခုနှစ်တွင် ရမ်ဆာထိန်းသိမ်းရေးနယ်မြေ၊ ၂၀၂၀ ပြည့်နှစ်တွင် အရှေ့အာရှငှက်များ ပျံသန်းရာလမ်းကြောင်းအဖြစ် သတ်မှတ်ထားသောနေရာဒေသ တစ်ခုဖြစ်ကြောင်း သိရသည်။

**နေမျိုးသူရိန်**

## ဇန်နဝါရီလအတွင်း အမေရိကန်၌ အလုပ်အကိုင်ပေါင်း ၄၆၇၀၀၀ တိုးလာ

**နယူးယောက် ဖေဖော်ဝါရီ ၅**

ဇန်နဝါရီလအတွင်း အမေရိကန်၏ စီးပွားရေးတွင် အလုပ်အကိုင် သန်းတစ်ဝက်နီးပါး တိုးလာခဲ့ကြောင်း၊ ယင်းပမာဏမှာ စီးပွားရေးပညာရှင်များခန့်မှန်းထားသည့်ပမာဏထက် သုံးဆကျော်ပို၍ များပြားကြောင်း သိရသည်။

ဖေဖော်ဝါရီ ၄ ရက်တွင် လစဉ်အလုပ်အကိုင် စာရင်းကို အလုပ်သမားဌာနက ထုတ်ပြန်ခဲ့သည်။ စိုက်ပျိုးရေးလုပ်ငန်းများမှ မဟုတ်သော အလုပ်အကိုင် အရေအတွက် ၄၆၇၀၀၀ အထိ တိုးလာကြောင်း ဖော်ပြထားသည်။

စီးပွားရေးပညာရှင်များကမူ ၁၅၀၀၀၀ အထိသာ တိုးလာမည်ဟု မျှော်မှန်းထားခဲ့သည်။ ဘားများနှင့် စားသောက်ဆိုင်များတွင် အလုပ်သမားငှားရမ်းမှုမှာ တိုးတက်လာခဲ့သည်။ ဟိုတယ်နှင့် ဝန်ဆောင်မှုလုပ်ငန်းအတွက် အလုပ်အကိုင်ပေါင်း ၁၅၀၀၀၀ ကျော်အထိ ငှားရမ်းနိုင်ခဲ့သည်။ သို့သော်လည်း အလုပ်လက်မဲ့ပမာဏမှာမူ မပြောင်းလဲဘဲရှိနေကြောင်း သိရသည်။

စီးပွားရေး ပြန်လည်ကောင်းမွန်လာပြီဖြစ်သည်ကို ကိန်းဂဏန်းများက သက်သေပြလျက်ရှိကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။ အမေရိကန်၏ အလုပ်အကိုင် ယန္တရားမှာ ပိုမိုအားကောင်းလာပြီး အလုပ်ကြိုးစားသည့် အမျိုးသားနှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းကောင်းများ ပို၍ခိုင်မာလာမည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။ အလုပ်သမား ငှားရမ်းမှုဈေးကွက်မှာ မြင့်တက်လာသည့်အတွက် အလုပ်သမားဈေးကွက် အားကောင်းလာသည်ဟု စီးပွားရေးပညာရှင်များက ပြောသည်။




အလုပ်သမားငှားရမ်းလိုကြောင်း ကြေညာထားသည်ကို တွေ့ရစဉ်။

အလုပ်သမားပြတ်လပ်မှုကြောင့်လည်း ကုမ္ပဏီများက ပိုမိုများပြားသည့် လုပ်ခလစာပေးရန် အတွက် အခွင့်အလမ်းကောင်းများပေါ်ပေါက်လာသည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်တွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ကိုးသိန်းအထိရှိလာ

**ဝါရှင်တန် ဖေဖော်ဝါရီ ၅**

အမေရိကန် ပြည်ထောင်စုတွင် ဖေဖော်ဝါရီ ၄ ရက်တွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူဦးရေမှာ ၉၀၀၀၀၀ အထိ ရှိလာပြီဖြစ်သည်။

ကိုဗစ် -၁၉ ကူးစက်ခံရသူဦးရေမှာ လျော့နည်းလာပြီဖြစ်သော်လည်း သေဆုံးမှုနှုန်းနှင့် ဆေးရုံတက်ရသည့် လူနာဦးရေမှာမူ ဆက်လက်မြင့်မားနေဆဲဖြစ်သည်။ ဂျွန်ဟော့ကင်းတက္ကသိုလ်က စုစည်းထားသော အချက်အလက်များအရ ဒီဇင်ဘာလလယ်ပိုင်းတွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ၁၀၀၀၀၀ တိုးလာကြောင်း သိရသည်။

ဒီဇင်ဘာလလယ်ပိုင်းတွင် အိုမီခရွန်မျိုးကွဲ ကူးစက်ပျံ့နှံ့လာခြင်းဖြစ်သည်။ ဖေဖော်ဝါရီ ၃ ရက်အထိ တစ်ပတ်တာအတွင်း နေ့စဉ်ကူးစက်မှုမှာ ၃၈၄၀၀၀ ရှိသည်။ ဆေးရုံတက်ရောက်ကုသရမှုနှုန်းမှာ မြင့်မားလျက်ရှိပြီး ရောဂါလက္ခဏာ ပြင်းထန်သဖြင့်



လော့စ်အိန်ဂျလိစ်မြို့ ဆေးရုံတစ်ရုံတွင် ကာကွယ်ဆေးထိုးရန်ပြင်ဆင်နေသည်ကို တွေ့ရစဉ်။

ဆေးရုံတက်ရသည့် လူနာဦးရေမှာ ၁၂၀၀၀၀ ဝန်းကျင်အထိ များပြားလာသည်။ တစ်ပတ်အတွင်းပျမ်းမျှအားဖြင့် နေ့စဉ်သေဆုံးမှုနှုန်းမှာ ၂၄၀၀ ဝန်းကျင်တွင်ရှိသည်။ ဖေဖော်ဝါရီ ၂၆ ရက်ရောက်လျှင် ကိုဗစ် -၁၉ကြောင့် သေဆုံးမှုနှုန်းမှာ ၉၃၀၀၀၀ မှ ၉၆၀၀၀၀ အထိရှိလာနိုင်ကြောင်း အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ခန့်မှန်းထားသည်။ ပြည်သူများအနေဖြင့် ကာကွယ်ဆေးထိုးကြရန်လည်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာမှ အရာရှိများက တိုက်တွန်းထားသည်။

ထို့ပြင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရန်နှင့် လူစုလူဝေးများကို ရှောင်ရှားကြရန်လည်း တိုက်တွန်းထားသည်။ **အင်န်အိတ်ချ်ကေ**

## ဂျပန်နိုင်ငံမှ သံမဏိထည်တင်ပို့မှုအပေါ် အပိုအခွန်ငွေကောက်ခံမှု အမေရိကန်က တစ်စိတ်တစ်ဒေသ ကင်းလွတ်ခွင့်ပေးမည်

**တိုကျို ဖေဖော်ဝါရီ ၅**

အမေရိကန်အစိုးရသည် ဂျပန်နိုင်ငံမှ တင်သွင်းလာသည့် သံမဏိအပေါ် နောက်ထပ် အခွန်စည်းကြပ်မှုကို တစ်စိတ်တစ်ဒေသအားဖြင့် ဖယ်ရှားပေးမည်ဖြစ်သော်လည်း အလူမီနီယံအပေါ်တွင်မူ အခွန်စည်းကြပ်မှု ဆက်လက်ထားရှိဦးမည်ဟု သိရသည်။

အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်သည် ၂၀၁၈ ခုနှစ်တွင် အဆိုပါပစ္စည်းများအပေါ် အခွန်စည်းကြပ်မှုပြုလုပ်ခဲ့သည်။ သံမဏိပေါ်တွင် ၂၅ ရာခိုင်နှုန်းနှင့် အလူမီနီယံအပေါ်တွင် ၁၀ ရာခိုင်နှုန်း အခွန်စည်းကြပ်မှုတိုးမြှင့်ခဲ့သည်။ ဂျပန်နိုင်ငံမှ တင်သွင်းသည့် သံမဏိထည်များအပေါ် နောက်ထပ် အခွန်စည်းကြပ်မှုကို ဖယ်ရှားပေးရန် အမေရိကန်ပြည်ထောင်စုက စဉ်းစားလျက်ရှိကြောင်း သတင်းအရင်းအမြစ်များက ပြောသည်။

သံမဏိနှင့်အလူမီနီယံများအပေါ် အပိုအခွန်စည်းကြပ်ခြင်းကို လုံးဝဖယ်ရှားပေးရန် အမေရိကန်ကို ဆက်လက်တိုက်တွန်းသွားရန် ဂျပန်နိုင်ငံက စီစဉ်လျက်ရှိသည်။ ဥရောပသမဂ္ဂမှ အလူမီနီယံနှင့် သံမဏိတို့ကို သတ်မှတ်ထားသောပမာဏအထိ နောက်ထပ် အခွန်စည်းကြပ်မှုမပြုလုပ်တော့ရန် အမေရိကန်အစိုးရက ဇန်နဝါရီလအတွင်း ဆုံးဖြတ်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ပီရူးနိုင်ငံ၏ ရှေးဟောင်းသုတေသနနေရာအနီးတွင် လေယာဉ်ပျက်ကျရာ ခုနစ်ဦးသေဆုံး



လေယာဉ်ပျက်ကျမှုမြင်ကွင်းကို တွေ့ရစဉ်။

**လီမာ ဖေဖော်ဝါရီ ၅**

ပီရူးနိုင်ငံ၏ နာမည်ကျော် ရှေးဟောင်းသုတေသန နေရာဖြစ်သည့် နက်ဇ်ကာတွင် ဖေဖော်ဝါရီ ၄ ရက်က လေယာဉ်ပျက်ကျခဲ့ရာ လူခုနစ်ဦး သေဆုံးခဲ့ကြောင်း ဒေသခံအာဏာပိုင်များက ပြောသည်။ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ပျက်ကျခဲ့ခြင်းဖြစ်ပြီး ပျံတက်ပြီးနောက် မကြာမီအချိန်အတွင်း ပျက်ကျခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများထဲတွင် လေယာဉ်အမှုထမ်းနှစ်ဦးနှင့် ခရီးသွား ငါးဦးတို့ပါဝင်ကြောင်း ဒေသဆိုင်ရာမီဒီယာများက ဖော်ပြကြသည်။

ခရီးသည်များမှာ အမေရိကန်ပြည်ထောင်စု၊ နယ်သာလန်နှင့် ချီလီနိုင်ငံတို့မှ ပါဝင်ကြောင်း ဒေသတွင်း မီဒီယာများတွင် ဖော်ပြကြသည်။ အသက်ရှင်ကျန်ရစ်သူမရှိကြောင်း သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ခရီးသွားများမှာ ပီရူးနိုင်ငံ မြို့တော်လီမာမြို့မှ တောင်ဘက် ၃၈၂ ကီလိုမီတာအကွာရှိ နက်ဇ်ကာမှပြန်လာကြသူများဖြစ်သည်။ လေယာဉ်ပျက်ကျပြီးနောက် မီးလောင်ခဲ့ကြောင်း ဒေသတွင်း မီးသတ်သမားများက ပြောသည်။

လေယာဉ် ပျက်ကျရသည့်အကြောင်းကို စုံစမ်းသွားမည်ဟု ပီရူးနိုင်ငံ၏ လေကြောင်းစုံစမ်းစစ်ဆေးရေးကော်မရှင်က ပြောသည်။ နက်ဇ်ကာမှာ ခရီးသွားများ လာရောက်လည်ပတ်ရာနေရာ ဖြစ်သည်။ **ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ် -၁၉ စုစုပေါင်း ကူးစက်ခံရသူ ၄၂ သန်းကျော်လွန်လာ

**နယူးဒေလီ ဖေဖော်ဝါရီ ၅**

အိန္ဒိယနိုင်ငံ၌ ဖေဖော်ဝါရီ ၅ ရက်တွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၂၇၉၅၂ ဦး ထပ်မံတွေ့ရှိခဲ့ရာ စုစုပေါင်း ကူးစက်ခံရသူဦးရေမှာ ၄၂၀၈၀၆၆၄ ဦး အထိရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်များအရ သိရသည်။

ဖေဖော်ဝါရီ ၄ ရက်တွင် နောက်ထပ်သေဆုံးသူ ၁၀၅၉ ဦး ထပ်တိုးလာခဲ့ရာ သေဆုံးသူ စုစုပေါင်းမှာလည်း ၅၀၁၁၁၄ ဦးအထိ ရှိလာခဲ့သည်။ တိုင်းပြည်အတွင်း လက်ရှိရောဂါကူးစက်ခံထားရသူ ၁၃၃၁၆၄၈ ဦးရှိသည်။ ရောဂါကူးစက်ခံရသူအရေအတွက် ဆက်တိုက်ကျဆင်းလာသည်မှာ ၁၂ ရက်ဆက်တိုက်ရှိနေပြီဟု သိရသည်။ ယခုအချိန်အထိ အောင်မြင်စွာကုသနိုင်ပြီး ဆေးရုံမှဆင်းသွားသူဦးရေမှာ ၄၀၂၄၇၉၀၂ ဦးအထိရှိလာကြောင်း သိရသည်။

**ဆင်ဟွာ**

## ၂၀၂၂ ပညာသင်နှစ် အဝေးသင်သင်တန်းများ ကျောင်းအပ်မှတ်ပုံတင်ရန် ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ကြေညာချက်**

**၂၀၂၂ ပညာသင်နှစ် အဝေးသင်သင်တန်းများ ကျောင်းအပ်မှတ်ပုံတင်ခြင်း**

၂၀၂၂ ပညာသင်နှစ်၌ တက္ကသိုလ်အသီးသီး၏ အဝေးသင် သင်တန်းများတွင် ဝိဇ္ဇာ၊သိပ္ပံအထူးပြု ဘာသာရပ်များဖြင့် ကျောင်းအပ်နှံရန်ကျန်ရှိသည့် အဝေးသင် ကျောင်းသား/ကျောင်းသူများအတွက် ကျောင်းအပ်မှတ်ပုံတင်ခြင်းကို (၂၂-၂-၂၀၂၂) ရက်နေ့အထိ တိုးမြှင့်လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး စာစဉ်ပို့ချချက်များကို (၂၄-၁-၂၀၂၂) ရက်နေ့မှ စတင်ပို့ချနေပြီဖြစ်သဖြင့် သတ်မှတ်ရက်အတွင်း စာစဉ်များကို တင်သွင်းရမည်ဖြစ်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့်အီးမေးလ် လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ**

## ကိုဗစ်-၁၉ အထူးချေးငွေ ပေးဆပ်ရန်ကာလနှင့် ၂၀၂၁ - ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးမှုကာလများကို တိုးမြှင့်ပြင်ဆင်သတ်မှတ်ကြောင်း တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ဘဏ်တည်ထောင်သည့် ၁၉၅၃ ခုနှစ်မှစ၍ တောင်သူလယ်သမား ဦးကြီးများနှင့် ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန် ကျေးဇူးပြုရင်း ရပ်တည်လာခဲ့သည်မှာ နှစ်ပေါင်း (၇၀) နီးပါးရှိခဲ့ပြီဖြစ်ပါသည်။ ယခင်က စိုက်ပျိုးစရိတ်ချေးငွေ တစ်ခုတည်းကိုသာ ထုတ်ချေးခဲ့ရာမှ ယနေ့အချိန်တွင် စိုက်ပျိုးစရိတ်ချေးငွေသာမက ဖွံ့ဖြိုးရေးချေးငွေများဖြစ်ကြသည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ (JICA, Two Step Loan)၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး နှစ်ဆင့်ချေးငွေ (MEB, Two Step Loan) နှင့် ကိုဗစ်-၁၉ အထူးချေးငွေ စသည့်ချေးငွေများကိုလည်း တိုးတက်ထုတ်ချေးလျက်ရှိပါသည်။

၂။ ယခုအခါ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရန် ထုတ်ပြန်ရသော သွားလာမှုကန့်သတ်ချက်များ၊ ကုန်စည်ကူးသန်းရောင်းဝယ်မှု အခက်အခဲများ၊ သယ်ယူပို့ဆောင်မှုအခက်အခဲများ စသည်တို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူဦးကြီးများ၏ အခက်အခဲများကို အထိုက်အလျောက်ပြေလည်စေရန်နှင့် စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူထားသော ကိုဗစ်-၁၉ အထူးချေးငွေ ပြန်လည်ပေးဆပ်မှုနှင့် ဆောင်းရာသီ စိုက်ပျိုးကာလအမီ ချေးငွေသစ်များ အဆင်ပြေစွာ ထုတ်ချေးနိုင်ရေးအတွက် ကိုဗစ်-၁၉ အထူးချေးငွေ ပြန်လည်ပေးဆပ်ရမည့်ကာလနှင့် ၂၀၂၁-ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးသည့်ကာလများကို အောက်ပါအတိုင်း တိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးထားပါသည် -

(က) **ကိုဗစ်-၁၉ အထူးချေးငွေ** ပြန်လည်ပေးဆပ်ရန်ကာလကို ပထမအကြိမ် ပြင်ဆင်သတ်မှတ် ဖြေလျှော့ပေးခဲ့သည့် (၃၁-၁၂-၂၀၂၁) ရက်နေ့အစား ၂၀၂၂ ခုနှစ်၊ မတ်လကုန်အထိ။

(ခ) ၂၀၂၁- **ဆောင်းရာသီ စိုက်ပျိုးစရိတ် ချေးငွေ** ထုတ်ချေးပေးမှု နောက်ဆုံးရက်ကို (၃၁-၁-၂၀၂၂) ရက်နေ့အစား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန်အထိ။

၃။ သို့ဖြစ်ပါ၍ တောင်သူလယ်သမား ဦးကြီးများအနေဖြင့် ယခင်ချေးငွေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲများနှင့် အချိန်မီဆက်သွယ်ဆောင်ရွက်ကြပါရန် လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

## သင်ကြား၊ သင်ယူမှုမထိခိုက်စေဖို့ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး ထိုးကြပါစို့

၁



နေထိုင်မှုပုံစံအသစ်နှင့်အတူ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှာ သင်ကြားသင်ယူမှုများ ပြန်လည်စတင်နိုင်ဖို့အတွက် ကျောင်းသား/သူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်မှုမှာ အလွန်အရေးကြီး ပါသည်။

၂

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ် အသီးသီးမှာ ပညာသင်ယူကြမည့် ကျောင်းသား/သူများကို ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးများ စနစ်တကျထိုးနှံပေးသွားမည်ဖြစ်ပါသည်။



၃



ကာကွယ်ဆေးထိုးနှံပေးရာ စုရပ်နေရာများတွင် အရေးပေါ်လိုအပ်မည့် ဆေးဝါးများနှင့် လူနာတင်ယာဉ်တို့ကို အသင့်စီစဉ်ထား ရှိမည်ဖြစ်ပါသည်။

ကာကွယ်ဆေး (၂)ကြိမ်ထိုးနှံပြီးပါက ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြား သင်ယူနိုင်မှာဖြစ်တဲ့အပြင် ပြည်သူလူထုအတွင်းမှာလည်း ကာကွယ်ဆေး လွှမ်းခြုံမှုမြင့်မားလာပြီး ရောဂါဖြစ်ပွားမှုကိုပိုမို တားဆီးကာကွယ်နိုင်မှာဖြစ်တဲ့အတွက် ...

## ကျောက်ပန်းတောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံပြီးသူ ၁၁၅၂၉၄ ဦးရှိပြီး ဒုတိယအကြိမ်ထိုးနှံပြီးသူ ၈၆၂၈၇ ဦးရှိ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကိုမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် နေ့စဉ်ဆေးထိုးစုရပ်များ ဖွင့်လှစ်ထိုးနှံပေးလျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက်အထိ ပထမကြိမ်ဆေးထိုးနှံပြီးသူ ၁၁၅၂၉၄ ဦးရှိပြီး ဒုတိယအကြိမ် ထိုးနှံပြီးသူ ၈၂၈၇၆ ဦးရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု လျော့နည်းစေရေးနှင့် ဆေးထိုးနှံမှုရာခိုင်နှုန်း အပြည့်အဝလွှမ်းခြုံနိုင်စေရေး အတွက် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ ပူးပေါင်းပါဝင်လျက် မြို့ပေါ်ဆေးထိုးစုရပ်များဖြစ်သည့် သာသနာ့ဗိမာန်နှင့် မြို့နယ်အားကစားခန်းမ တို့တွင် ဖွင့်လှစ်ထိုးနှံပေးလျက်ရှိသည့်အပြင် ကျေးရွာအုပ်စုများတွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ကွင်းဆင်းထိုးနှံပေးလျက်ရှိရာ တစ်မြို့နယ်လုံး ဆေးထိုးနှံရန် အကျုံးဝင်သူ စုစုပေါင်း ၂၁၂၃၀၁ ဦး ရှိသည့်အနက် ဖေဖော်ဝါရီ ၄ ရက် ဆေးထိုးစုရပ် ပိတ်သိမ်းချိန်အထိ ပထမ အကြိမ် ဆေးထိုးနှံပြီးစီးသူ ၁၁၅၂၉၄ ဦးရှိပြီး ဒုတိယ အကြိမ် ဆေးထိုးနှံပြီးသူ ၈၆၂၈၇ ဦး ရှိပြီဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ တာဝန်ရှိသူတစ်ဦးထံမှ သိရပြီး၊ ဖေဖော်ဝါရီ ၄ ရက်မှစ၍ Phase -7 (First Dose) ထိုးနှံခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## ဖေဖော်ဝါရီ ၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၄၆ ဦး တွေ့ရှိ

### ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိ

(၅–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၇,၄၄၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၄၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၂၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၄၉၇,၁၆၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၇,၅၆၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၇၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၃,၉၅၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၀) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၅–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၁၄၄) ခု | (၄၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၉) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၂၉) ခု | (၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၁) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၁၆) ခု | (၄၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၃၃၉) ခု | (၅၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၂,၇၉၆) ခု | (၁၉၄) ဦး |
| စုစုပေါင်း | (၂၇,၄၄၄) ခု | (၃၄၆) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှ ကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေး တိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၅- ၂ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၇၄၉၆၈၆၀ | ၄၇၅၇၃၅၈၆ | ၉၂၄၅၃၀ |
| ၂။ | အိန္ဒိယ | ၄၂၀၈၀၆၆၄ | ၄၀၂၄၇၉၀၂ | ၅၀၁၁၄၃ |
| ၃။ | ဘရာဇီး | ၂၆၃၁၉၀၃၃ | ၂၂၆၁၇၆၆၅ | ၆၃၁၀၆၉ |
| ၄။ | ပြင်သစ် | ၂၀၃၈၈၃၉၀ | ၁၃၇၆၂၀၄၈ | ၁၃၂၂၀၇ |
| ၅။ | ဗြိတိန် | ၁၇၆၈၉၈၈၅ | ၁၄၉၇၇၀၉၆ | ၁၅၇၉၈၄ |
| ၆။ | ရုရှား | ၁၂၆၃၀၀၄၇ | ၁၀၅၀၉၆၈၈ | ၃၃၄၇၅၃ |
| ၇။ | တူရကီ | ၁၂၀၅၁၈၅၂ | ၁၁၂၅၆၉၄၂ | ၈၈၃၁၂ |
| ၈။ | အီတလီ | ၁၁၄၄၉၆၀၁ | ၉၀၈၃၀၉၀ | ၁၄၈၁၆၇ |
| ၉။ | ဂျာမနီ | ၁၀၇၇၈၈၂၉ | ၈၀၁၆၀၀၀ | ၁၁၉၂၃၄ |
| ၁၀။ | စပိန် | ၁၀၂၇၄၆၅၃ | ၆၅၇၃၄၇၁ | ၉၄၂၃၅ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၅- ၂ - ၂၀၂၂

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၄၈၀၄၂၃ | ၄၁၇၂၄၅၈ | ၁၄၄၄၉၇ |
| ဖိလစ်ပိုင် | ၃၆၀၁၄၇၁ | ၃၄၁၀၈၂၁ | ၅၄၂၁၄ |
| မလေးရှား | ၂၈၉၅၀၁၄ | ၂၇၉၉၆၀၈ | ၃၂၀၁၁ |
| ထိုင်း | ၂၄၈၆၁၂၂ | ၂၃၇၅၃၈၈ | ၂၂၂၇၄ |
| ဗီယက်နမ် | ၂၃၂၇၈၅၉ | ၂၁၀၅၉၁၃ | ၃၈၂၆၁ |
| မြန်မာ | ၅၃၇၅၆၉ | ၅၁၃၉၅၂ | ၁၉၃၁၀ |
| စင်ကာပူ | ၃၇၉၆၈၁ | ၃၅၃၁၆၇ | ၈၆၆ |
| လာအို | ၁၃၆၁၄၈ | ၁၃၁၀၄၁ | ၅၆၅ |
| ကမ္ဘောဒီးယား | ၁၂၁၆၆၂ | ၁၁၈၀၂၃ | ၃၀၁၅ |
| ဘရူနိုင်း | ၁၆၆၉၁ | ၁၅၉၉၃ | ၉၈ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# ဆီလျှော့မစားသေးဘူးလား

မျိုးသူ (ကုန်သွယ်မြှင့်)

**ဘယ်လိုဆီမျိုးစားကြမလဲ၊ စားအုန်းဆီဈေးတွေမြင့်တက်လာချိန်မှာ ဆီကိုချွေတာစားကြမည်ထင်ပါသည်။ စားအုန်းဆီဈေးတက်သကဲ့သို့ စက်သုံးဆီဈေးလည်း တက်ပါသည်။ လူစားသည့်ဆီနှင့် စက်စားသည့် ဆီများဈေးမြင့်တက်ခြင်းကိုနှိုင်းယှဉ်ကြည့်လျှင် စက်စားသည့် ဆီကို ယခုခေတ်တွင် ချွေတာရန်ခက်ခဲပါသည်။ သို့သော်လည်း စက်ဆီများမသုံးသည့် Smokeless day ကဲ့သို့ ရက်မျိုးကျင်းပပေးနိုင်ပါသည်။ စက်ဆီထက်စာလျှင် စားဆီကချွေတာရ လွယ်မည်ထင်ပါသည်။ အလားတူပင် စားသုံးဆီမစားသောနေ့များ သို့မဟုတ် ဆီချွေတာရေးနေ့များကို မိမိတို့ဘာသာအိမ်တွင်း၌ ကျင်းပသင့်ပြီ ထင်ပါသည်။ တကူးတကကျင်းပရန် ဆိုလိုသည်မဟုတ်ပါ။ နေ့စဉ်စားသုံးနေသော ဟင်းလျာများ၊ အကြော်အလှော်များတွင် ဆီသုံးစွဲမှုကို လျှော့ချလျှင် ကုန်ကျစရိတ်၊ ထွက်ငွေတစ်ခုကိုလည်း ချွေတာလျှော့ချပြီး ဖြစ်ပါမည်။**



“ဈေးမြင့်တက်ခြင်း ဟူသော အချက်တစ်ခုတည်းဖြင့်ပင် စားအုန်းဆီကို လျှော့ချစားသုံးသင့်နေပြီ ဖြစ်ပါသည်။ ထိုကဲ့သို့လျှော့ချ စားသုံးလျှင် ပြည်သူများအနေဖြင့် ကျန်းမာရေးပိုကောင်းခြင်း၊ ကုန်ကျစရိတ်ချွေတာနိုင်ခြင်း၊ အရည်အသွေးကောင်းသော စားသုံးဆီများကို စားသောက်ရခြင်း စသောအကျိုးကျေးဇူးများကို ရရှိနိုင်”

မြန်မာ့ဓလေ့စွဲလမ်းမှုများနှင့် မြေပဲဆီ ကျွန်တော်က စွဲလမ်းခြင်းကို မြန်မာ့ဓလေ့ဟု ပြောလိုပါသည်။ သို့သော် လူတိုင်းလိုလိုတွင် စွဲလမ်းခြင်း သို့မဟုတ် အစွဲများရှိကြပါသည်။ လူပုဂ္ဂိုလ်အစွဲ၊ ဝါဒစွဲ စသည်ဖြင့် အမျိုးမျိုးရှိကြသည့်အနက် မြန်မာများသည် Brand များ ကုန်အမှတ်တံဆိပ်များကိုလည်း စွဲလမ်းကြသည်ကို တွေ့ရပါသည်။ တံဆိပ်တစ်ခုကိုစွဲမိလျှင် ထိုတံဆိပ်ပါသမျှ အကုန်ကောင်းသည်ဟု စွဲလမ်းတတ်ကြပါသည်။ ထို့ကြောင့် ကျွန်တော်တို့ငယ်ငယ်ကစ၍ ပင်နာဆိုးနစ်၊ တိုရှီဘာ၊ ဆိုနီ စသည့် ဂျပန်တံဆိပ်များကို စွဲလမ်းကြပါသည်။ ထို့နောက်တွင် မော်တော်ကားဆို တိုယိုတာ၊ ဆိုင်ကယ်ဆို ဟွန်ဒါ စသည်ဖြင့် စွဲလမ်းကြပါသည်။ ကုန်ပစ္စည်းများကို စွဲလမ်းရာရာ တံဆိပ်တပ်ထားလျှင် ကောင်းသည်ဟုသာ ထင်မြင်တတ်ကြပါသည်။ ဆေးလိပ်၊ အရက် စသည့် စွဲလမ်းစေသောအရာများသာမက တံဆိပ်များကိုလည်းကောင်း၊ အစားအသောက်များကို လည်းကောင်း စွဲလမ်းကြပါသည်။ ဆန်ဆိုလျှင် ပေါ်ဆန်းမှ၊ ဆီဆိုလျှင် မြေပဲဆီမှ၊ သကြားဆို ဖြူမှ၊ ကြက်သွန်ဆို မြစ်သားမှ စသည်ဖြင့် စွဲလမ်းကြပါသေးသည်။ ထိုအထဲတွင် နေ့စဉ် မရှိမဖြစ်မှာ ဆန်နှင့်ဆီပင်ဖြစ်သည်ဟု ဆိုကြပါသေးသည်။ ဆန်က မရှိမဖြစ် လိုအပ်သည်ဆိုသည်ကို လက်ခံနိုင်သော်လည်း စားသုံးဆီကို မရှိမဖြစ်အဖြစ် ခံယူတတ်သည်ကို အံ့ဩရမည်လား မသိတတ်ပါ။ ထိုအထဲတွင် ဆီဆိုလျှင် မြေပဲဆီမှဆိုသည့် အစွဲအလမ်းကိုလည်း သတိထားမိပါသည်။ ထို့ကြောင့်ပင် မြေပဲဆီအနံ့ထည့်ထားသည့် စားအုန်းဆီများ ဈေးကွက်၌တွင်ကျယ်နေရသည်ဟု ထင်ပါသည်။ မြေပဲနှင့် မြေပဲဆီသည် မြန်မာ့လူဦးရေအားလုံးအတွက် မထုတ်လုပ်နိုင်သည်မှာ ကာလကြာပြီဖြစ်ပါသည်။ စားသောက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးလာသည်နှင့်အမျှ စားအုန်းဆီ၏ အခန်းကဏ္ဍ မြင့်မားလာသကဲ့သို့ မြေပဲ ဆီထုတ်လုပ်မှုသည်လည်း ကျဆင်းခဲ့သည်ဟု ဆိုနိုင်ပါသည်။ အိမ်တွင်း စားသုံးမှုများတွင်လည်း စားအုန်းဆီ၏ အခန်းကဏ္ဍက မြင့်မားလာသည်ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် ၂၀၂၁ နှစ်ဆန်း ပိုင်းမှစတင်ပြီး စားအုန်းဆီအပါအဝင် ကမ္ဘာ့စားသုံးဆီများဖြစ်သော နေကြာ၊ ပဲပုပ်၊ စားအုန်းဆီနှင့် အခြားသော စားသုံးဆီ အမျိုးမျိုးသည် ကမ္ဘာတစ်ဝန်းလုံး ဈေးတက်နေသည်ကို မြင်တွေ့နိုင်ပါသည်။ ယခုအထိ ကျနိုးနိုးနှင့် မျှော်လင့်နေသော်လည်း စားအုန်းဆီနှင့် အခြားစားဆီအားလုံးသည် ဈေးမကျပါ။ သို့သော် မြန်မာ့ဈေးကွက်တွင် စားသုံး ဆီများ၏ ဈေးနှုန်းများကိုကြည့်လျှင် မြေပဲဆီသည် ထူးထူးခြားခြား ဈေးမတက်လှဘဲ စားအုန်းဆီ၊ နေကြာဆီများက ဈေးတက်လာသည်ကိုတွေ့နိုင်ပါသည်။ ထိုကဲ့သို့ မြေပဲဆီဈေးက လိုက်ပါမြင့်တက်မှုနည်းခြင်းမှာ ကိုဗစ်-၁၉ ကြောင့် နယ်စပ်ကုန်သွယ်မှုများ အလွန်အမင်းကျဆင်းသည်နှင့် အမျှ မြေပဲကိုနယ်စပ်မှ တင်ပို့ရောင်းချနိုင်မှု နည်းပါးခြင်းကြောင့် ဈေးတက်မှုလည်း နည်းပါးခဲ့ပါသည်။ အဆိုပါ အကြောင်းရင်းသည် မြေပဲဆီဈေးကိုလည်း အခြားဆီများကဲ့သို့ အများအပြားဈေးမတက်စေရန် ပြုလုပ်သည့် အချက်တစ်ခုဟု ဆိုချင်ပါသည်။ ယခုကဲ့သို့ ကြုံတွေ့နေသော အခြေအနေကို အဆိုးထဲမှ အကောင်းရှာရမည်ဆိုပါက မြေပဲများကို နယ်စပ်သို့ တင်ပို့ရခက်ခဲသည့် ယခုကာလတွင် ဆီကြိတ်ခွဲမည်ဆိုပါက ပြည်တွင်းဈေးကွက်ကို မြေပဲဆီဖြင့် ပြန်လည်အစားထိုးနိုင်ပြီလားဟု စဉ်းစားကြည့်ကြစေလိုပါသည်။

### ဆီလျှော့စားချိန်တန်ပါပြီ

မြန်မာနိုင်ငံ စားသုံးဆီဈေးကွက်တွင် စားအုန်းဆီသည် ၁၉၉၀ ပြည့်နှစ်ခန့်မှ စတင်ဝင်ရောက်လာခဲ့ပြီး ယခုအခါတွင် မြန်မာ့အကြိုက် မြေပဲဆီ၊ နှမ်းဆီများကို ကျော်တက်ကာ ဈေးကွက်ဝေစုရာနှုန်းများစွာကို ပိုင်ဆိုင်ထားပြီဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါ စတင်သည့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလနောက်ပိုင်းတွင် ခရီးသွားလာမှုများ ရပ်တန့်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ကျဆင်းခြင်းများကြောင့် စားအုန်းဆီထုတ်လုပ်မှုတွင်လည်း ထိခိုက်မှုများဖြစ်ပေါ်လာခြင်း၊ စက်သုံးဆီဈေးနှုန်းများစတင်မြင့်တက်ခြင်းနှင့် ကွန်တိန်နာခများ၊ သယ်ယူပို့ဆောင်မှုစရိတ်များ မြင့်တက်ခြင်းများ ဖြစ်ပေါ်လာပါသည်။ ထို့အပြင် နေကြာနှင့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုကျဆင်းခြင်း၊ ကမ္ဘာ့နိုင်ငံရေး အလှည့်အပြောင်းများ ဖြစ်ပေါ်နေခြင်း စသည်တို့ကြောင့် စားအုန်းဆီအပါအဝင် စားသုံးဆီများအားလုံးသည် စံချိန်တင်ကာ ဈေးများမြင့်တက်လာပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ခန့်သာ ရှိသော စားအုန်းဆီဈေးသည် တရိပ်ရိပ်မြင့်တက်ကာ ၂၀၂၁ ခုနှစ် မတ်လခန့်တွင် ကျပ် ၃၀၀၀ သို့လည်းကောင်း စက်တင်ဘာလတွင် ကျပ် ၄၀၀၀ သို့လည်းကောင်း ရောက်ရှိလာခဲ့ပါသည်။ ယခုအခါနိုင်ငံခြားဈေးများ မြင့်တက်နေသဖြင့် လည်းကောင်း၊ မလေးရှားတွင် စားအုန်းဆီစက်ရုံများသို့ ပြည်ပလုပ်သားများ ဝင်ရောက်နိုင်မှု နည်းပါးသေးသဖြင့် လည်းကောင်း၊ အင်ဒိုနီးရှားတွင် အခွန်တိုးမြှင့်ကောက်ခံခြင်း၊ ပြည်တွင်းအတွက် ရာခိုင်နှုန်း ၂၀ အထိ ချန်လှပ်ရခြင်း စသည့်အချက်များကြောင့် လည်းကောင်း၊ ရေနံစိမ်းဈေးများ မြင့်တက်ခဲ့သဖြင့် လည်းကောင်း စားအုန်းဆီဈေးများသည် ပြန်လည်ကျဆင်းမည့် အလားအလာ နည်းပါးလျက်ရှိပါသည်။ ထို့ပြင် တရုတ်နှင့် အိန္ဒိယဈေးကွက်များ ၏ ဝယ်လိုအားမှာလည်း ကျဆင်းခြင်းမရှိသည်ကိုတွေ့နေရပါသည်။ အဆိုပါ အချက်များကြောင့် ပေါင်းစပ် သုံးသပ်ကြည့်မည်ဆိုလျှင် စားအုန်းဆီဈေးသည် အမြင့်ဈေးဖြင့် အချိန်တစ်ခုထိ ရပ်နေနိုင်ပါသည်။ စားသုံးသူပြည်သူများအနေဖြင့် စားအုန်းဆီကို စားသုံးခဲ့ကြသည့် အကြောင်းရင်းမှာ အကြော်ခံခြင်း၊ ဈေးသက်သာခြင်းတို့ကြောင့် အဓိကဖြစ်ခဲ့သဖြင့် ယခုကဲ့သို့ စားအုန်းဆီဈေးများ မြင့်တက်လာပြီး ပြည်တွင်းမှထုတ်လုပ်သည့် မြေပဲဆီ၊ နှမ်းဆီ ဈေးနှုန်းများဖြင့် ကွာဟချက်သည် ယခင်ကလောက် မများပြားဘဲ ကွာဟချက် ကျဉ်းမြောင်းလာပြီဖြစ်ပါသည်။ စားအုန်းဆီဈေးများမြင့်တက်ခြင်းနှင့် မြေပဲဆီဈေးနှုန်း များစွာမတက်ခြင်းတို့ကို တွက်ဆပြီး ပြည်သူများအနေဖြင့် စားအုန်းဆီကို လျှော့ချစားသုံးပြီး ပြည်တွင်းဖြစ် မြေပဲဆီ၊ နှမ်းဆီကို စားသုံးသင့်သော အခြေအနေဖြစ်ပေါ်နေပြီ ဖြစ်ပါသည်။ ဈေးမြင့်တက်ခြင်း ဟူသော အချက်တစ်ခုတည်းဖြင့်ပင် စားအုန်းဆီကို လျှော့ချစားသုံးသင့်နေပြီ ဖြစ်ပါသည်။ ထိုကဲ့သို့လျှော့ချ စားသုံးလျှင် ပြည်သူများအနေဖြင့် ကျန်းမာရေး ပိုကောင်းခြင်း၊ ကုန်ကျ စရိတ်ချွေတာနိုင်ခြင်း၊ အရည်အသွေးကောင်းသော စားသုံးဆီများကို စားသောက်ရခြင်း စသောအကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။ အလားတူပင် နိုင်ငံအနေဖြင့်လည်း စားအုန်းဆီတင်သွင်းမှုကို လျှော့ချခြင်းဖြင့် နိုင်ငံခြား ငွေကုန်ကျမှုကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ပြည်တွင်း ဆီကြိတ်ခွဲထုတ်လုပ်မှု မြင့်တက်လာပြီး တောင်သူများ စိုက်ပျိုးထုတ်လုပ်မှု မြင့်တက်လာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း တိုးပွားလာခြင်း စသောအကျိုးကျေးဇူးများရရှိလာမည်ဖြစ်ပါသည်။

### ကမ္ဘာ့စားအုန်းဆီဈေးကွက်အခြေအနေ

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အများအသင်း၏ နာယက၊ ယခင် ဥက္ကဋ္ဌကြီး ဦးမြင့်ကြူထံမှရသော သတင်းကို ကိုးကားတင်ပြရမည်ဆိုပါက ကမ္ဘာ့ စားအုန်းဆီ ဈေးကွက် အခြေအနေသည် အတက်ဘက်သို့ ဦးတည်နေသည်ဟု ဆိုနိုင်ပါသည်။ စားအုန်းဆီဈေးနှုန်းသည် တစ်တန်လျှင် ရင်းဂစ် ၅၅၀၀ အထိ မြင့်တက်နေပြီး စံချိန်သစ်များ ထပ်မံဖြစ်ပေါ်နိုင်သည်ဟု စောင့်ကြည့်လေ့လာသူများက ခန့်မှန်းထားကြပါသည်။ ဆီအုန်းစိုက်ပျိုးပြီး စားအုန်းဆီအမျိုးမျိုးကို ကမ္ဘာတွင် အများဆုံးတင်ပို့နေသော အင်ဒိုနီးရှားနိုင်ငံတွင် စားအုန်းဆီ ပြည်ပပို့ကုန်များအပေါ် အခွန်ကောက်ခံသည့်အပြင် ပြည်တွင်းဈေးကွက်အတွင်းသို့လည်း သတ်မှတ်ပြဋ္ဌာန်းထားသည့် အရေအတွက် ပမာဏကို ကုမ္ပဏီများက မဖြစ်မနေ ရောင်းချပေးရန်အတွက် ရာခိုင်နှုန်း ၂၀ ချန်လှပ်ထားရကြောင်း သိရပါသည်။ စားအုန်းဆီအကြမ်းနှင့် အချောများကို တင်ပို့နေသော ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်ပမာဏ၏ ရာခိုင်နှုန်း ၂၀ ကို ပြည်တွင်းဈေးကွက်အတွက် ဖယ်ထားရမည်ဖြစ်ကြောင်း အင်ဒိုနီးရှားကုန်သွယ်ရေးဝန်ကြီး Muha-mmad Lutfi က ပြောကြားကြောင်း သိရပါသည်။ စားအုန်းဆီကုန်ကြမ်း Crud Palm Oil သည် ပြည်တွင်းဈေးကွက်တွင် ရောင်းဈေး တစ်ကီလိုဂရမ်လျှင် ရူပီယာ ၉၃၀၀(အမေရိကန်ဒေါ်လာ ၀ ဒသမ ၆၅) ဖြင့် ရောင်းချရန် ဈေးနှုန်းသတ်မှတ်ပြဋ္ဌာန်းထားပါသည်။ ဟင်းသီးဟင်းရွက်ဆီအမျိုးမျိုးရှိသည့်အနက် စားအုန်းဆီကို အများဆုံးတင်ပို့နေသော

စာမျက်နှာ ၁၇ သို့







# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အောင်စည်သာကျောင်းတိုက်သို့ လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ နိဗ္ဗိန္ဒကျောင်းတိုက်သို့ လည်းကောင်း(**အပေါ်ဝဲပုံ**)၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မြို့မယဉ်ငေးကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သီရိမင်္ဂလာကြခတ်ဝိုင်းကျောင်းတိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ အောင်သုခပရိယတ္တိစာသင်တိုက်သို့လည်းကောင်း(**အပေါ်ပုံ**)၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်ရှိ ထန်းပင်ကျောင်းပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပန်းခင်းစီမံချက်ဖြင့် ကွတ်ခိုင်မြို့နယ်အတွင်းရှိ သွားလာရန်ခက်ခဲသော ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများကို နိုင်ငံသားကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်အတွင်း ပါဝင်သော ကျေးရွာအုပ်စုအချို့သည် ဒေသအခြေအနေအရ သွားလာရန် ခက်ခဲသော်လည်း ထိုဒေသရှိပြည်သူများကို ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသော နိုင်ငံသားတိုင်း ကတ်ပြားတစ်မျိုးမျိုး လက်ဝယ်ရရှိကိုင်ဆောင်နိုင်ရေးအတွက် နိုင်ငံသားကတ်ပြားများ နေ့ချင်းပြီးပြုလုပ်ပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ကွတ်ခိုင်မြို့နယ် ဦးစီးဌာနရုံးတွင် ဆောင်ရွက်ပေးသည်။

မူဆယ်ခရိုင်ဦးစီးမှူး ဦးရဲရင့်ထွန်း၊ မြို့နယ်ဦးစီးမှူး ဦးဇော်မိုးအောင်နှင့် ဝန်ထမ်းများက ကွတ်ခိုင်မြို့နယ်အတွင်း ဒေသအခြေအနေအရ သွားလာရန်ခက်ခဲသော ကောင်းခါးမန်ပြိန်းကျေးရွာအုပ်စု ပန်နိမ့်ကျေးရွာ၊ နမ့်ဖလွန်း ကျေးရွာအုပ်စုတို့မှ ဒေသခံ တိုင်းရင်းသားများဖြစ်သည့် တအာင်း(ပလောင်)၊ ကချင်၊ ခိုလုံလီရှောနှင့် မုန်းဝန်း (တရုတ်) လူမျိုးများကို ကွတ်ခိုင်မြို့နယ် ဦးစီးမှူးရုံးသို့ ခေါ်ဆောင်ပြီး ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို နေ့ချင်းပြီး ဆောင်ရွက်ပေးသည်။

ယင်းနောက် ခရိုင်ဦးစီးမှူး ဦးရဲရင့်ထွန်းက ပန်းခင်းစီမံချက်နှင့်ပတ်သက်သော အသိပညာပေး ဟောပြောဆွေးနွေးခြင်း၊ ပန်းခင်းစီမံချက်နှင့် ပတ်သက်သော ဗဟုသုတမေးခွန်းများကို မေးမြန်းခြင်း၊ ဖြေဆိုနိုင်သူများကို ဆုငွေချီးမြှင့်ခြင်း၊ ဗလာမပါ ကံစမ်းမဲဖောက်ခြင်းနှင့် နေ့လယ်စာအဖြစ် ထမင်းကြော်နှင့် ရေသန့်ဘူးများကို ဝေငှပေးခဲ့ကြောင်း သိရသည်။

လာရောက် ပြုလုပ်ကြသည့် ဒေသခံပြည်သူများထံမှ အသက်အကြီးဆုံးဖြစ်သော တအာင်း (ပလောင်)တိုင်းရင်းသား ဦးအိုက်ရီ (၇၆နှစ်)၊ ဦးစောငြိမ်း(၇၆နှစ်)နှင့် ဒေါ်အေးဆောင် (၈၈နှစ်)တို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်းများကို ခရိုင်ဦးစီးမှူး ဦးရဲရင့်ထွန်းက လက်ဝယ်အရောက် ပေးအပ်သည်။ ယနေ့လာရောက် ဆောင်ရွက်ကြသည့် ကျေးရွာအုပ်စုများမှ အိမ်ထောင်စု ၄၂ စု၊ ပန်းခင်းစီမံချက်တွင် အကျုံးဝင်သည့် နိုင် ၃(က) ၁၆ ဦး၊ နိုင် ၆(က) ၁၇၂ ဦး၊ အသစ်လဲလှယ် ၂၆ ဦးနှင့် အခြားမိတ္တူ လေးဦး စုစုပေါင်း ၂၁၈ ဦးကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက်မှ ၅ ရက်အတွင်း ကုမ္ပဏီရှစ်ခုမှ ယာဉ်စီးရေ ၁၉ စီးဖြင့် နှာခေါင်းစည်း (Mask) ၁၂၁ တန် တင်သွင်းခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*

အင်ဒိုနီးရှားနိုင်ငံတွင် ပြဋ္ဌာန်းချက်အသစ်ကြောင့် တင်ပို့မှု ပမာဏလျော့ကျနိုင်ပြီး ဈေးနှုန်းမြင့်တက်ချိန်၊ ဒုတိယ အများဆုံးတင်ပို့သည့် မလေးရှားနိုင်ငံတွင်လည်း စိုက်ခင်းလုပ်သားရှားပါးမှုကြောင့် စိုက်ပျိုးထုတ်လုပ်မှုလျော့ကျခြင်းကို ကြုံနေရပြီး ဈေးတက်လျက်ရှိနေသည်ဟု ဆိုပါသည်။ အခြား ဟင်းသီးဟင်းရွက်ဆီများဖြစ်သော ပဲပုပ်ဆီနှင့် နေကြာဆီများသည်လည်း ဈေးနှုန်းများမြင့်တက်လျက်ရှိပါသည်။

အင်ဒိုနီးရှားမှ ကြေညာချက်ကြောင့် ဧပြီလအတွက် ကြိုရောင်းကြိုဝယ်ဈေးနှုန်းများသည် ဝယ်ဈေးနှုန်း ၃ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ပြီး တစ်တန်လျှင် မလေးရှားရင်းဂစ် ၅၅၀၀ အထိ မြင့်တက်သွားခြင်း ဖြစ်ပါသည်။ မလေးရှားမှ စားအုန်းဆီထုတ်လုပ်မှုသည် ဇန်နဝါရီလတွင် ဒီဇင်ဘာလထက် ၁၀-၁၄ ရာခိုင်နှုန်း လျော့နည်းခဲ့သည်ဟု သိရပါသည်။ စိုက်ခင်းများတွင် လုပ်သားမရှိသည့် ပြဿနာသည် ဧပြီလအထိ ကြာရှည်နေဦးမည်ဟု ခန့်မှန်းထားပါသည်။ ပြည်တွင်းလုပ်သားများသည် စိုက်ခင်းတွင် လုပ်ကိုင်လိုမှု မရှိခြင်းကြောင့် လုပ်သားလိုအပ်ချက်၏ ၈၅ ရာခိုင်နှုန်းကို ပြည်ပလုပ်သားများဖြင့် ယခင်က ဆောင်ရွက်ခဲ့သော်လည်း ယခုအခါတွင် ကိုဗစ်ရောဂါကြောင့် ပြည်ပလုပ်သားဈေးကွက်သည် ခက်ခဲနေဆဲဖြစ်သည်ဟု ဆိုပါသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်ရှိ ရန်ကုန်မြို့၏ စားအုန်းဆီပေါက်ဈေးမှာ တစ်ပိဿာလျှင် မြို့တွင်းနှင့် သီလဝါ ကန်တင်ဈေးများမှာ ကျပ် ၄၉၅၀ ဖြစ်ပါသည်။ ပြည်ပစားအုန်းဆီဈေးနှုန်းသည် မြန်မာပြည်အရောက် IV58 အရည်အသွေး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၄၄၅ အထိ မြင့်တက်လာပါသည်။ ထို့ကြောင့် စားအုန်းဆီဈေးနှုန်းများသည် နိုင်ငံခြားဈေးနှုန်းနှင့် သယ်ယူပို့ဆောင်ခများကြီးမြင့်ခြင်းအပေါ်အခြေခံပြီး ပြည်တွင်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ကျပ် ၅၀၀၀ နီးနီးသို့ရောက်ရှိလာပြီဖြစ်ပြီး အရောင်းအဝယ်အခြေအနေမှာ အေးလျက်ရှိသည်ဟု ဆိုပါသည်။

### ပြည်တွင်းဈေးကွက်အခြေအနေ

ပြည်တွင်း ကုန်သည်ကြီးတစ်ဦးဖြစ်သော မကွေးမြို့မှ ဦးဇော်ထွန်းက ၂၀၂၁ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများမှာ တစ်ပိဿာလျှင် မြေပဲဆီ ကျပ် ၆၀၀၀ ၊ နှမ်းဆီ ကျပ် ၅၅၀၀၊ နေကြာဆီ ကျပ် ၅၅၀၀ နှင့် စားအုန်းဆီဈေးနှုန်းမှာ ကျပ် ၂၄၀၀ ၊ ကျပ် ၃၀၀၀ နှင့် ကျပ် ၃၁၀၀ ဈေး ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ် မေ၊ ဇွန်လများတွင် မြေပဲဆီ ကျပ် ၆၂၀၀၊ နှမ်းဆီ ကျပ် ၅၇၀၀၊ နေကြာဆီ ကျပ် ၅၅၀၀ နှင့် စားအုန်းဆီမှာ ကျပ် ၂၉၀၀မှ ၃၆၀၀ အထိ ဈေးဖြစ်ပေါ်ခဲ့ပါသည်။ ထို့နောက် ဩဂုတ်လနှင့် စက်တင်ဘာလများတွင်မြေပဲဆီ ကျပ် ၆၃၀၀၊ နှမ်းဆီ ကျပ် ၅၈၀၀ နှင့် စားအုန်းဆီဈေးမှာ ကျပ် ၃၀၀၀ မှ ၄၁၀၀ အထိ ဈေးမြင့်တက်လာပါသည်။ ၂၀၂၁ ခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် မြေပဲဆီ ကျပ် ၆၀၀၀ ၊ နှမ်းဆီ ကျပ် ၆၀၀၀ နှင့် စားအုန်းဆီဈေးမှာ ကျပ် ၄၂၀၀ မှ ယခု ကျပ် ၅၀၀၀ အထိ ဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပါသည်။ ယခုအခါ စားဆီဈေးများမြင့်တက်သော်လည်း အရောင်းအဝယ်နည်းပါးပြီး အေးစက်လျက်ရှိသည်ဟု ဆိုပါသည်။ စားအုန်းဆီ ပြည်တွင်းဈေးကွက်သည် ဈေးကြီးမြင့်သည်နှင့်အမျှ ဝယ်ယူစားသုံးသူများအနေဖြင့် ဝယ်ယူစားသုံးမှု လျော့နည်းလာနိုင်သည်ဟု ခန့်မှန်းကြပါသည်။ လာမည့်နွေရာသီတွင် ယခင်က ပွဲလမ်းသဘင်များ၊ အလှူမင်္ဂလာဆောင်များ များပြားသဖြင့် စားသုံးဆီ အရောင်းအဝယ်သွက်တတ်သော်လည်း ယခုနှစ်တွင် ကိုဗစ်- ၁၉ ရောဂါများမှ မျိုးကွဲတစ်မျိုးဖြစ်သော အိုမီခရွန်ပိုးမှာ ကမ္ဘာတွင် ပြန်လည်ဖြစ်ပွားမှုမြင့်တက်လာခြင်းကိုအခြေခံပြီး ပြည်တွင်းစားသုံးဆီဈေးကွက်မှာ ဆက်လက်အေးနေမည်ဟု ခန့်မှန်းထားကြောင်း သတင်းရရှိထားပါသည်။

အထက်ပါ အကြောင်းအရပ်ရပ်ကို ထောက်ချင့်ပြီး ပြောလိုသည်မှာ မည်သည့် စားသုံးဆီကိုမဆို လျှော့ချစားသုံးပါ။ ဈေးတက်လာသော စားအုန်းဆီနှင့် ဟင်းသီးဟင်းရွက်ဆီခေါ် စားအုန်းဆီကို လျှော့ချစားသုံးပါ။ စားကို စားမည်ဆိုပါက ကျန်းမာရေးနှင့် ပိုမိုညီညွတ်မည့် ပြည်တွင်းဖြစ် မြေပဲဆီစစ်စစ်ကို စားသုံးပါ။ ဆီကိုစားလိုလျှင် ဈေးမကွာသော မြေပဲဆီကို ရွေးချယ်ပါ။ စားသုံးပါဟု တိုက်တွန်းလိုက်ရပါသည် ခင်ဗျား။ ။

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းခွင့်ပြုငွေဖြင့် ကျေးလက်ဒေသမီးလင်းရေးဆောင်ရွက်မည်

**ကြံခင်း ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းရွေးချယ်ပွဲကို ဖေဖော်ဝါရီ၂ ရက်က တလိုင်းကွင်းကျေးရွာအုပ်စု မန်ကျည်းပင်ကွင်းဒေါင့်ကျေးရွာရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အဆိုပါလုပ်ငန်းရွေးချယ်ပွဲတွင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ



ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယဉ်မင်းဦးက ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လအတွင်း ကျေးရွာပြည်သူလူထု၏ ထည့်ဝင်ငွေ၊ ဦးစီးဌာန၏ခွင့်ပြုရန်ပုံငွေတို့ဖြင့် ကျေးလက်နေပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လိုသည့် ကျေးရွာမီးလင်းရေးလုပ်ငန်း၊ လမ်းခင်းခြင်းလုပ်ငန်းနှင့် သောက်သုံးရေရရှိရေး လုပ်ငန်းများအနက်မှ ဦးစားပေးလုပ်ငန်းအား ရွေးချယ်အတည်ပြုသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာပြည်သူလူထုမှ ကျေးရွာမီးလင်းရေးလုပ်ငန်းရွေးချယ်တင်ပြမှုကို မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက စံသတ်မှတ်ချက်များနှင့်အညီ အတည်ပြုသတ်မှတ်ပေးသည်။ အဆိုပါကျေးရွာမီးလင်းရေးလုပ်ငန်း(၄၀၀ ဗို့ ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်း)ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ VDP စီမံကိန်းခွင့်ပြုရန်ပုံငွေ ကျပ်သိန်းတစ်ရာနှင့် ကျေးရွာပြည်သူလူထု၏ ထည့်ဝင်ငွေ ကျပ် ၃၁ သိန်းတို့ဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လကာလအတွင်း အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**ထွန်းဇော်ထွန်း(ပြန်/ဆက်)**

## မူဆယ်မြို့နယ်၌ လယ်ဧက ၂၀၀ ကျော်အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်

**မူဆယ် ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏လယ်ယာထွက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက်သို့လွယ်ကူ လျင်မြန်စွာပို့ဆောင်နိုင်စေရန် ရည်ရွယ်လျက် နမ့်တောင်းကျေးရွာအုပ်စု မန်ခုံလုံကျေးရွာ၌ လယ်ဧက ၂၀၀ ကျော်ကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်လျက်ရှိသည်။

လမ်းဖောက်လုပ်နေမှုကို မူဆယ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုင်းလောဝ်ခမ်း၊ မူဆယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးယိုင်ဆိုင်နှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၄ ရက်က ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းသည် အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ခြောက်လဘတ်ဂျက် ခွင့်ပြုရန်ပုံငွေ ကျပ် ၄၁ ဒသမ ၅၈ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ဒီဇင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**စိုးမိုးကျော်**

## မင်းလှမြို့နယ်၌ အရှည် ပေ ၂၇၀ ရှိ ငွေးချိုတံတားသစ် ဖွင့်လှစ်

**မင်းလှ ဖေဖော်ဝါရီ ၅**

မင်းလှမြို့နယ်၌ တည်ဆောက်ပြီးစီးနေသော ငွေးချိုတံတားကို (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို အဖြစ် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် လမ်းဦးစီးဌာနမှ အင်ဂျင်နီယာချုပ်(မြို့ပြ)တို့က ဖေဖော်ဝါရီ ၃ ရက်က ဖွင့်လှစ်ပေးသည်။

ငွေးချိုတံတားကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေများဖြင့် တည်ဆောက်ခြင်းဖြစ်ကာ တံတားအရှည် ပေ ၂၇၀၊ အကျယ် ၂၈ ပေ ရှိပြီး သံကူကွန်ကရစ်တံတား ဖြစ်သည်။ အဆိုပါတံတား တည်ဆောက်ပေးခြင်းကြောင့် ခရီးသွားပြည်သူများ၊ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်း ဆက်သွယ်ရေး လွယ်ကူအဆင်ပြေလျက်ရှိသည်။

**ဇာဇာ(အထက်မင်းလှ)**



တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ငွေးချိုတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။

## ဖန်းမော်-နေပြည်တော်တိုက်ရိုက် ပထမဆုံး ခရီးသည်တင်ယာဉ်လိုင်းပြေးဆွဲ

**ဗန်းမော် ဖေဖော်ဝါရီ ၅**

ပြည်သူများခရီးသွားလာမှု ချောမွေ့အဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေရေးအတွက် ဗန်းမော်-နေပြည်တော် တိုက်ရိုက်ပြေးဆွဲမည့် ကြယ်တံခွန် အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်း အသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က ဗန်းမော်မြို့ မင်းကုန်းရပ်ကွက်ရှိ ကြယ်တံခွန် ယာဉ်လိုင်းဂိတ်၌ ကျင်းပသည်။




ယခင်က ဗန်းမော်-မန္တလေး ၊ ဗန်းမော်-ရန်ကုန် တိုက်ရိုက်ပြေးဆွဲနေသည့် မော်တော်ယာဉ်လိုင်းများသာရှိခဲ့ပြီး ဗန်းမော်-နေပြည်တော် တိုက်ရိုက်ပြေးဆွဲသည့် အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်း တစ်ခုမှ မရှိခဲ့သောကြောင့် ကြယ်တံခွန် အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းအသစ်သည် ဗန်းမော်-နေပြည်တော် ခရီးစဉ်ကို ပထမဆုံး တိုက်ရိုက်ပြေးဆွဲသည့်ယာဉ်လိုင်း ဖြစ်လာသည်။

**တစ်ရက်ခြား ပြေးဆွဲမည်**

ဗန်းမော်မှ ပထမဆုံးခရီးစဉ်ကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီတွင် ဗန်းမော်ဂိတ်မှ စတင်ပြေးဆွဲခဲ့ပြီး နေပြည်တော်မှ ပထမဆုံး ခရီးစဉ်ကိုလည်း တစ်ပြိုင်တည်း စတင်ပြေးဆွဲခဲ့ကာ နောက်ပိုင်းတွင် တစ်ရက်ခြား ပြေးဆွဲမည်ဖြစ်ကြောင်း၊ ဗန်းမော်မှထွက်ခွာသောယာဉ်၏ လမ်းခရီးစဉ်များမှာ ဗန်းမော်-ရွှေကူ-ရွှေဘို-မိတ္ထီလာ-ပျော်ဘွယ်-ရမည်းသင်း-တပ်ကုန်း-နေပြည်တော် ဖြစ်ကြောင်းနှင့် ယာဉ်စီးခမှာတစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ ဖြစ်ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

## ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ကျုံပျော်မြို့နယ်တွင် Sputnik Light ကာကွယ်ဆေးများ ထိုးနှံပေး

**ကျုံပျော် ဖေဖော်ဝါရီ ၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ရုရှားနိုင်ငံထုတ် Sputnik Light ကာကွယ်ဆေးများကို ဆေးထိုးစုရပ်ခြောက်ခု၌ ဖေဖော်ဝါရီ ၂ ရက်မှ စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ဆေးထိုးနှံရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇေယျမင်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးသိန်းစိုးဝင်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆေးထိုးကြီးကြပ်အဖွဲ့များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ကျုံပျော်မြို့နယ်တွင် အဆိုပါ Sputnik Light ကာကွယ်ဆေးများကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံရသေးသူ လူဦးရေ ၄၀၀၀ အား ထိုးနှံပေးခဲ့ပြီး ဆက်လက်၍လည်း ဆေးရရှိမှုအပေါ် မူတည်၍ ထိုးနှံပေးမည်ဖြစ်ကြောင်း၊ Sputnik Light ကာကွယ်ဆေးသည် တစ်ကြိမ်သာထိုးနှံရန်လိုအပ်ပြီး ဆေးတစ်လုံးလျှင် လူငါးဦး ထိုးနှံ၍ရကြောင်းနှင့် ရောဂါကာကွယ်မှုနှုန်း ကောင်းမွန်သည့်အတွက် ကာကွယ်ဆေးလွှမ်းခြုံမှုကို အချိန်တိုအတွင်း မြင့်မားစွာရရှိစေနိုင်ကြောင်း သိရသည်။



ကျုံပျော်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ပြည်သူ ၁၂၄၈၂၃ ဦးနှင့် ကျောင်းသားကျောင်းသူ ၇၀၆၄ ဦးတို့အား ထိုးနှံပေးပြီးဖြစ်ကာ တစ်မြို့နယ်လုံး လွှမ်းခြုံနိုင်ရေးအတွက် ကာကွယ်ဆေးထိုးနှံမှုများကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လပြည့်ဦး(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၂-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ရတနသုတ်၊ဖောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** အလှဖြာဝေဖားစည်မြေ(စကောကရင်)
**၀၈:၃၅** တရုတ်ကာတွန်း 'ဗိုးကောင်ကြီးဥယျာဉ် စွန့်စားခန်း' (အပိုင်း-၅၀)
**၀၉:၁၀** တူယှဉ်နွဲပျော်ဂီတပွဲတော်တေးသီချင်းဆို ပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (ဒုတိယ အဆင့်ပွဲစဉ်) (စိတ်ကြိုက်တေးသီချင်း)
**၁၂:၃၀** This Week's Special Interest
**၁၃:၀၀** စိန်ရတုပြည်ထောင်စုနေ့ဝတ်ပြုတေး
**၁၃:၁၅** အလှဖြာဝေဖားစည်မြေ(အနောက်ပိုးကရင်)
**၁၃:၃၀** MRTV National News
**၁၄:၀၀** ပြည်ထောင်စုနေ့ဝတ်ပြုရုပ်ရှင် မြန်မာဂန္ထဝင်ရုပ်ရှင် '**နေခြည်ဖြာမှငွေး သော်ကြောင့်**'
**၁၆:၁၅** ကရင်တိုင်းရင်းသားတို့ရဲ့ချစ်စရာ ရိုးရာအိမ်ကလေးများ
**၁၇:၁၀** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၁၇:၂၀** အလှဖြာဝေဖားစည်မြေ(အရှေ့ပိုးကရင်)
**၁၇:၄၀** စိန်ရတုပြည်ထောင်စုနေ့ဝတ်ပြုတေး
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**အမှန်တရားရဲ့ လျှို့ဝှက်ချက်**' (အပိုင်း-၆၁)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** တူယှဉ်နွဲပျော်ဂီတပွဲတော်တေးသီချင်းဆို ပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဒုတိယအဆင့်ပွဲစဉ်) (ပြဌာန်းတေးသီချင်း

သောကြာနေ့ ညတိုင်းတွင် တေးဂီတချော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** Union Blood (Pann Nu Yin, Pann Su Thwin)
**07:07** The Ornithologist: Dr. Thein Aung
**07:39** A Triditional Food in Bagan: Pone Ye Gyi
**07:51** Orphanage
**08:01** Myanmar Puppeteers (Chinlone)
**08:11** Today Myanmar: Diving at Archipelagos (Kawthaung)
**08:28** Products of Myanmar - Bamboo Hat
**08:36** Sayit-wyne Girls
**09:01** News
**09:27** Global Partnership for Brighter Future: Fiji Pavilion at Expo 2020 Dubai
**09:35** Sons of the Lake
**10:02** Sagaing: Guitars

**MRTV NRC**

**ပကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၃)

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သွေးချင်းတို့ရဲ့ဆုံစည်းရာ(အပိုင်း-၂)

**ချင်း (လိုင်းဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
တွဲလက်ညီညီခရီးဆက်မည် NRC(အပိုင်း-၂)

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
တွဲလက်ညီညီသစ္စာတည်(အပိုင်း-၂)

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ဓနိပူး၏အသုံးဝင်ပုံအကျိုးကျေးဇူး

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
လခြမ်းမြေမှရိုးရာအလှ(အပိုင်း-၂)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ပညာရပ်များစွာဆည်းပူးလေ့လာ MRTV ကျောင်းတော်မဟာ(အပိုင်း-၂)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ရေခြားမြေကွာ အခက်အခဲများစွာကြားမှ ကျေရာတာဝန်ကျေပွန်ကြသူများ(အပိုင်း-၅)

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ကချင်ချောင်းသာသို့ အလည်တစ်ခေါက်

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
မိုးသားတိမ်ထုအောက်က လွိုင်နန်းဗတောင်အလှ

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'သိလျက်နဲ့ထိန်ချန်မှု'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၄)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း(အင်ဒိုနီးရှားနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

---

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့် အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန အမှတ် (၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## ကန့်ဘလူမြို့၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး(Covaxin) သတ္တမအသုတ် ပထမအကြိမ် ဆက်လက်ထိုးနှံပေးလျက်ရှိ

**ကန့်ဘလူ ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက် ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်အတွင်း သတ်မှတ်ဦးစားပေးအုပ်စုအလိုက် ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်နံနက် ၈ နာရီက ကန့်ဘလူမြို့ ခုတင် (၁၀၀) ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး( Covaxin) သတ္တမအသုတ် ပထမအကြိမ် ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာများမှ အသက် ၁၈ နှစ်အထက်ရှိသူများ၊ သတ်မှတ်ဆေးထိုးအုပ်စုများအလိုက် ကာကွယ်ဆေးထိုးနှံပေးရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိခဲ့သည့် မြို့နယ်နေပြည်သူများအား ခုတင် (၁၀၀) ဆေးရုံအုပ်ဒေါက်တာ နေမိုး ဦးဆောင်၍ သူနာပြုဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။ သတ္တမအသုတ် ပထမအကြိမ်အဖြစ် ဖေဖော်ဝါရီ ၄ ရက်က စတင်ထိုးနှံပေးရာ အဆိုပါနေ့က ၂၄၀ ထိုးနှံပေးနိုင်ကြောင်းနှင့် ကာကွယ်ဆေးထိုးနှံပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးကြပ်၍ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ထွေ /အုပ်ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅-၂-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၇၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၆၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၇၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၆၅၆၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၆၃၀/၁၆၅၀ ကျပ် | ၁၆၅၀/၁၆၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၆၄၀/၁၆၆၀ ကျပ် | ၁၆၇၅/၁၆၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၀၀/၁၆၂၅ ကျပ် | ၁၆၅၀/၁၆၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၆၅၅/၁၆၉၅ ကျပ် | ၁၇၆၀/၁၇၈၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၃၆ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၂ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၉၁၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၅ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၅၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၀၂ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၁၀၅၃ | ၈၆၃၄၆၀၀ |
| MTSH | ၃၀၀၀ | ၃၀၀၀ | ၃၃၀ | ၄၅၉၃၀၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၃၉ | ၃၁၂၀၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၅ | ၁၂၇၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၄၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# တွဲလက်ခိုင်မာ ပြည်သာယာ

မြင့်မောင်စိုး

ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့တွင် လူမျိုးတစ်မျိုး သို့မဟုတ် ထိုထက်ပို၍ လူမျိုးများစုပေါင်းနေထိုင်ကြလေ့ရှိပါသည်။ လူမျိုးများစုစည်းဖြစ်ပေါ်လာပုံလေ့လာကြည့်လျှင် တူရာလူမျိုးမိသားစု(Family)များ စုပေါင်းလိုက်သောအခါ ဆွေမျိုး (Clan)များဖြစ်လာသည်။ တူရာဆွေမျိုးစုများ စုပေါင်းနေထိုင်ရာတွင် လူမျိုးနွယ်စု (Tribe) ဟူ၍ဖြစ်ထွန်းလာသည်။ လူမျိုးနွယ်စုများ ကျယ်ပြန့်စွာစုပေါင်းနေထိုင်ကြသောအခါ ဓလေ့၊ ယဉ်ကျေးမှု၊ ဘာသာစကား တူညီမှုအပေါ်အခြေခံပြီး လူမျိုးစု (Nationalty)များဖြစ်လာသည်။ ယင်းသို့သော လူမျိုးစုများ၊ လူမျိုးနွယ်စုများ၊ လူမျိုးမိသားစုများ စိတ်တူကိုယ်တူ အေးအတူ ပူအမျှ စုပေါင်းနေထိုင်လာသောအခါ လူမျိုး (Nation)ဟူ၍ ဖြစ်လာသည်။

လူမျိုးနှင့်ပတ်သက်၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်က ရွှေတိဂုံစေတီအလယ်ပစ္စယံတွင် ကျင်းပသည့် ဖဆပလညီလာခံကြီး၌ ဤသို့ မှတ်ချက်ပြုပြောကြားခဲ့လေသည်။

"လူမျိုးဆိုသည်မှာ သုခ၊ ဒုက္ခအတူခံစားကြရ၍ နီးနီးစပ်စပ် အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်ခုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာ ဖြစ်သည်။ အမျိုးအနွယ်၊ ကိုးကွယ်သည့် ဘာသာတရား၊ ပြောဆိုသည့်ဘာသာစကားတို့ကို အရေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူ ပူအမျှကောင်းတူဆိုးဖက် ပူးပေါင်းလျက်နေလိုသော အစဉ်အလာဆန္ဒပေါ်တွင် ဝံသာနုရက္ခိတတရားသည် တည်နေပေ၏"။

### အေးအတူ ပူအမျှ စုပေါင်းနေထိုင်

မြန်မာ့မြေ၊ မြန်မာ့ရေပေါ်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဟူသော အဓိက လူမျိုးစု ရှစ်မျိုးအပါအဝင် တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ မျိုးတို့သည် ရှေးပဝေသဏီကပင် အေးအတူ ပူအမျှ စုပေါင်းနေထိုင်လာခဲ့ကြသည်။ ဤသို့မျိုးနွယ်စုအလိုက် စုပေါင်းနေထိုင်ကြခြင်းကပင် ပြည်ထောင်စု သို့မဟုတ် ပြည်ထောင်စုနိုင်ငံအဖြစ်သို့ ရောက်ရှိပေါ်ပေါက်လာခဲ့ရခြင်းပင် ဖြစ်ပါသည်။

"ကျွန်မ အမေက ပအိုဝ်း၊ အဖေက ကရင်၊ ယူထားတဲ့အမျိုးသားက ပုဂံသား၊ မွေးလာတဲ့ကလေးက ကရင်၊ ဗမာ၊ ရှမ်း ဆိုတော့ ပြည်ထောင်စုမိသားစုပေါ့"။ တစ်ခါက တိုင်းရင်းသူတစ်ဦးက သူ့မျိုးရိုးဇာတိနှင့်ပတ်သက်၍ ပြောပြခဲ့မှုကို ယနေ့တိုင်ပြန်လည်မြင်ယောင်မိနေသည်။ လူမျိုးနှင့်ပတ်သက်၍ လေးလေးနက်နက်စဉ်းစားကြည့်မိသည်။ ဤအချက်ကိုထောက်ရှုခြင်းအားဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဟူ၍ လူမျိုးစု အရရှိကြသော်လည်း နိုင်ငံနှင့်အဝန်း ပျံ့နှံ့လျက်၊ နေထိုင်လျက်ရှိကြသည်။ ဥပမာအားဖြင့် ရခိုင်ပြည်နယ်မှ ရခိုင်လူမျိုးများသည် ရန်ကုန်မြို့တွင် မြောက်မြားစွာ ပျံ့နှံ့နေထိုင်လျက်ရှိကြသည်။ မွန်လူမျိုး၊ ကရင်လူမျိုးတို့လည်း ရန်ကုန်မြို့ကြီးတွင် မြောက်မြားစွာတွေ့ရပေ၏။ တိုင်းရင်းသားအားလုံး အေးအတူပူအမျှ စုပေါင်းနေထိုင်ကြခြင်းပင်ဖြစ်သည်။

### တစ်စိတ်တစ်ဝမ်းတည်းသော မြန်မာစိတ်ဓာတ်

အမှန်အားဖြင့် ကျွန်တော်တို့တိုင်းရင်းသားအားလုံးသည် လူမျိုးအလိုက်ကွဲပြားမှုရှိသော်လည်း နိုင်ငံနှင့် အဝန်းပျံ့နှံ့နေထိုင်ကြခြင်းကြောင့် စိတ်ဓာတ်မှာ တစ်စိတ်တစ်ဝမ်းတည်းသော မြန်မာစိတ်ဓာတ်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ တိုင်းရင်းသားအားလုံးသည် မြန်မာပင်ဖြစ်သည်။ ငါတို့အားလုံးသည် မြန်မာဟူသောစိတ်ဓာတ်၊ မြန်မာဟူသော ဇာတိသွေးဇာတိမာန်တို့နှင့်အတူ ရှေးအစဉ်အဆက်ကတည်းက အမျိုးသားရေးထက်သန်သော လူမျိုးပင်ဖြစ်သည်။ မြန်မာ့သွေး မြန်မာ့စိတ်ဓာတ်သည် စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှု၊ ရဲရင့်သတ္တိပြည့်ဝမှုတို့နှင့်အတူ အစဉ်ထာဝရရှင်သန် နိုးကြားလျက်ရှိပါသည်။

### မြန်မာဟူသော အဓိပ္ပာယ်

မြန်မာဆိုသောအဓိပ္ပာယ်က ပြည့်စုံလွန်းလှသည်။ စစ်ချီတက်သည့်အခါ၊ အရေးကြုံသည့်အခါ ဉာဏ်ပညာနှင့်ကြံစည်တတ်ပြီး သတ္တိနှင့်ပြည့်စုံခြင်းဆိုသည့် "မြန်" ဟူသောအဓိပ္ပာယ်ကို"မာ" ဆိုသည့် ထက်သန်သော ဆန္ဒ၊ မလျှော့သောဝီရိယ၊ ဇာတိသွေး ဇာတိမာန် ခက်ထန်မာကြောသော အဓိပ္ပာယ်များဖြင့် ပေါင်းစပ်လိုက်သည့်အခါ ဂုဏ်ထူးဝိသေသ ထူးခြားသည့် "မြန်မာ" ဟူသော အဓိပ္ပာယ်သည် ပေါ်လွင်ထင်ရှားလာသည်။ မြန်မာဟူသည် တိုင်းရင်းသားလူမျိုးအားလုံးကို ကိုယ်စားပြုပြီး ရှေးပဝေသဏီကတည်းကပင် ဂုဏ်ရောင်ထွန်းပြောင် ဘုန်းမီးနေလ တောက်ပခဲ့သော အမျိုးကို ကိုယ်စားပြုခြင်းဖြစ်သည်။

ထို့ကြောင့်ပင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားညီအစ်ကိုအပေါင်းတို့သည် အရေးကြုံလျှင် သွေးဆုံသည်၊ အရေးကြီးလျှင်သွေးနီးသည်ဟူသော စကားအတိုင်း သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးကြိုးပမ်းရာတွင် ဝိုင်းဝန်းတိုက်ပွဲဝင်ခဲ့ကြသည်။ ညီညွတ်သောစိတ်ဓာတ်၊ ပေါင်းစည်းသော အင်အားဖြင့် လွတ်လပ်ရေးကို အရယူခဲ့ကြသည်။ မည်သို့ပင် နယ်ချဲ့တို့ကသွေးခွဲစေကာမူ သွေးမကွဲဘဲ ပြည်မနှင့် တောင်တန်း၊ တောင်တန်းနှင့်ပြည်မတစ်သွေးတည်း တစ်သားတည်းဖြစ်ကြောင်း ပင်လုံမြေကို သက်သေပြု၍ သစ္စာပြုခဲ့ကြသည်။

> "မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတို့သည် မရှိအတူ၊ ရှိအတူ၊ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် လက်တွဲနေထိုင်လာခဲ့ကြသည်။ တိုင်းတစ်ပါး ကျူးကျော်မှုနှင့် လွတ်လပ်ရေးတိုက်ပွဲများတွင် သွေးချင်းသားချင်း တိုင်းရင်းသားတို့လက်တွဲ ၊ အင်္ဂလိပ်နယ်ချဲ့ သွေးခွဲမှုအကြားမှာပင် တိုင်းရင်းသားစုံမကွဲမပြား တစ်စည်းတစ်လုံး တစ်စုတစ်ပေါင်း လွတ်လပ်ရေး အရယူရန် ပင်လုံစာချုပ်ကြီးကို တိုင်းရင်းသားညီအစ်ကို အပေါင်းက စုပေါင်း လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုနေ့သည်ကား ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့ပင်ဖြစ်သည်။ မြန်မာတစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှု စွမ်းပကားကို ကမ္ဘာကို အတိအလင်း ထုတ်ဖော် ပြသလိုက်ခြင်းပင်ဖြစ်သည်"

### အမြဲစည်းလုံးမည်

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတို့သည် မရှိအတူ၊ ရှိအတူ၊ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် လက်တွဲနေထိုင်လာခဲ့ကြသည်။ တိုင်းတစ်ပါးကျူးကျော်မှုနှင့် လွတ်လပ်ရေးတိုက်ပွဲများတွင် သွေးချင်းသားချင်း တိုင်းရင်းသားတို့လက်တွဲ၊ အင်္ဂလိပ်နယ်ချဲ့သွေးခွဲမှုအကြားမှာပင် တိုင်းရင်းသားစုံ မကွဲမပြား တစ်စည်းတစ်လုံးတစ်စုတစ်ပေါင်း လွတ်လပ်ရေးအရယူရန် ပင်လုံစာချုပ်ကြီးကို တိုင်းရင်းသားညီအစ်ကိုအပေါင်းက စုပေါင်း လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုနေ့သည်ကား ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့ပင်ဖြစ်သည်။ မြန်မာတစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှု စွမ်းပကားကို ကမ္ဘာကို အတိအလင်း ထုတ်ဖော်ပြသလိုက်ခြင်းပင်ဖြစ်သည်။ ရေကိုသား၍ အကြားမထင် ဆိုသောစကားအတိုင်း မည်သို့ပင် သွေးခွဲသပ်လျှိုစေကာမူ အဆုံး၌ ညီညွတ်ခြင်းအားကို ပြသနိုင်ခဲ့သည်။ စည်းလုံးခြင်းကို ဖော်ထုတ်ခဲ့သည်။ ဘယ်သူခွဲခွဲဗို့မကွဲ အမြဲစည်းလုံးမည်ဟူသောသန္နိဋ္ဌာန်ကို ပြတ်ပြတ်သားသား ပြဋ္ဌာန်းထားကြသည်။

ဤပင်လုံစာချုပ် လက်မှတ်ရေးထိုးသော ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ်သတ်မှတ်ကာ နှစ်စဉ် တိုင်းရင်းသားညီအစ်ကိုများတွေ့ဆုံလျက် ပြည်ထောင်စုအရေးအရာများကို ဆွေးနွေးပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အားဖြည့်ခဲ့ကြသည်။ ယခု၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဆိုလျှင် ပင်လုံမြေမှအစပြုခဲ့သည့် ပြည်ထောင်စုနေ့သည် နှစ်ပေါင်း ၇၅ နှစ်တင်းတင်း ပြည့်လေပြီ။ တစ်နည်းအားဖြင့် စိန်ရတုပြည်ထောင်စုနေ့ပင်ဖြစ်သည်။ တိုင်းရင်းသားအားလုံး၏ စုစည်းညီညွတ်မှုကို ဖော်ထုတ်ပြသသည့် ဤပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်ကြီးသည်ကား ငွေရတုမှသည် ရွှေရတု၊ ရွှေရတုမှသည် စိန်ရတု အထိတိုင်မက နှစ်ထောင်သောင်းချီ၍ အစွန့်ရှည်တည်တံ့နေဦးမည်မှာ အသေအချာပင်ဖြစ်ပါသည်။

*စာမျက်နှာ ၂၁ သို့*






ကချင်၊ ကယား၊ ကရင်၊ ချင်း တိုင်းရင်းသား တိုင်းရင်းသူများ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)






မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း တိုင်းရင်းသား တိုင်းရင်းသူများ။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

*စာမျက်နှာ ၂၀ မှ*

**အနှစ်သာရနှင့် အဓိပ္ပာယ်ပြည့်စုံစွာ**

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ယခုနှစ် စိန်ရတုပြည်ထောင်စုနေ့ကို တမူထူးခြားစွာဖြင့် အနှစ်သာရနှင့် အဓိပ္ပာယ်ပြည့်စုံစွာကျင်းပနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြသည်။ ၂၀၂၂ ခုနှစ်(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များကို ဤသို့ချမှတ်ထားပါသည်-

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး။

(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။

(၃) တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီးထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။

(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

**ပြည်ထောင်စုစိတ်ဓာတ်**

အထက်ပါစိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို လေ့လာဆန်းစစ်ကြည့်မည်ဆိုလျှင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးအပေါ်တွင် နိုင်ငံတော်အစိုးရကထားရှိသည့် စိတ်ကောင်းစေတနာမှာ ပေါ်လွင်ထင်ရှားလှပေသည်။ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာအောင်လည်း ဘက်ပေါင်းစုံမှ ငွေအား၊ လူအားတတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်နေသည်မှာလည်း ပကတိအရှိတရားပင်ဖြစ်ပါသည်။ အထူးသဖြင့် တိုင်းရင်းသားများ၏ နယ်စပ်ဒေသများ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့်လမ်းပန်းဆက်သွယ်ရေးတို့ကို တစ်နှစ်ထက်တစ်နှစ် တိုးတက်ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ဤသို့ နယ်စပ်ဒေသများကို အထူးအလေးထားဖြည့်ဆည်းပေးနေရခြင်း၏အကြောင်းဆက် အကျိုးဆက်မှာလည်း စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်ပါသည်။ စည်းလုံးညီညွတ်ရေး အားကောင်းလာသည်နှင့်အမျှ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြည်ထောင်စုကြီးအစွန့်ရှည်ရေး တွဲဆက်ထားသောလက်များ ခိုင်မာသည်ထက်ခိုင်မာအောင် ဆုပ်ကိုင်ထားကြခြင်းဖြင့် စည်ပင်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့သည်လည်း တစ်နှစ်ထက်တစ်နှစ် အားကောင်းလာမည်မှာ မလွဲကေန်ပင်ဖြစ်ပါသည်။ ။

# မိုင်းယောင်းမြို့နယ် တိုင်းရင်းသားကျေးရွာများ၌ ရိုးရာနှစ်သစ်ကူးပွဲများ ပျော်ရွှင်စွာ ဆင်နွှဲ



**မိုင်းယောင်း ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် အတွင်း၌ ဒေသခံဌာနေ တိုင်းရင်းသားများ၏ ရိုးရာနှစ်သစ်ကူးပွဲများကို မိုးနှောင်းရာသီ ဆောင်းဝင်ခါစ အောက်တိုဘာ လကုန်ပိုင်းမှစ၍ တိုင်းရင်းသား ကျေးရွာများ၌ ပျော်ရွှင်စွာ ကျင်းပဆင်နွှဲလျက်ရှိရာ ယနေ့တွင် အေးချမ်းရွာ၊ အောင်မြေရွာ၊ ဇေထိရွာတို့၌ ကျင်းပကြောင်း သိရသည်။(ဓာတ်ပုံ)

တိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲများကို ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာအရ ဘာသာရေးဆရာများက ဦးဆောင်၍ ကျင်းပကြကာ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသော စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ ငရုတ်သီးနှင့် အခြားရာသီပေါ်သီးနှံများကို အထွတ်အမြတ်ထားရာ ကိုးကွယ်ယုံကြည်သူများထံ ဦးဦးဖျားဖျား ဆက်ကပ်ပူဇော်၍ စုပေါင်းပြီး ကုသိုလ်ကောင်းမှုအတွက် ဆုတောင်းကြသည်။

ရိုးရာနှစ်သစ်ကူးပွဲ ကျင်းပသည့် ဤအချိန်များတွင် အဝေးရောက်နေသူများမှာလည်း မိမိတို့မွေးရပ်မြေရှိမိဘဆွေမျိုးများထံသို့ ပြန်လာကြပြီး မိသားစုလက်စုံ ထမင်းဝိုင်းများနှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေအပေါင်းအသင်းများဖြင့် မိတ်ဆုံထမင်းဝိုင်းများ ကျင်းပကြသည်။

မိုင်းယောင်းမြို့နယ်အတွင်းရှိ တိုင်းရင်းသားများ၏ နှစ်စဉ်ကျင်းပမြဲ ရိုးရာဓလေ့တစ်ခုဖြစ်သော နှစ်သစ်ကူးပွဲများကို ယခုနှစ်တွင် မြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားကျေးရွာများဖြစ်ကြသည့် အေးချမ်းရွာ၊ အောင်မြေရွာ၊ ဇေထိရွာ၊ နမ့်ဆီလင်း၊ ပါဆန်း၊ ရှေခင်၊ ဖီအုံကျေးရွာတို့၌ ပျော်ရွှင်စွာ ကျင်းပဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၀ ဒသမ ၉၈ လက်မ၊ မြဝတီမြို့တွင် ၀ ဒသမ ၅၁ လက်မ၊ ခန္တီးမြို့တွင် ၀ ဒသမ ၄၃ လက်မနှင့် မုဒုံမြို့တို့တွင် ၀ ဒသမ ၂၄ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# မုဒုံမြို့နယ် တောင်ပကျေးရွာ၌ (၇၅)ကြိမ်မြောက်စိန်ရတု မွန်အမျိုးသားနေ့အထိမ်းအမှတ် မွန်စာပေပြိုင်ပွဲ ကျင်းပ

**မုဒုံ ဖေဖော်ဝါရီ ၅**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် (၇၅) ကြိမ်မြောက် စိန်ရတု မွန်အမျိုးသားနေ့အထိမ်းအမှတ် မွန်စာပေပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက တောင်ပကျေးရွာရှိ မွန်ဘုန်းကြီးကျောင်းတိုက် ကျောင်းသစ်၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များက ဩဝါဒကထာ မြွက်ကြားပြီး ပြိုင်ပွဲကို စတင်ကျင်းပရာ မွန်လူငယ်များ မွန်စာပေ ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ မွန်သမိုင်း သိရှိလာစေရန် ရည်ရွယ်ချက်ဖြင့် မွန်စာပေပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်း စာပေပြိုင်ပွဲနှင့် စာစီစာကုံး၊ ကဗျာ၊ ဉာဏ်စမ်းအမေးအဖြေ ပြိုင်ပွဲများကို ကျင်းပသည်။

မွန်စာပေပြိုင်ပွဲတွင် မုဒုံမြို့နယ် ကလော့သော့တိုက်နယ် ကျေးရွာလေးရွာမှ မွန်ကျောင်းသား ကျောင်းသူ ၁၉၉ ဦးတို့က ဝင်ရောက်ဖြေဆိုကြကြောင်း၊



ဆုရရှိသူများကို (၇၅)ကြိမ်မြောက် စိန်ရတု မွန်အမျိုးသားနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ကြောင်း မွန်စာပေပြိုင်ပွဲ ကျင်းပရေးကော်မတီမှ သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

# အခြေခံကွန်ပျူတာကျွမ်းကျင်မှုသင်တန်းနှင့် e-Government Training Center ဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ကွန်ပျူတာအခြေခံသင်တန်းဖွင့်ပွဲနှင့် e-Government Training Center အဆောက်အအုံနှင့် ဆိုင်းဘုတ်ဖွင့်ပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးဝင်းအတွင်းရှိ အဆိုပါအဆောက်အအုံတွင် ဖေဖော်ဝါရီ ၃ ရက်က ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ဝန်ထမ်းတိုင်း ဒစ်ဂျစ်တယ်နည်းပညာ၊ ကွန်ပျူတာ၊ အင်တာနက်အသုံးချမှုနှင့် လုံခြုံရေးအခြေခံ သဘောတရားများကို နားလည်တတ်ကျွမ်းပြီး ရုံးလုပ်ငန်းများတွင် ခေတ်မီအိုင်တီနည်းပညာကို အသုံးချနိုင်ရန်နှင့် e-Government လုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့က e-Government Training Center ဖွင့်လှစ်ပြီး အခြေခံသင်တန်းမှ အဆင့်မြင့်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် ဝန်ထမ်းများအတွက် နည်းပညာဆိုင်ရာကျွမ်းကျင်မှု သင်တန်းများ၊ ပညာရှင်များ၏ ဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဝန်ကြီးများက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ e-Government Training Center အဆောက်အအုံကို ဖွင့်လှစ်ပေးကာ အဆောက်အအုံအတွင်း ပြင်ဆင်ထားမှုနှင့် သင်တန်းသားသင်တန်းသူများ၏ ကွန်ပျူတာ သင်ခန်းစာ သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုခဲ့သည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**



သင်တန်းဖွင့်လှစ်သင်ကြားနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေးစဉ်။

# ပို့ကုန်အမယ်သစ်အဖြစ် ပြည်ပဈေးကွက်တွင် အရောင်းသွက်နေသည့် ပဲဇီးကွက်များ မန္တလေးဈေးကွက်သို့ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်လာ

**မန္တလေး ဖေဖော်ဝါရီ ၅**

၂၀၂၂ ခုနှစ် ပဲရာသီအတွက် မန္တလေး ပဲဈေးကွက်အတွင်းသို့ ပို့ကုန် အမယ်သစ်အဖြစ် ပြည်ပဈေးကွက်တွင် အရောင်းသွက်နေသည့် မြန်မာ့လယ်ယာထွက်ကုန် ပဲဇီးကွက်များ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်လာကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ ပဲဇီးကွက်သည် စတင်ထွက်ရှိသည့် ဇန်နဝါရီလမှစ၍ ယခုချိန်အထိ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်လျက်ရှိကြောင်း၊ ယင်း ပဲဇီးကွက်များသည် ဒုဋ္ဌဝတီမြစ်ကမ်းဘေးရှိပုသိမ်ကြီး၊ ဧရာဝတီမြစ်ကမ်းဘေးရှိ မတ္တရာ၊ စဉ့်ကူးဒေသများမှ ဝင်ရောက်လာကာ ပြီးခဲ့သည့်နှစ်ကာလတူအချိန်က ပဲဇီးကွက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ ဈေးရှိခဲ့သော်လည်း ယခုပေါက်ဈေးအနေဖြင့် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ ဈေးရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

"ပဲဇီးကွက်က ဒီနှစ်စထွက်ထွက်ခြင်းမှာ ဈေးကကျမသွားဘဲနဲ့ တက်ဈေးအမြင့်ဈေးမှာပဲ ရပ်တည်နေတယ်။ ဇီးကွက်နဲ့ ပုံသဏ္ဌာန်တူလို့ ဈေးကွက်ထဲမှာ ပဲဇီးကွက်လို့ ခေါ်တွင်လာတာ ဖြစ်တယ်။ ကျောက်ဆည် နယ်ဘက်တွေမှာတော့ ပဲဇီးကွက်ကိုလာဘ်ကောင်ပဲလို့ခေါ်ကြတယ်။ ပဲဇီးကွက်ဟာ လွန်ခဲ့တဲ့ လေးနှစ်လောက်ကစပြီး တရုတ်ပြည်ကို စမ်းသပ်တင်ပို့ခဲ့တဲ့အခါမှာ စားသုံးသူတွေကြိုက်နှစ်သက်တဲ့အတွက် ပို့ကုန်အမယ်သစ်အနေနဲ့ ဈေးကွက်ထဲ ဝင်ရောက်ပြီးတော့ ခေတ်စားလာတာဟာ ပြီးခဲ့တဲ့နှစ် ၂၀၂၁ ခုနှစ်မှာ သိသာအထင်ရှားဆုံး ဖြစ်တယ်။ ဒီနှစ်အနေနဲ့လည်း အမယ်သစ် ပဲဇီးကွက်ကို တရုတ်ပြည်ဈေးကွက်ထဲမှာ တွင်တွင်ကျယ်ကျယ်နဲ့ ရသလောက်ဝယ်ယူနေတာကို တွေ့ရပါတယ်။ မတ်ပဲ၊ ပဲစင်းငုံနဲ့ နှမ်းစတဲ့ သမားရိုးကျ တင်ပို့တဲ့ ပစ္စည်းတွေအပြင် အခုလို ပဲဇီးကွက်ကဲ့သို့ အမယ်သစ်များကို ဈေးကွက်ထဲမှာ တွင်တွင်ကျယ်ကျယ် တင်ပို့နေရတာ ဝမ်းသာစရာ တစ်ခုဖြစ်ပါတယ်" ဟု ၎င်းကရှင်းပြသည်။

လက်ရှိအချိန်တွင် မန္တလေး ပဲဈေးကွက်အတွင်း၌ ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၁၂၆၀၀၀၊ မတ်ပဲသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀၊ ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀၊ မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ပေါက်ဈေးများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် အားကစားနှင့် စာစီစာကုံးပြိုင်ပွဲများ မြို့နယ်များ၌ကျင်းပ

## မင်းလှ

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ကကြီးမှူးကျင်းပသည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို မြို့နယ်အားကစားကွင်း၌ ဖေဖော်ဝါရီ ၃ ရက်က စတင်ကျင်းပသည်။

ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် အဖွဲ့ဝင်များက အားကစားသမားများကို အားပေးစကားပြောကြား၍ ပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။ ပြိုင်ပွဲတွင် လူငယ်ကစားသမားများက အသင်းခုနစ်သင်းဖြင့် ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး မြို့နယ်အားကစားမှူးနှင့် ဒိုင်လူကြီးများက ဖူဆယ်ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြိုင်ပွဲများကို ကြီးကြပ်ကျင်းပလျက်ရှိကာ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အသင်းများကို (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားတွင် ဆုများချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

**ပေါက်စ(မင်းလှ)**

## ကလေးဝ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အကြို စစ်တုရင်ပြိုင်ပွဲကို ချင်းတွင်းမြစ်သာခန်းမ၌ ဖေဖော်ဝါရီ ၄ ရက်က ကျင်းပပြီး စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မိုးအောင်က အမှာစကားပြောကြား၍ စစ်တုရင်ပြိုင်ပွဲကို အုပ်စုများခွဲပြီး ဆက်လက်ကျင်းပလျက်ရှိကြောင်း သိရသည်။

**သက်ဟန်(ကလေးဝ)**

## ပုလော

ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ပုလောမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပြည်ထောင်စုအစ ပင်လုံက၊ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် စည်းလုံးညီညာအောင်ကြောင်းဖြာ ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၅ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

**အေးအေးမော် (ပုလော)**



# ဧရာဝတီတိုင်းဒေသကြီးတွင် ငှက်ပျောချည်မျှင်ဖြင့် လူသုံးကုန်ပစ္စည်းများထုတ်လုပ်နိုင်ရန် စီစဉ်လျက်ရှိ

**ပုသိမ် ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်း ဒေသကြီးသည် ငှက်ပျောပင်အများအပြား စိုက်ပျိုးလျက်ရှိသော တိုင်းဒေသကြီးဖြစ်ရာ ငှက်ပျောပင် ပင်စည်မှ ထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းဖြင့် လူ့အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ရောင်းချသွားရန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးနိုင်ထူးထံမှ သိရသည်။

ငှက်ပျောပင်မှ စွန့်ပစ်ပစ္စည်းဖြစ်သည့် ပင်စည်ကို အသုံးပြုကာ ဈေးကွက်ဝင်တန်ဖိုးမြင့် ကုန်စည်များအဖြစ် ပြုပြင်ပြောင်းလဲထုတ်လုပ်သွားရန်နှင့် ငှက်ပျောချည်မျှင်ဖြင့် လူသုံးကုန်ပစ္စည်းများဖြစ်သည့် အဝတ်အထည်၊ လက်ကိုင်အိတ်၊ ဖိနပ်နှင့်စက္ကူစသောလူအသုံးအဆောင်ပစ္စည်းများအပြင် ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းဖြစ်သော နှာခေါင်းစည်းများကိုပါ ထုတ်လုပ်သွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ငှက်ပျောချည်မျှင်ကိုအသုံးပြုကာ လက်မှုပညာဖြင့် လူ့အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ရောင်းချသွားနိုင်ရေးအတွက် လက်မှုထည်ထုတ်လုပ်ခြင်းကို စီမံကိန်းချမှတ်ကာ ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း အကောင်အထည် ဖော်နိုင်ရေး ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါလုပ်ငန်း အကောင်အထည်ဖော်နိုင်ရေးအတွက် စိတ်ပါဝင်စားသူများအား အသေးစား စက်မှုလက်မှုဦးစီးဌာနရုံးတွင် သင်တန်းများခေါ်ယူ သင်ကြားပြသပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ကိုဗစ်-၁၉ကပ်ရောဂါကာလအတွင်း ဥရောပကလပ်များ ငွေကြေး ယူရိုခုနစ်ဘီလီယံနစ်နာဟု ခန့်မှန်းထား

ကိုဗစ်-၁၉ကပ်ရောဂါကြောင့် ဥရောပကလပ်အသင်းများ၏ ဘဏ္ဍာ အကောင့်ထဲတွင် ယူရို ခုနစ်ဘီလီယံအထိ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်ခဲ့



သည်ဟု ဥရောပဘောလုံးအသင်းများသမဂ္ဂ (ယူအီးအက်ဖ်အေ) ၏ ဖေဖော်ဝါရီ ၃ ရက်အစီရင်ခံစာအရသိရသည်။ ပြီးခဲ့သည့်ရာသီနှစ်ခု လုံးတွင် လည်းကပ်ရောဂါက နှောင့်ယှက်ခဲ့သည်။ ကစားပွဲအများစုမှာ ပရိသတ်မပါဘဲ ကျင်းပခဲ့ရသည်။အားကစားပွဲဝင်ကြေးမှ ရရှိသည့်ငွေ လျော့ကျလာခြင်း၊ စပွန်ဆာရရှိမှုများ လျော့နည်းလာခြင်းနှင့်အတူ ကလပ် အသင်းများမှာ ၂၀၁၉ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ယူရို လေးဘီလီယံ နစ်နာခဲ့ရသည်။ ၂၀၂၀ပြည့်နှစ်မှ ၂၀၂၁ ခုနှစ် ကြားကာလ တွင် ယူရို သုံးဘီလီယံ ဆုံးရှုံးနစ်နာခဲ့ရသည်။

ဥရောပတွင်ကပ်ရောဂါကြောင့် လူဦးရေ နှစ်သန်းနီးပါး အသက် ဆုံးရှုံးခဲ့ရာ ရောဂါကူးစက်ပျံ့နှံ့မှုများကို ထိန်းချုပ်နိုင်ရန်အတွက် အသွားအလာပိတ်ဆို့မှုများ ပြုလုပ်ခဲ့ရသည်။ ယင်းသို့ ပိတ်ဆို့မှုများ ကြောင့်လည်း ကမ္ဘာတစ်ဝန်းကလပ်အသင်းများ ငွေကြေးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။ လက်မှတ်ရောင်းချရငွေမှာလည်း ယူရို ၄.၄ ဘီလီယံ ကျဆင်းခဲ့ရသည်။ စပွန်ဆာရရှိမှုမှာ ယူရို ၁.၇ဘီလီယံ ကျဆင်းခဲ့ရ သည်ဟုသိရသည်။ **အောင်**



ရော်ဂျာဖက်ဒဲရာနှင့် ရာဖေးနာဒယ်

## ရာဖေးနာဒယ်နှင့် ရော်ဂျာဖက်ဒဲရာတို့ ၂၀၂၂ခုနှစ် Laver ဖလားပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်မည်

ရာဖေးနာဒယ်နှင့် ရော်ဂျာဖက်ဒဲရာတို့သည် ၂၀၂၂ ခုနှစ် Laver ဖလားပြိုင်ပွဲ တွင်ပါဝင်ယှဉ်ပြိုင်မည်ဟု အတည်ပြုပြောကြားခဲ့သည်။ အဆိုပါ ပြိုင်ပွဲ ကို စက်တင်ဘာ ၂၂ ရက်မှ ၂၅ ရက်အထိ လန်ဒန်မြို့တွင် ကျင်းပသွားမည် ဖြစ်သည်။ ရော်ဂျာဖက်ဒဲရာသည် ပြီးခဲ့သည့်နှစ်ဇူလိုင်လမှစတင်ကာ ဒူးဒဏ်ရာပြဿနာကြောင့် ကစားပွဲမှ နားနေရသူလည်း ဖြစ်သည်။ ၎င်းတို့နှစ်ဦးမှာ လန်ဒန်မြို့တွင်ကျင်းပမည့် ပြိုင်ပွဲတွင် ဥရောပအသင်း ကိုကိုယ်စားပြုကစားသွားမည်ဟု ပြောကြားခဲ့သည်။ ယခုနှစ်နှောင်းပိုင်း တွင် ကစားပွဲများ၌ ပြန်၍ ပါဝင်နိုင်ရေး စိတ်အားထက်သန်လျက်ရှိပြီး Laver ဖလားပြိုင်ပွဲမှာ ၎င်းမျှော်လင့်ထားရသည့်ပွဲဖြစ်ကြောင်း ရော်ဂျာ ဖက်ဒဲရာက ပြောသည်။ Laver ဖလားပြိုင်ပွဲတွင် နှစ်ဦးစလုံး အတူ ယှဉ်ပြိုင်ရန် နာဒယ်က ၎င်းထံ အကြောင်းကြားခဲ့ကြောင်း ရော်ဂျာ ဖက်ဒဲရာက ပြောသည်။ **အောင်**

## ပယ်နယ်တီအဆုံးအဖြတ်တွင် မစ်ဒယ်ဘရော့ကို ရှုံးနိမ့်ပြီး အက်ဖ်အေဖလားပြိုင်ပွဲမှ မန်ယူအသင်း ထွက်ရပြီ

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းနှင့် ချန်ပီယံရှစ်ကလပ်မစ်ဒယ်ဘရော့အသင်းတို့၏ အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်ကို ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက ပယ်နယ်တီအဆုံးအဖြတ်တွင် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်။ အဆိုပါ ပွဲစဉ်သည် သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်တစ်ဂိုးစီ သရေကျနေ၍ ပယ်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရသည်။ ပယ်နယ်တီ အဆုံးအဖြတ်တွင် မစ်ဒယ်ဘရော့အသင်းက ရှစ်ဂိုး-ခုနစ်ဂိုးဖြင့် အနိုင်ရရှိပြီး နောက် တစ်ဆင့် တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

မန်ယူအသင်းသည် ယခုပွဲစဉ်တွင် ကွင်းလယ်တွင် ပေါ့ဘာပြန်လည် ပါဝင်လာခဲ့ပြီး တွန်မီနေးနှင့် တွဲဖက်ကာ ခြေစွမ်းပြသနိုင်ခဲ့သော်လည်း အသင်းတိုက်စစ် ကစားသမားများ အဆုံးသတ် မသေချာခဲ့၍ သွင်းဂိုးများနှင့် ဝေးကွာခဲ့ရသည်။ ပွဲချိန် မိနစ် ၂၀ တွင် မန်ယူအသင်းပယ်နယ်တီ ကန်သွင်းခွင့်ရရှိခဲ့သော်လည်း တိုက်စစ်မှူး စီရော်နယ်ဒို ကန်သွင်းအဆုံးသတ်ရာ ဂိုးပေါက်လွဲချော်ခဲ့၍ နစ်နာခဲ့ရသည်။

ယခုပွဲစဉ်အတွက် အဖွင့်ဂိုးကို မန်ယူ အသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ၂၅ မိနစ်တွင် ဖာနန်ဒက်စ်၏ ဖန်တီးမှုမှ ဆန်ချိုက သွင်းယူ ပေးနိုင်ခဲ့သည်။ မစ်ဒယ်ဘရော့အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၆၄ မိနစ်တွင် ခရွတ်စ်က သွင်းယူပေးခဲ့သည်။ အဆိုပါ ချေပဂိုးသွင်းယူရန် ဂိုးဖန်တီးမှုပြုလုပ်ခဲ့သည့် ဝက်ဒ်မိုး ဘောလုံး ထိန်းရာတွင် လက်နှင့်ထိခဲ့သော်လည်း ကွင်းလယ်ဒိုင်က ဂိုးအဖြစ် ခွင့်ပြုခဲ့သည့်အတွက် မန်ယူအသင်း နစ်နာခဲ့ရသည်။

ထို့နောက် ပွဲချိန်ပြည့်သည်အထိ ဂိုး သွင်းယူနိုင်ခြင်းမရှိသောကြောင့် အချိန်ပို ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပို တွင်လည်း တစ်ဖက်နှင့်တစ်ဖက်ဂိုး သွင်းယူ နိုင်ခြင်း မရှိသောကြောင့် ပယ်နယ်တီ အဆုံး အဖြတ် ခံယူခဲ့ရသည်။ ပယ်နယ်တီတွင် မစ်ဒယ်ဘရော့အသင်းက ဂိုးအားလုံးဝင်အောင် သွင်းယူနိုင်ခဲ့သော်လည်း မန်ယူအသင်းမှ အီလန်ဂါ ဂိုးပေါက်လွဲချော်ခဲ့သည့်အတွက် မစ်ဒယ်ဘရော့အသင်းက ရှစ်ဂိုး-ခုနစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ချယ်ဆီးနှင့် ပလိုင်း မောက်ပွဲတွင် မိနစ် ၉၀ ပြည့်သည်အထိ တစ်ဖက်တစ်ဂိုးစီ သရေကျနေသဖြင့် အချိန်ပို ကစားရာ ပွဲချိန် ၁၀၅ မိနစ်တွင် အလွန်ဆိုက အနိုင်ဂိုး သွင်းယူပေးကာ ပွဲအပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် ချယ်ဆီးအနိုင်ရရသည်။ **အောင်ဇော်**



တိုက်စစ်မှူး စီရော်နယ်ဒို ပွဲချိန်အတွင်း ရရှိခဲ့သည့် ပယ်နယ်တီကို အဆုံးသတ် ကန်သွင်းရာ လွဲချော်သွားသည်ကို တွေ့ရစဉ်။



## အာဆင်နယ်တိုက်စစ်မှူး လာကာဇက်ကို လိုင်ယွန်အသင်း ပြန်လည်ခေါ်ယူလို

ပြင်သစ်လီဂူးဝမ်းကလပ် လိုင်ယွန်အသင်းဥက္ကဋ္ဌဖြစ်သူ ဂျိမ်းမိုက်ကယ် အူးလပ်စ်သည် ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းမှ တိုက်စစ် ကစားသမားဖြစ်သူ လာကာဇက်ကို နွေရာသီအပြောင်းအရွှေ့ကာလတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြန်လည်ခေါ်ယူသွားမည်ဟု ပြောကြား လိုက်သည်။

ထို့အပြင် အာဆင်နယ်အသင်းကလည်း အဆိုပါ တိုက်စစ်ကစား သမားကို စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းသွားဖွယ်မရှိသည့်အတွက် အပြောင်းအရွှေ့မှာ ဖြစ်မြောက်လာဖွယ်ရှိသည်။ လာကာဇက်နှင့် အာဆင်နယ်အသင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ရာသီ ကုန်တွင် ကုန်ဆုံးတော့မည် ဖြစ်သည်။ လာကာဇက်သည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် အာဆင်နယ်အသင်းအတွက် ၁၆ ပွဲ ကစားထားပြီး သုံးဂိုးသာ သွင်းယူထားသည်။ လာကာဇက်သည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို လိုင်ယွန်အသင်းတွင် စတင်ခဲ့သူဖြစ်ပြီး ပြိုင်ပွဲ အရပ်ရပ် ၂၇၅ ပွဲ ပါဝင်ကစားထားပြီး ၁၂၉ ဂိုးသွင်းယူပေးထားသည်။ ၎င်းသည် ၂၀၁၇ ခုနှစ်တွင် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ၂၀၁၉-၂၀၂၀ ခုနှစ်တွင် အာဆင်နယ်အသင်းကို အက်ဖ်အေဖလား ဆွတ်ခူးရရှိအောင် ကူညီပေးထားနိုင်သူ ဖြစ်သည်။ **အောင်ဇော်**

## မီလီတာအိုကို ခေါ်ယူရန် နည်းပြတူချယ် ဆန္ဒရှိနေ

ချယ်ဆီးနည်းပြ တူချယ်သည် ရာသီကုန်တွင် စတန်းဖို့ဒ်ဘရစ်မှ



အလွတ် ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာဖွယ်ရှိနေသည့် ရူဒီဂါ (၂၈နှစ်) နှင့် ခရစ္စတန်ဆန် (၂၅နှစ်) တို့၏ နေရာကို အစားထိုး ရန်အတွက် နွေရာသီတွင် ရီးရဲ မက်ဒရစ် အသင်းမှ ဘရာဇီး ဗဟို ခံစစ်ကစားသမားဖြစ်သူ မီလီ တာအို (၂၄နှစ်) ကို ခေါ်ယူရန် ပစ်မှတ်ထားနေသည်။ မီလီတာ အိုသည် ယခုနှစ်ရာသီတွင် ရီးရဲ မက်ဒရစ်အသင်းအတွက် ပြိုင်ပွဲ အရပ်ရပ် ပွဲ ၃၀ တွင် နှစ်ဂိုးသွင်းယူ ပေးထားသည်။ **အောင်ဇော်**

## ဆာလီဘာကို ခေါ်ယူရေးတွင် မီလန်မြို့ခံနှစ်သင်းပါဝင်လာ

စီးရီးအေကလပ် အင်တာမီလန် အသင်းနှင့် အေစီမီလန်အသင်း



တို့သည် လက်ရှိတွင် မာဆေးလ် အသင်း၌ အငှားကစားလျက် ရှိနေသော အာဆင်နယ်အသင်းမှ ပြင်သစ် ယူ-၂၁ ဗဟိုခံစစ်ကစား သမား ဆာလီဘာ (၂၀နှစ်) ကို ခေါ်ယူရေးတွင် ရီးရဲမက်ဒရစ် အသင်းအပြိုင်ပါဝင်လာခဲ့သည်။ ဆာလီဘာသည် အမ်းမရိတ်၌ ပွဲ ကစားထားရခြင်း မရှိသေးသော် လည်း မာဆေးလ် အသင်းတွင် ခြေစွမ်းပြသထားနိုင်ပြီး အသင်း အတွက် ပြိုင်ပွဲစုံ ၂၉ပွဲ ပါဝင်ကစား ထားသည်။ **အောင်ဇော်**

## နောက်ဆုံးရ အားကစားသတင်းတိုများ

- ရိုးမားအသင်းသည် ဂျူဗင်တပ်စ်နှင့် စပါးအသင်းတို့က ခေါ်ယူရန် ပစ်မှတ်ထားနေသည့် တိုက်စစ်ကစားသမား ဇနီအိုလိုကို ရောင်း ချသွားဖွယ်ရှိသည်။
- အာဆင်နယ်အသင်းသည် နွေရာသီတွင် ကစားသမားဝယ်ယူမှု အတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၈၀ အသုံးပြုရန် စီစဉ်နေပြီး နီဗက်စ်၊ ကားဗက်လီဝင်နှင့် အီဆတ်တို့ကို ခေါ်ယူသွားဖွယ် ရှိ နေသည်။

# YBS ခရီးသည်တင်ယာဉ်လိုင်းများ ယာဉ်စီးရေ တိုးမြှင့်ပြေးဆွဲပေးရန် ခရီးသွားပြည်သူများ မျှော်လင့်လျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၅

**မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင် နေ့စဉ် YBS ခရီးသည်တင်ယာဉ်များ စီးနင်း၍ မြို့တွင်းခရီးသွားလာနေကြသည့် ပြည်သူများ အနေဖြင့် ခရီးသွားလာကြရာတွင် ယာဉ်အကူ (စပယ်ယာ)များနှင့် ဆက်ဆံရသည့် အခက်အခဲများ၊ ငွေအကြွေရှာရသည့် အခက်အခဲများ၊ ငွေစက္ကူများမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုများ စသည့်အခက်အခဲများ မဖြစ်ပေါ်စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC)က YBS ခရီးသည်တင်ယာဉ်လိုင်းများတွင် ငွေပေးချေကတ် Yangon Payment Service (YPS)စနစ်ကို တွင်ကျယ်စွာ ပြန်လည်အသုံးပြုနိုင်ရန် ဒုတိယ အကြော့အနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိသည်။**




သို့သော်ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများ အနေဖြင့် ယခုအခါ YBS ခရီးသည်တင်ယာဉ်များတွင် ငွေပေးချေကတ် Yangon Payment Service (YPS)စနစ်ကို ပြန်လည်အကောင်အထည်ဖော်ခြင်းထက် အချို့သော YBS ခရီးသည်တင်ယာဉ် အစီးရေ ပြေးဆွဲမှုနည်းသော ယာဉ်လိုင်းများတွင် ယာဉ်အစီးရေများ လုံလုံလောက်လောက် ပြေးဆွဲနိုင်ရန် ခရီးသည်များက မျှော်လင့်လျက်ရှိကြောင်း ခရီးသွားပြည်သူများထံမှ သိရသည်။

" YBS ခရီးသည်တင်ယာဉ်လိုင်းတွေမှာ ယာဉ်စီးခငွေပေးချေတဲ့စနစ်ကို YPS ကတ်စနစ်အဖြစ် ဆောင်ရွက်ပေးတာထက် ကျွန်မတို့လို နေ့စဉ်ခရီးသွားပြည်သူတွေအဖို့ တချို့ ယာဉ်အစီးရေနည်းပါးတဲ့ ယာဉ်လိုင်းတွေမှာ ယာဉ်အစီးရေတွေကို တိုးမြှင့်ပြေးဆွဲပေးစေချင်ပါတယ်။ ပြောရရင်တော့ ဒီကတ်စနစ်ကိုသွားဖို့ ပထမခြေလှမ်းအနေနဲ့ပေါ့နော်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကတ်စနစ်ဆိုတာက ကားလာမှစီးလို့ရတာလေ။ အဲဒီအတွက် ကားတွေက လုံလုံလောက်လောက် ပြေးဆွဲပေးနိုင်မှ လူတွေကလည်း ဒီကတ်ကို ယုံယုံကြည်ကြည်နဲ့ ဝယ်ယူပြီး စီးကြမှာလေ။ အဲဒီအခါမှာတော့ ဒီကတ်စနစ်က သက်ဆိုင်ရာတာဝန်ရှိသူတွေ မျှော်မှန်းထားသလောက် အောင်မြင်လာနိုင်မှာပါ။ နောက်တစ်ခုက အရင်ကဆို YBSနဲ့ ခရီးသွားရတာ အချိန်ကို မှန်းပြီး သွားလို့ရပေမယ့် ကိုဗစ်ကာလကနေစပြီး ဒီနေ့အချိန်အထိ YBS စီးမယ်ဆိုရင် အရင်က သွားနေကျအချိန်ထက် တစ်နာရီလောက်ကြိုပြီး အိမ်ကနေထွက်ရပါတယ်။ အဲဒါတောင်မှ တစ်ခါတလေ ခရီးစဉ်တစ်ဝက်ပဲရောက်မယ်ဆိုတဲ့ ကားက ရှိသေးတယ်။ ပြောရရင် YBS စီးရတာ အရင်ကထက် အဆင်မပြေမှုတွေ များပါတယ် " ဟု နေ့စဉ် အလုံမြို့နယ်မှ တောင်ဒဂုံမြို့နယ်သို့ YBS ခရီးသည်တင်ယာဉ် စီးနင်းပြီး မြို့တွင်းခရီးသွားလာနေသူ ဒေါ်သန္တာဦးက ပြောသည်။

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော YBS ခရီးသည်တင်ယာဉ်များတွင် ငွေပေးချေကတ် YPS စနစ်ဖြင့် ယာဉ်စီးခပေးချေမှုကို ၂၀၁၉ ခုနှစ် နှစ်ဦးပိုင်းကစ၍ ရန်ကုန်မြို့တွင်း ယာဉ်လိုင်းပေါင်း ၃၆ လိုင်းရှိ ဘတ်စ်ကားအစီးရေ ၁၉၀၂ စီးတွင် စတင်တပ်ဆင်အသုံးပြုခဲ့ရာ ခရီးသွားပြည်သူ ခြောက်သောင်းကျော်အထိ ဝယ်ယူအသုံးပြုမှုရှိခဲ့ပြီး ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်မားလာမှုကြောင့်လည်းကောင်း၊ ဝန်ဆောင်မှုပေးနေသော Yangon Payment Service Company Limited ရပ်နားခဲ့မှုကြောင့်လည်းကောင်း YBS ခရီးသည် တင်ယာဉ်များတွင် ငွေပေးချေကတ် YPS စနစ်အသုံးပြုမှုမှာလည်း အရှိန်အဟုန်ပြတ်သွားခဲ့ရသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုအရ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) က ဦးဆောင်ပြီး မြို့တွင်းခရီးစဉ်ပြေးဆွဲပေးနေသည့် YBS ခရီးသည်တင်ယာဉ်လိုင်း ကုမ္ပဏီငါးခုဖြစ်သည့် YUPT၊ YBPC ၊ GYCT ၊ ဗန္ဓုလ သယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်၊ လူထုမိတ်ဆွေအများပိုင်ကုမ္ပဏီလီမိတက် စသည့်ကုမ္ပဏီငါးခုရှိ YBS ခရီးသည်တင်ယာဉ် ၁၉၄ စီးတွင် ဒုတိယအကြော့အနေဖြင့် ငွေပေးချေကတ် YPS စနစ်ကို တွင်ကျယ်စွာ ပြန်လည်တပ်ဆင် အသုံးပြုလျက်ရှိသော်လည်း ခရီးသွားပြည်သူများအနေဖြင့် ငွေပေးချေကတ် YPS စနစ် အသုံးပြုပြီး ရန်ကုန်မြို့တွင်း ခရီးသွားလာမှုမှာ မရှိသလောက်နည်းပါးကြောင်း YBS ခရီးသည်တင်ယာဉ်မောင်းတစ်ဦးထံမှ သိရသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) က ရန်ကုန်မြို့တွင်း ပြေးဆွဲပေးနေသော YBS ခရီးသည်တင်ယာဉ်လိုင်းများကို စည်းကမ်းထိန်းသိမ်း ခြင်းများဆောင်ရွက်၍ ထိရောက်သည့် စစ်ဆေးအရေးယူမှုများ ဆောင်ရွက်နေသော်လည်း တချို့သော YBS ခရီးသည်တင်ယာဉ်လိုင်းများမှာ ယာဉ်အကူ(စပယ်ယာ) တင်ဆောင်၍ သတ်မှတ်ယာဉ်စီးခနှုန်းထားထက် ပိုမိုကောက်ခံခြင်း၊ စည်းကမ်းမဲ့စွာ မောင်းနှင်ခြင်း၊ ခရီးစဉ်တစ်ဝက်သာ ပြေးဆွဲနေခြင်း၊ စီးနင်းလိုက်ပါလာသည့် ခရီးသည်များအပေါ် ယဉ်ကျေးပျူငှာစွာ ဆက်ဆံမှုမရှိခြင်းများကြောင့် ရန်ကုန်မြို့တွင်း ခရီးသွား ပြည်သူများအနေဖြင့် နေ့စဉ်အခက်အခဲများစွာ ကြုံတွေ့နေရကြောင်း ခရီးသွားပြည်သူများထံမှ သိရသည်။

နိုင်လင်းအောင်
(တာမွေ)

## ပူတာအိုခရိုင်၌ ရွှေ့ပြောင်းတောင်ယာစနစ်မှသီးနှံသစ်တောရောနှောစိုက်ခင်းစနစ် အကောင်အထည်ဖော်လျက်ရှိ

ပူတာအို ဖေဖော်ဝါရီ ၅

ကချင်ပြည်နယ် ပူတာအိုခရိုင်တွင် ဝမ်းစာအတွက်သာဖူလုံစေသည့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသည့်စနစ်မှ တောင်သူများအတွက် ဝင်ငွေရသီးနှံများတိုးချဲ့စိုက်ပျိုးနိုင်သည့် သီးနှံသစ်တောရောနှောစိုက်ပျိုးသည့်စနစ်ကို စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ပြီး ၂၀၂၁ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယခင်က စပါး၊ပဲ၊ ပြောင်းစသည့် နှစ်ချင်းသီးနှံများသာ တောင်ယာစိုက်ပျိုးမြေများတွင် စိုက်ပျိုးခဲ့ကြရာမှ သီးနှံသစ်တောရောနှောစိုက်ပျိုးသည့်စနစ်အရ စိုက်ပျိုးလက်စ နှစ်ချင်းသီးနှံများနှင့်အတူ ဒေသအတွင်း ကောင်းစွာ ပေါက်ရောက်ရှင်သန်ပြီး ဈေးကွက်ဝင်သီးနှံများဖြစ်သည့် ဂရိတ်ဖရုံ၊ ဘုရင်သီး၊ သွေးသီး၊ မနီအိုလာ၊ ဝါရှင်တန်စသည့် ရှောက်၊ သံပရာ၊ လိမ္မော်မျိုးရင်းဝင် နှစ်ရှည်အပင်များကို ရောနှောစိုက်ပျိုးသည့်စနစ်ဖြစ်သည်။



နှစ်ရှည်အပင်များနှင့်အတူ လိုက်လျောညီထွေရောနှောစိုက်ပျိုးနိုင်ရန် မိုးရာသီတွင်စပါး၊ပဲ၊ပြောင်းစသည့်ရာသီပေါ်သီးနှံအပင်များအပြင် ဆောင်းရာသီ သီးထပ်အဖြစ် ဒေသဆီဖူလုံရန် အထောက်အပံ့ပေးမည့် ဒေသတွင်းစိုက်ပျိုးလက်စ ဆီမုန်ညင်းကိုလည်း နှစ်ရှည်သီးနှံများနှင့်အတူ တွဲဖက်စိုက်ပျိုးလျက်ရှိသည်။

ရွှေ့ပြောင်းတောင်ယာစနစ်မှ တောင်သူများဝင်ငွေတိုးလာပြီး သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုစေမည့် သီးနှံရောနှောစိုက်ခင်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ပတ်သက်၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဌေးလွင်က "ရွှေ့ပြောင်းတောင်ယာစနစ်ကနေ သီးနှံသစ်တော ရောနှောစိုက်ပျိုးတဲ့စနစ်ကို ကျွန်တော်တို့ တဖြည်းဖြည်း ပြောင်းလဲစိုက်ပျိုးမယ်ဆိုရင် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကြောင့်ဖြစ်ပေါ်လာတဲ့ ကမ္ဘာကြီးပူနွေးလာတဲ့ပြဿနာတွေ တဖြည်းဖြည်းလျော့နည်းသွားပြီးတော့ ရာသီဥတုဖောက်ပြန်မှုတွေကိုလည်း ကြိုတင်ဟန့်တားကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ နောက်တောင်သူတွေအနေနဲ့လည်း နှစ်ချင်းသီးနှံတစ်ခုကိုပဲ အားထားပြီးတော့ စိုက်ပျိုးမယ်ဆိုရင် မိသားစုဝင်ငွေမလောက်မငနဲ့ ဝမ်းစာဖူလုံရုံလောက်ပဲရှိတဲ့အတွက် သီးနှံသစ်တော ရောနှောစိုက်ပျိုးတဲ့ Agroforesty စနစ်ကို ပြောင်းလဲစိုက်ပျိုးမယ်ဆိုရင် တောင်သူတွေရဲ့ ဝင်ငွေတွေလည်း တိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီစနစ်ကို ဝိုင်းဝန်းအကောင်အထည်ဖော်သွားကြဖို့ အကြံပြုတိုက်တွန်းလိုပါတယ်"ဟု ပြောသည်။

"မြစ်ကြီးနား-ပူတာအို နေ့ချင်းပေါက်ကားလမ်းကောင်းမွန်လာတာက ပူတာအိုဒေသတွင်းက ကုန်စည်တွေ ဈေးကွက်ရောက်နိုင်တဲ့ အခွင့်အလမ်းကို ပိုမိုရရှိစေပြီး တန်ဖိုးမြင့်တက်လာစေပါတယ်။ ဒါကြောင့် ဝမ်းစာဖူလုံဖို့အတွက် စပါး၊ပဲ၊ပြောင်းတွေကို စိုက်ပျိုးလာရာကနေ ဈေးကောင်းရလာတဲ့ ဂရိတ်ဖရုစတဲ့ သီးနှံတွေကို ရောနှောစိုက်ပျိုးလာဖို့ တောင်သူတွေက စိတ်ကူးရလာကြပြီး စိုက်ပျိုးရေးဦးစီးဌာနက သီးနှံသစ်တောရောနှောစိုက်ပျိုးနိုင်တဲ့ နည်းပညာတွေ အချိန်ကိုက်ပေးလာတဲ့အချိန်မှာ တောင်သူတွေက ဝမ်းပန်းတသာနဲ့ ပူးပေါင်းဆောင်ရွက်လာကြပါတယ်"ဟုလည်း ပြည်နယ်ဦးစီးမှူးက ဆက်ပြောသည်။

ဖုန်ကန်(ပူတာအို)

## ကျုံပျော်မြို့၌ စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ဖိတ်ခေါ်ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ကြက်တောင်ရိုက်ပြိုင်ပွဲကျင်းပ

ကျုံပျော် ဖေဖော်ဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက ဦးဆောင်ကာ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဖိတ်ခေါ်ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ကြက်တောင်ရိုက်ပြိုင်ပွဲဖွင့်ပွဲကို မြို့နယ် မိုးလုံလေလုံ အားကစားခန်းမအတွင်း၌ ဖေဖော်ဝါရီ ၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဟိန်းကိုက မြန်မာ့အားကစားတိုးတက်မြင့်မားရေးနှင့် မြန်မာလူငယ်သွေးသစ်အားကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာရေးကို ရည်ရွယ်၍ ယခုဖိတ်ခေါ်ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မင်းထွန်းက ပြိုင်ပွဲတွင် လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါ ဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲသို့ ကျုံပျော်၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ဓနုဖြူစသည့်မြို့နယ်များမှ ဘောလုံးအသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပင်လုံရပ်ကွက်ရှိ ရဲရင့်ဖူဆယ်ကွင်းတွင် ဖေဖော်ဝါရီ ၄ ရက်မှ ၁၄ ရက်အထိ ပြိုင်ပွဲပြုလုပ်မည်ဖြစ်ကြောင်း၊ ကြက်တောင်ရိုက်ပြိုင်ပွဲကို မြို့နယ်အားကစားရုံအတွင်း၌ ကျင်းပမည်ဖြစ်ပြီး တစ်ဦးချင်းပြိုင်ပွဲအဖြစ် ပြိုင်ပွဲဝင် ငါးဦး ဝင်ရောက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဒေါ်နှင်းနှင်းအေးထံမှ သိရသည်။

လပြည့်ဦး(ပြန်/ဆက်)

# တို့အနာဂတ် ကောင်းမွန်ဖို့ မွေးမြူထုတ်လုပ်ကြပါစို့

မောင်မောင်




ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်မှ ဦးခင်မောင်ငယ်၏ ပထမဆုရ အသားတိုးနွား(အထီး)။

အသွေးအရောင်သပ်ရပ်တောက်ပြောင်ကာ ခန္ဓာကိုယ်လေးထောင့်ကျပြီး ကျန်းမာသည့်ကြန်အင်လက္ခဏာများကို ပိုင်ဆိုင်ထားသည်။ ကျောပြင်ကြွက်သားကျယ်ပြန့်ပြည့်ဖြိုးသလို လည်ပင်းကြွက်သားများကကြီးမားတုတ်ခိုင်သည်။ လက်ကြွက်သား၊ တင်ပါးကြွက်သားစသည့်ကြွက်သားဖွဲ့စည်းပုံများကလည်း ကြံ့ခိုင်သန်စွမ်းကာ အသက်အရွယ်အလိုက်ရှိရမည့် ခန္ဓာကိုယ်အချိုးအစားဖွံ့ဖြိုးမှုများနှင့် ပြည့်စုံနေသည့် သူ့အား ပထမဆု ချီးမြှင့်ခဲ့သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဇန်နဝါရီ ၂၈ မှ ၃၀ ရက်အထိ ကျင်းပခဲ့သည့် မြန်မာနွား၊ သိုး၊ ဆိတ်အလှနှင့် ဒေသထုတ်တန်ဖိုးမြှင့်တိရစ္ဆာန်ထွက်ပစ္စည်းနှင့် တိရစ္ဆာန်အစာပင်ပြပွဲပြိုင်ပွဲတွင် အသားတိုး(နွားအထီး)ပထမဆုကို ထိုသို့ရွေးချယ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်မှ ပထမဆုရရှိခဲ့ခြင်းဖြစ်သည်။

**လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်**

မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲကို ထုတ်လုပ်မှုကောင်းမွန်သော အသားစားနွား၊ နို့စားနွားနှင့် သိုး၊ ဆိတ်မျိုးများကို ဖော်ထုတ်၍ မျိုးထိန်းမျိုးပွား




ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်မှ ဦးသိန်းဦး၏ ပထမဆုရ ဆိတ်(အထီး)။

မျိုးမြှင့်လုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်စေရန်၊ အသားစား/နို့စားနွား၊ သိုးနှင့်ဆိတ်မွေးမြူခြင်းနှင့် တိရစ္ဆာန် အစာပင်စိုက်ပျိုးခြင်း ဖွံ့ဖြိုးတိုးတက်ထုတ်လုပ်လာစေခြင်းဖြင့် အသား၊ နို့နှင့်နို့ထွက်ပစ္စည်းများ စားသုံးမှုနှင့် ပြည်တွင်းထုတ်လုပ်မှုကို အားပေးရန်၊ မွေးမြူရေးသမားအချင်းချင်း အပြန်အလှန်ဆက်သွယ်မှု ကွန်ရက်ကျယ်ပြန့်လာစေခြင်းဖြင့် ပြည်တွင်းပြည်ပ ဈေးကွက်ယှဉ်ပြိုင်မှု အားကောင်းလာစေရန်နှင့် မွေးမြူသူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

ပြပွဲ၊ ပြိုင်ပွဲသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တောင်သူများ၏ မွေးမြူရေးတိရစ္ဆာန်များဖြစ်သည့် နွားနောက်၊ နို့စားကျွဲ၊ ဒေသနွား၊ နို့စားနွားမကြီး၊ နို့စားနွားမတမ်း၊ အသားစားနွား၊ ဒေသသိုး၊ ဒေသဆိတ်၊ နိုင်ငံခြားမျိုး အသားတိုးဆိတ်၊ နိုင်ငံခြားမျိုး သိုးစသည်ဖြင့် ပြိုင်ပွဲဝင် မွေးမြူရေးတိရစ္ဆာန်ကောင်ရေ ၁၆၄ ကောင် ယှဉ်ပြိုင်ခဲ့ပြီး တိရစ္ဆာန်ပြပွဲတွင် ၄၉ ကောင် ပါဝင်ပြသခဲ့သည်။

အသားတိုး(နွားမ)ပြိုင်ပွဲကို မျိုးရိုးအလိုက် ဇီဇရာခိုင်နှုန်းများပြည့်စုံခြင်း၊ အမွေးအရောင်တောက်ပြောင်မှုရှိခြင်း၊ ခန္ဓာကိုယ်အချိုးအစားကျနပြီး နောက်ခြေကျညီပြီး နွားလေးဖက်ညီနေခြင်းစသည့်အသားတိုး(နွားမ)၏ သွင်ပြင်လက္ခဏာများကို အခြေခံကာ ဆုများကို ရွေးချယ်ခဲ့သည်။

**အမှတ်ပေး စည်းမျဉ်းစည်းကမ်းများဖြင့် ရွေးချယ်**

နို့စားနွားများကို မျိုးရိုးသွင်ပြင်လက္ခဏာနှင့် ပြည့်စုံခြင်း၊ ခြေလက်အနေအထားကောင်းမွန်ခြင်း၊ ခန္ဓာကိုယ်တည်ဆောက်မှုကောင်းမွန်ခြင်း၊ နို့အုံအနေအထား၊ နို့ထွက်မှုနှင့် နို့အရည်အသွေးကောင်းမွန်မှု၊ နောက်ပါနွားကလေး၏ အရည်အသွေးကောင်းမွန်ခြင်းစသည့် အမှတ်ပေးစည်းမျဉ်းစည်းကမ်းများဖြင့် ရွေးချယ်ခဲ့သည်။

ထို့အတူ မြန်မာနွားသိုးအလှပြိုင်ပွဲကို မြန်မာခိုင်းနွားမျိုးရင်း နွားပြာစိမ်းမျိုးဖြစ်ခြင်း၊ ခန္ဓာကိုယ်အမြင့်နှင့် လိုက်လျောညီထွေသော အလုံးအထည်အလျားရှိကာ ပြေပြစ်ကြည့်ကောင်းခြင်း၊ ဦးချိုကငယ်ချိုဖြစ်ကာပြူပြင်မထားခြင်း၊ ဘို့အနေအထားမှန်ကန်ထောင်မတ်နေခြင်း၊ သွားပေါက်လေးချောင်းသာရှိသေးခြင်း၊ အရေပြားရောဂါမရှိ သန့်ရှင်းသပ်ရပ်စိုပြည်ခြင်း စသည့်အချက်များအပါအဝင် နွားသိုးတစ်ကောင်တွင် ရှိသင့်ရှိထိုက်သည့် ကြန်အင်လက္ခဏာများကိုအခြေခံကာ ဆုများကို ဆုံးဖြတ်ရွေးချယ်ခဲ့သည်။

ထို့ပြင် ဆိတ်ထီး၊ ဆိတ်မများ၊ သိုးထီးနှင့် သိုးမများကို မျိုးရင်းစစ်ဖြစ်ခြင်း၊ ဦးချို၊ မျက်နှာ၊ အမွေးအရောင်၊ ခန္ဓာစသည့် မျိုးရင်းစစ်၏သွင်ပြင်လက္ခဏာပီပြင်ခြင်း၊ အရေပြားအမွေးအရောင်သန့်ရှင်းမှုအပါအဝင်ကျန်းမာရေးကောင်းမွန်ခြင်း၊ မျိုးပွားမှုဆိုင်ရာ အရည်အသွေးကောင်းမွန်ခြင်း၊ အသက်အရွယ်အလိုက် ခန္ဓာကိုယ်ကြီးထွားမှု ကောင်းမွန်ခြင်းစသည့် အချက်များပါဝင်ကာ ပြိုင်ပွဲတစ်ခုချင်းအလိုက် အမှတ်ပေးစည်းမျဉ်းများဖြင့် ရွေးချယ်ခဲ့ကြသည်။

ဆုများအဖြစ် နွားသိုးခိုင်းနွား ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆု၊ နို့စားနွားမကြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆု၊ နွားမတမ်း ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆု၊ အသားတိုးနွားအထီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆု၊ အသားတိုးနွားအမ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆု၊ သိုးအထီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆု၊ သိုးအမ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆု၊ ဆိတ်အထီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆု၊ ဆိတ်အမ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆုတို့အပါအဝင် နို့စားကျွဲ (အထီး၊ အမ)၊ နွားနောက်နှင့် ဆိတ်(ကဆီ)တို့ကို အထူးဆုများ ချီးမြှင့်ခဲ့သည်။

**ကုမ္ပဏီ ၃၀ ကျော် ပြခန်းပေါင်း ၁၄၅ ခန်း**

ထိုသို့ပြိုင်ပွဲများအပြင် ခိုင်းနွား၊ နို့စားနွား၊ အသားစားနွား၊ ကျွဲ၊ နွားနောက်၊ သိုး၊ ဆိတ်နှင့် ၎င်းတို့၏ထွက်ကုန်များကို ပြုပြင်ထုတ်လုပ်ထားသော ပစ္စည်းများ (အသားခြောက်၊ စည်သွတ်အသား၊ အသင့်စားရန် ပြုပြင်ထုတ်လုပ်ထားသော အသားများ၊ နို့နှင့် နို့ထွက်ပစ္စည်းများ)စသည့် မွေးမြူရေးထုတ်ကုန်ပစ္စည်းပြခန်းများနှင့် တိရစ္ဆာန်သုံးဆေးဝါးပြခန်းများ၊ မွေးမြူရေးအစာဆိုင်ရာ စက်မှုပြခန်း၊ တိရစ္ဆာန်ရောဂါ ကာကွယ်ရေးပညာပေးပြခန်း၊ မွေးမြူရေးအသိပညာပေးပြခန်း၊ မွေးမြူရေးသုံးဆေးဝါးနှင့် လုပ်ငန်းသုံးပစ္စည်းကိရိယာပြခန်း၊ မွေးမြူရေးအစာဆိုင်ရာပြခန်း၊ တိရစ္ဆာန်ရောဂါစောင့်ကြည့်စစ်ဆေးရေးစခန်း (AQS) ပြခန်းများကို မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ညီနောင်အသင်း ၁၂ သင်းနှင့် မွေးမြူရေးကဏ္ဍနှင့် ဆက်စပ်သည့်ကုမ္ပဏီ ၃၀ ကျော်တို့မှ ပြခန်းပေါင်း ၁၄၅ ခန်း ပါဝင်ပြသခဲ့သည်။

ပြပွဲ၏ ရည်ရွယ်ချက်ကောင်းများကြောင့် အကျိုးကျေးဇူးကောင်းများစွာ ရရှိမည်ဖြစ်ကြောင်းကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းက ယခုကဲ့သို့ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်းဖြင့် ဒေသနှင့်ကိုက်ညီပြီး ထုတ်လုပ်မှုကောင်းမွန်သော ဒေသနွား၊ သိုးနှင့်ဆိတ်မျိုးများကို ဖော်ထုတ်နိုင်ခြင်း၊ ယင်းတို့၏ ထွက်ရှိရာအရပ်ဒေသများကို ဖော်ထုတ်နိုင်ပြီး မျိုးကောင်းမျိုးသန့်များ၏ မူရင်းဇာစ်မြစ်များကို သိရှိလာနိုင်ခြင်း၊ ဒေသထုတ်တန်ဖိုးမြှင့်တိရစ္ဆာန်ထွက်ပစ္စည်းနှင့် တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်း နည်းစနစ်များကို မွေးမြူရေးသမားအချင်းချင်း အပြန်အလှန်ဆက်သွယ်မှု ကွန်ရက်ကျယ်ပြန့်လာစေခြင်းကြောင့် မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များကို ပိုမိုမွေးမြူလာနိုင်ကာ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ ပြည်တွင်းထုတ်လုပ်စားသုံးမှု ဖူလုံစေခြင်းနှင့် ပိုလျှံသည်များကို ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိကာ မွေးမြူသူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးအထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။

*စာမျက်နှာ ၂၆ သို့*

❖ **မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍတွင် ယခင်က တိရစ္ဆာန်များကို စားကျက်တွင် လွှတ်ကျောင်းကျွေးမွေးသည့် မိရိုးဖလာဓလေ့မှ တိရစ္ဆာန်စားပင်များ စိုက်ပျိုးကျွေးမွေးသည့် အလေ့အထကောင်းများ၊ မွေးမြူထုတ်လုပ်မှုဆိုင်ရာ အတွေ့အကြုံများ၊ အသိအမြင်ဗဟုသုတများစွာကို မျှဝေပေးနိုင်ခဲ့သည့်အတွက် မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲသည် မွေးမြူရေးကဏ္ဍကို ပြုပြင်ပြောင်းလဲနိုင်ရန် သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်ပေးနိုင်**

# ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အနောက်ခင်မကန်တိုက်၊ မိုးတားကျောင်းနှင့် ပြင်ဦးလွင်မြို့၊ အောင်ချမ်းသာတောရ မဟာသူရိယာရာမကျောင်းတိုက်ကြီးများ၏ ဦးစီးပဓာန နာယက၊ မန္တလေးမြို့၊ ချမ်းသာကြီးဆန်လှူအသင်းကြီး၏ ဩဝါဒါစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ) မဟာထေရ်မြတ်ကြီးသည် သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါအရ ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက် (၅-၂-၂၀၂၂)၊ စနေနေ့၊ နံနက် ၆:၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၅ မှ*

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသတွင် နေထိုင်သူများဖြစ်ပြီး ဘိုးဘွားအစဉ်အဆက်ကပင် စိုက်ပျိုးရေးနှင့် အတူ မွေးမြူရေးကို တွဲဖက်လုပ်ကိုင်ခဲ့ကြသည်။ မိသားစုစားသုံးရန် တစ်ပိုင်တစ်နိုင် သမားရိုးကျ မွေးမြူထုတ်လုပ်ကာ ပိုလျှံသည်များကိုသာ ရောင်းချသည့်စနစ်မှ ခေတ်စနစ်များအဆင့်ဆင့် တိုးတက်ပြောင်းလဲလာမှုနှင့် အတူ နွား၊ သိုးနှင့် ဆိတ်မွေးမြူရေးလုပ်ငန်းသည် အသားနှင့်နို့ နှစ်မျိုးစလုံးအတွက် ရည်ရွယ်မွေးမြူနိုင်သော စီးပွားဖြစ် လုပ်ငန်းတစ်ခု ဖြစ်လာသည်။

**မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိ**

လယ်ယာသားငါးကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သလို ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝကိုလည်း ကိုယ်စားပြုလျက်ရှိသည်။ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ၏ ၂၂ ရာခိုင်နှုန်းကို လယ်ယာသားငါးကဏ္ဍမှ ဖြည့်ဆည်းပေးလျက်ရှိရာ အဆိုပါကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်ရေးသည် နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေသည့် ဦးတည်ချက် (၉) ရပ်တွင် စီးပွားရေးရည်မှန်းချက်အဖြစ် ပါဝင်လျက်ရှိသည်။

**အရည်အသွေးကောင်းမွန်သော အသားနှင့်နို့များ ပံ့ပိုးပေးနိုင်ရန်**

ထို့ကြောင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို တိုးပွားလာခဲ့သော လူဦးရေအတွက် အာဟာရပြည့်ဝပြီး အရည်အသွေးကောင်းမွန်သော အသားနှင့်နို့များ ပံ့ပိုးပေးနိုင်ရန်၊ နိုင်ငံတော်၏ အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနှင့် ဝန်ဆောင်မှုအရ မွေးမြူထုတ်လုပ်မှုတိုးတက်မြင့်မားရေးစေရန်၊ တိရစ္ဆာန်ကျန်းမာရေး၊ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် မွေးမြူထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများကို စီမံခန့်ခွဲဆောင်ရွက်ရန် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနသည် အစိုးရဌာနများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကျွဲ၊ နွား၊ သိုး၊ ဆိတ်အရေအတွက် ပေါများစွာရှိပြီး ပြည်တွင်းစားသုံးမှုဖူလုံ၍ ပြည်ပတင်ပို့နိုင်သည့် နိုင်ငံခြားဈေးကွက်ရှိခြင်းကြောင့် မွေးမြူရေးကဏ္ဍသည် နိုင်ငံခြားဝင်ငွေရရှိနိုင်သလို ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်နိုင်သော ကဏ္ဍတစ်ခုဖြစ်သည်။

တစ်ဖက်တွင်လည်း မွေးမြူသူအများစုသည် တစ်ပိုင်တစ်နိုင် မွေးမြူရေးနည်းစနစ်ကို ကျင့်သုံးနေဆဲဖြစ်သည့်အတွက် တိရစ္ဆာန်တစ်မျိုးချင်း ထုတ်လုပ်မှုမြင့်မားလာစေရန် မွေးမြူရေးနှင့် ကာကွယ်ကုသရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ရန် လိုအပ်နေဆဲဖြစ်သည်။

ထို့ပြင် အသားစားနွား၊ ခိုင်းနွား၊ နို့စားနွား၊ နွားနောက်နှင့် သိုး၊ ဆိတ်စသည်ဖြင့် အမျိုးအစားအမျိုးမျိုးရှိရာ အစာအာဟာရဆိုင်ရာ သွင်းအားစုများဖြစ်သည့် မြက်မျိုးနှင့် စားကျက်များသည်လည်း မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါလျက်ရှိသည်။

စားကျက်ဖြင့် လွှတ်ကျောင်းခြင်းစနစ်မှ တိရစ္ဆာန်အစာပင်များ စိုက်ပျိုးပြီး ရိတ်သိမ်းကျွေးမွေးသည့် ခြံလှောင်မွေးမြူရေးစနစ်သို့ ပြောင်းလဲခြင်းကို အောင်မြင်အောင်ဆောင်ရွက်ရန် လိုအပ်သလို အစုအဖွဲ့ဖြင့် မွေးမြူသည့်အလေ့အကျင့်များ၊ သမဝါယမစနစ်များ ထူထောင်ပေးခြင်း၊ ကူးစက်ရောဂါများကို စနစ်တကျကာကွယ်ထိန်းချုပ်ခြင်း၊ မွေးမြူမှုအားလုံးကို စီးပွားဖြစ် မွေးမြူရေးဖြစ်အောင် ပံ့ပိုးဆောင်ရွက်ကြရန် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားထားသည်။

**မွေးမြူရေးကဏ္ဍကို ပြုပြင်ပြောင်းလဲနိုင်ရန်**

သို့မို့ကြောင့် မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍတွင် ယခင်က တိရစ္ဆာန်များကို စားကျက်တွင် လွှတ်ကျောင်းကျွေးမွေးသည့် မိရိုးဖလာဓလေ့မှ တိရစ္ဆာန်စားပင်များ စိုက်ပျိုးကျွေးမွေးသည့် အလေ့အထကောင်းများ၊ မွေးမြူထုတ်လုပ်မှုဆိုင်ရာ အတွေ့အကြုံများ၊ အသိအမြင် ဗဟုသုတများစွာကို မျှဝေပေးနိုင်ခဲ့သည့်အတွက် မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲသည် မွေးမြူရေးကဏ္ဍကို ပြုပြင်ပြောင်းလဲနိုင်ရန် သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထို့အတူ မွေးမြူသူတောင်သူများအနေဖြင့် သမားရိုးကျမွေးမြူထုတ်လုပ်မှုမှသည် စီးပွားဖြစ် မွေးမြူထုတ်လုပ်နိုင်ရန် မျိုးကောင်းမျိုးသန့်များ၊ နည်းပညာအသစ်များ၊ အခွင့်အလမ်းများကို လေ့လာခွင့်ရခဲ့သည့်အတွက် ပိုမိုမွေးမြူထုတ်လုပ်နိုင်ခြင်းဖြင့် မဝေးတော့သည့် အနာဂတ်တွင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ထိုမှတစ်ဆင့် နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်အားဖြည့်ပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။




နေပြည်တော် ဒက္ခိဏသီရိခရိုင် ဇမ္ဗူသီရိမြို့နယ် ဦးဘုန်းကျော်၏ ပထမဆုရ သိုး(အထီး)။

## နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အနောက်ခင်မကန်တိုက်၊ မိုးတားကျောင်းနှင့် ပြင်ဦးလွင်မြို့၊ အောင်ချမ်းသာတောရ မဟာသူရိယာရာမကျောင်းတိုက်ကြီးများ၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ) ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

မန္တလေးတိုင်း ဒေသကြီး၊ မတ္တရာမြို့နယ်၊ နန်းတော်ကျွန်းရွာတွင် ခမည်းတော် ဦးငွေး၊ မယ်တော် ဒေါ်သောင်းတို့မှ ၁၂၉၈ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၁၀ ပြည့်နှစ်တွင် မတ္တရာမြို့နယ်၊ ပျော်ဘွယ်ရွာ၊ တာရိုးကျောင်းဆရာတော် ဘဒ္ဒန္တနာယကကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၈-ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်နေ့တွင် အနောက်ခင်မကန်တိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒိယထေရ်ကို ဥပဇ္ဈာယ်ပြု၍ ချမ်းအေးသာစံမြို့နယ်၊ အနောက်ပြင်ဒီဘိုးလမ်း၊ ဦးထွန်းလှ၊ ဒေါ်အေးကြည် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ အနောက်ခင်မကန်တိုက် ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်သည် မတ္တရာမြို့နယ်၊ ပျော်ဘွယ်ရွာ၊ တာရိုးကျောင်းဆရာတော် ဘဒ္ဒန္တနာယက၊ မန္တလေးမြို့၊ အနောက်ခင်မကန်တိုက်၊ မိုးတားကျောင်းဆရာတော် ဘဒ္ဒန္တပညာဘိဝံသ၊ တောင်သမန်တိုက် မဟာမြိုင်ကျောင်းဆရာတော် ဘဒ္ဒန္တကေသဝါဘိဝံသ၊ စံကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိမာဘိဝံသ၊ မိုးကောင်းဒေးဝန်းဆရာတော် ဘဒ္ဒန္တ ဇောတိကာဘိဝံသ၊ စကုအလယ်တိုက်ကြီးဆရာတော် ဘဒ္ဒန္တနန္ဒာစရိယာ ဘိဝံသစသော ဆရာတော်များထံ၌ ပရိယတ္တိစာပေများ သင်ယူဆည်းပူးတော်မူခဲ့ပြီး သကျသီဟဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ အစိုးရဓမ္မာစရိယဘွဲ့များနှင့်၊ ဒီဃနိကာယ ပါဠိပါရဂူဘွဲ့တို့ကို အောင်မြင်ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် အစိုးရဓမ္မာစရိယစာမေးပွဲများတွင် ကြီးကြပ်ရေးအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး ပထမပြန် ဗဟိုအဖွဲ့ခွဲအဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ခြင်း၊ သာသနိကအဆောက်အအုံများ တည်ဆောက်ပြုပြင်မွမ်းမံခဲ့ခြင်း၊ ပထမအကြိမ်မှ စတုတ္ထအကြိမ်အထိ တိုင်းဒေသကြီး သံဃာ့ဝန်ဆောင်အဖြစ် လည်းကောင်း၊ ပဉ္စမအကြိမ်မှ ဆဋ္ဌအကြိမ်အထိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် လည်းကောင်း၊ မန္တလေးမြို့၊ ချမ်းသာကြီး ဆန်လှူအသင်းကြီး၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ ၁၃၇၅-ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယအဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးရရှိတော်မူခြင်း ဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ ပရိယတ္တိဝိသာရဒဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၉၉၁ ခုနှစ်တွင် "မဟာဓမ္မကထိကဗဟုဇနဟိတဓရ"ဘွဲ့နှင့် ၂၀၀၃ ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံ ပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၇) နှစ်၊ သိက္ခာတော်(၆၇) ဝါအရ ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ (၅-၂-၂၀၂၂)၊ စနေနေ့၊ နံနက် ၆:၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**




## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ စားသောက်ကုန်၊ စိုက်ပျိုးရေးသုံးပစ္စည်းများနှင့် မော်တော်ယာဉ်အပိုပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ လေဆိပ်ကုန်လှောင်ရုံ အကောက်ခွန်အဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ IDတွင် ကြေညာထားခြင်းမရှိသော လူသုံးကုန်၊ စားသောက်ကုန်၊စိုက်ပျိုးရေးသုံးပစ္စည်းများနှင့် မော်တော်ယာဉ် အပိုပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၇၀၉၀၀ ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေး အဖွဲ့များဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားမဝင် သစ်ခွဲသားမျိုးစုံ ၁၁ ဒသမ ၁၇၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၂၄၃၂ ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖေဖော်ဝါရီ ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေး အဖွဲ့များဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူး၊ တောင်ငူနှင့် သာယာဝတီခရိုင်များ အတွင်း တရားမဝင်သစ်မျိုးစုံ ၁၁ ဒသမ ၄၅၇၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၁၀၀၀ ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



သို့ပါ၍ ဖေဖော်ဝါရီ ၄ ရက် နှင့် ၅ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၁၄၃၃၂ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ပြည်မြို့၊ လေးဆူဓာတ်ပျော်ရွှေဆံတော် စေတီတော်မြတ်ကြီး အရုဏ်ဆွမ်းမီးပူဇော်ပွဲနှင့် ထမနဲထိုး ပြိုင်ပွဲစည်ကားစွာ ကျင်းပမည်



ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော် မြတ်ကြီးတွင်သာ နှစ်စဉ်မပျက်ကျင်းပမြဲဖြစ်သော ညံရိုးမီးပူဇော်ပွဲနှင့် ထမနဲထိုး ပြိုင်ပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၅ ရက်(တပို့တွဲလပြည့်နေ့)နံနက်ပိုင်း အရုဏ်တက်တွင် ရွှေဆံတော်ရင်ပြင်တော် မြတ်စွယ်တော်တိုက်၌ (၉၈) ကြိမ်မြောက် ကျင်းပမည်ဖြစ်ပြီး တောင်ဘက်စောင်းတန်းထိပ်ရတနာပုံ ထီးဘုရားအနီးတွင် နံနက် ၅နာရီမှစ၍ အများပြည်သူအပေါင်းတို့က ညံရိုးကိုယ်စီကိုင်ဆောင်ကာ မီးပူဇော်ကြမည်ဖြစ်သည်။ နံနက် ၆:၃၀နာရီတွင် ရင်ပြင်တော် မြတ်စွယ်တော်တိုက်၌ ရွှေဆံတော် ဂေါပကအဖွဲ့၏ ဩဝါဒါ စရိယဆရာတော် (၉)ပါးတို့အား ပင့်ဆောင်၍ အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ ဆရာတော်သံဃာတော် တို့ ထံမှ (၉)ပါးသီလ ခံယူဆောက်တည်ခြင်းနှင့် ရေစက်သွန်းချခြင်း ကျင်းပမည်ဖြစ်ပါသည်။

ဖေဖော်ဝါရီ ၁၄ ရက်(တပို့တွဲလဆန်း ၁၄ ရက်)နံနက် ၇နာရီတွင် မဟာဗောဓိ ရင်ပြင်တော်ပေါ်၌ အကြိမ်(၂၀)မြောက် ထမနဲထိုးပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ ရွှေဆံတော် ဝေယျာဝစ္စအဖွဲ့(၆)ဖွဲ့နှင့် ဝန်ထမ်းအဖွဲ့ တစ်ဖွဲ့တို့က ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပါသည်။

ဘုရားဖူးလာသည့် ပရိသတ် အပေါင်းတို့အား ရင်ပြင်တော် မင်္ဂလာမဏ္ဍပ်တွင် ဖေဖော်ဝါရီ ၁၅ ရက် (တပို့တွဲလပြည့်နေ့) နံနက် ၅:၃၀နာရီ၌ စတုဒိသာထမနဲများဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းမည် ဖြစ်ပါသည်။

ညံရိုးမီးပူဇော်ပွဲသည် ပြည်မြို့၊ လေးဆူဓာတ်ပျော်ရွှေဆံတော် စေတီတော်မြတ်ကြီး၌သာ ကျင်းပခဲ့ရာ (၉၈)ကြိမ်မြောက် ရှိပြီဖြစ်၍ ရပ်ဝေးရပ်နီးနေ အများ ပြည်သူတို့သည် ကြုံတောင့်ကြုံခဲ ညံရိုးမီးပူဇော်ပွဲကြီးဖြစ်၍ လာရောက်ဖူးမြော်ကြည် ညိုနိုင်ရန် နှိုးဆော်ဖော်ပြလိုက်ပါသည်။

**ဂေါပကအဖွဲ့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/23282, Honda Click 150 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မို့မို့ကြည် ၁၄/ပသရ(နိုင်)၁၁၂၈၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ ဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### ဟိုတယ်ရောင်းမည်

ပုဂံ-ညောင်ဦးမြို့၊ ပေ(80x160)၊ အခန်း(၂၁)ခန်းပါ Dinning Hall ပါ၊ ဟိုတယ်လိုင်စင်ပါရောင်းမည်။

**ဖုန်း-၀၉-၅၀၀၆၅၅၄၊ ၀၉-၇၇၈၀၀၆၅၅၄**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့၊ အထက G-3 (တတိယတန်း စနစ်သစ်)မှ မောင်မြတ်သုတ နှင့် G-7 (သတ္တမတန်း စနစ်သစ်) မှ မအိသော်တာ အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးနေအောင် ၉/တကန(နိုင်)၁၇၅၅၁၀ ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ အကွက်အမှတ်(၉D)၊ ဆံတော် အနောက်ကွက်၊ဦးပိုင်အမှတ် (၃၅)မှ မြေဧရိယာ ၀ဒသမ ၀၃၈ ဧကရှိ မြေကွက်သည် မူလတွင် ဦးလှအမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ရရှိထားရာမှ ဦးလှသည် အဆိုပါမြေကွက်ကို သမီးဖြစ်သူ ဒေါ်ဝင်းဝင်းအေးအား ၂၇-၉-၂၀၁၈ရက်တွင် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် (၇၄/၂၀၁၈)ဖြင့် စာချုပ်ချုပ်ဆို၍ မေတ္တာ ဖြင့် အပြီးအပိုင် လွှဲပြောင်းပေးကမ်းပြီးဖြစ်သောကြောင့် မြေကွက်လက်ခံရရှိသူ ဒေါ်ဝင်းဝင်းအေး အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက် အတွင်း အထောက် အထား ပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်ခွင့် ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြည်မြို့**

### ဥပဒေဘောင် အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

### ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ပြည်သာယာရပ်ကွက်၊ အကွက်အမှတ်(၁၄)၊ အောင်ဆန်းတိုးချဲ့(၃)၊ ဦးပိုင်အမှတ် (၁၆၀ က၊ ၁၆၀ ခ)မှ မြေဧရိယာစုစုပေါင်း ၀ဒသမ ၁၁၀ ဧကရှိမြေသည် မူလတွင် ဦးစံလင်း အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ရရှိထားပြီး မြေကွက်အမည်ပေါက်သူ ဦးစံလင်းသည် ကွယ်လွန်သွားသဖြင့် ၎င်း၏ဇနီး ဖြစ်သူ ဒေါ်မနီချေမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟ စာချုပ်ချုပ်ဆိုပြီး အဆိုပါမြေကွက်အားရောင်းချ ရန်အတွက် ဒေါ်ခင်စန်းမော်ကို ကိုယ်စားလှယ်လွှဲအပ်ခဲ့ရာ ဒေါ်ခင်စန်းမော်မှ ၁၆-၁၂-၂၀၂၁ ရက်တွင် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် (၀၀၄/၂၀၂၂)ဖြင့် မှတ်ပုံတင်၍ ဒေါ်ဇင်ဇင်မော်အား လွှဲပြောင်းရောင်းချပြီးဖြစ်ပါသောကြောင့် ဝယ်ယူသူအမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းရရှိရေး လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများ ရှိပါက သတင်းစာတွင် ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက် အထား ပြည့်စုံစွာဖြင့် ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ ဘောဂလိမြို့နယ်ခွဲ၊ သပြေညွန့်ကျေးရွာနေ ဦးအောင်ထွေး -ဒေါ်သင်းသင်းစိန်တို့၏ သား ကိုငြိမ်းချမ်းဝေ ၃/ဘဂလ(နိုင်)၀၀၁၃၉၂ သည် မိဘ၏ ဆိုဆုံးမမှုကို နာခံခြင်း လုံးဝမရှိဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး နေအိမ်မှ မိမိ သဘောဆန္ဒအတိုင်း ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီး ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်- ဦးအောင်ထွေး ၃/သတန(နိုင်)၀၀၈၁၅၈**
**မိခင်- ဒေါ်သင်းသင်းစိန် ၃/သတန(နိုင်) ၀၃၁၄၅၅**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ (၂)လမ်း၊ အမှတ်-၄၃၊ (၂)ခန်းတွဲ၊ ၆ထပ်တိုက်၏ တိုက်-ဘီ၊ ပထမထပ်(ခြေရင်းခန်း)၊ ဧရိယာ (၁၃ပေ x ၅၀ပေ)၊ ရေမီးစုံ တိုက်ခန်းနှင့် ၎င်း၏ ဆက်နွယ် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဦးအောင်နိုင်ချို ၁၂/ဗဟန(နိုင်)၀၈၅၂၉၀ သည် အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လာပြီး ၎င်းထံမှ အပြီး အပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းသူ ၅/ဘတလ(နိုင်)၀၆၄၃၇၄ က စရန်ငွေ တစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုမည့် တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်များနှင့် ပတ်သက်ပြီး မည်သူမဆို အရောင်း အဝယ် ပြုခြင်းကို ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးဇေယျာအောင် | ဦးမျိုးမင်းသူ | ဦးမြတ်သန်းကျော် |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| စဉ်-၁၁၅၆၁(၂၉-၁၁-၂၀၁၆) | စဉ်-၄၇၇၇၇(၂၉-၇-၂၀၁၆) | စဉ်-၄၈၈၆၆(၁၁-၅-၂၀၁၇) |

**MYO WIN & ASSOCIATES LAW FIRM**

အမှတ် ၁၂၈/၁၃၀(ပထမထပ်)၊ ၃၅လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖုန်း-၀၉-၅၀၄၃၂၆၁၊ ၀၉-၂၆၀၁၆၇၆၈၀၊ ၀၉-၂၅၀၁၅၅၆၈၅

Email: Inquiry@myowinandassociates.com, inquiry@myowinlawfirm.com,

Website:www.myowinandassociates.com, www.myowinlawfirm.com,

## နောင်ချိုမြို့နယ်တွင် ငွေကျပ်သိန်း ၆၆၀၀ တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နောင်ချိုမြို့နယ်တွင် ငွေကျပ်သိန်း ၆၆၀၀ တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁ ရက် ည ၁၀ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် လားရှိုး- မန္တလေးသွားကားလမ်း အိုရီယမ်တယ်တိုးဂိတ်အနီးတွင် သီပေါမှ မန္တလေးဘက်သို့ စိုင်းမျိုးမင်းထွန်း(ခ) စိုင်းမောင်ခေး(၃၈နှစ်) မောင်းနှင်ပြီး စိုင်းနန္ဒာအောင်(ခ)နန္ဒ(၃၆နှစ်) လိုက်ပါလာသည့် Wish မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် သိန်း ၆၆၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၄၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ ဘိန်းဖြူများအား ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့နှစ်ဦးကို ဥပဒေအရ အရေးယူထားရှိပြီး



ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ရဲပြန်ကြား**

## မိုးညှင်းနှင့် ဘားအံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၁ နာရီခွဲတွင် မိုးညှင်းမြို့နယ် ဘီလူးမြို့ကျေးရွာအုပ်စု သာယာကုန်းကျေးရွာအနီးတွင် မမိနှောင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၂၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မိုးညှင်းမြို့နယ် ဘီလူးမြို့ကျေးရွာအုပ်စု သာယာကုန်းကျေးရွာ အိမ်အမှတ်(၆၄)ရှိ မမိနှောင်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၀ ကိုလည်းကောင်း၊ ထိုနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဘားအံမြို့နယ် အိန္ဒုကျေးရွာအနီး ဘားအံ-အိန္ဒုသွားကားလမ်းတွင် စောစားထူးဂါး မောင်းနှင်လာသည့် Honda Fit အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၁)ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)မှ ထုတ်လုပ်သည့် Light Naphtha များကို အောက်ဖော်ပြပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | စက်ရုံ | အမျိုးအမည် | ရေတွက်ပုံ | ပမာဏ | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|---|---|
| | | | | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| ၁ | မင်းဘူး | Light Naphtha | ဂါလန် | ၄၅၀၀၀ | ၈-၃-၂၀၂၂ | ၁၂:၀၀ | ၈-၃-၂၀၂၂ | ၁၄:၀၀ |

၂။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၁၉၄၊ ၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

